
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ခင်ဦးခင်ခင်
## (ဆေးတက္ကသိုလ်)



# ဝရိက်နှစ်မျိုး

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





လူတစ်ကိုယ် စရိုက်တစ်မျိုးဆိုသည့် ဆိုရိုးစကားရှိသည်။

လူတစ်ယောက်ရဲ့ စရိုက်သဘာဝဟာ ထိုလူရဲ့ဘဝခရီးမှာ ကြုံတွေ့ဖြစ်ပျက်သမျှ အရာအတော်များများရဲ့ ရေသောက်မြစ်ဖြစ်သည်။

တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် စရိုက်ဆိုတာ လူတစ်ယောက်ရဲ့ဘဝကို ရှေ့ဆောင်ရှေ့ရွက်ပြုသည်။ ဖန်တီးချုပ်ကိုင်သည်။ ဘဝရဲ့အလှည့်အပြောင်းတွေကို စီစဉ်ခြယ်သပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့ ဘဝယန္တရားကြီးကို သူ့အလိုကျ လည်ပတ်စေသော စနောင်းတံတစ်ခုလို့ပဲ ဆိုကြပါစို့။

အဲဒီလူသားတွေ အားလုံးထဲမှာ "ဗဒိုး"ဆိုတဲ့ လူသားကတော့ ထူးခြားသူတစ်ယောက် ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲ ဆိုတော့ သူဟာ လူတစ်ကိုယ်စရိုက်တစ်မျိုး မဟုတ်ပဲ စရိုက်နှစ်မျိုး ဖြစ်နေလို့ပါတဲ့။

ပြောရမယ် ဆိုရင်တော့ "ဗဒိုး"ဆိုတဲ့ လူသားတစ်ယောက်ရဲ့ ဘဝကို အလယ်ကနေ အကန့်တစ်ခု ခြားပြီး နှစ်ပိုင်းတိတိ ပိုင်းခြားထားတဲ့ သဘောပေါ့။

တစ်ပိုင်းနဲ့ တစ်ပိုင်းဟာ ဘယ်လိုမှ ဆက်စပ်မှုမရှိ။ ဒီလူတစ်ယောက်တည်းက ပါဝင်ပတ်သက်နေတာ ဖြစ်သော်လည်း ရှေ့တစ်ပိုင်းကဒီလူနဲ့ နောက်တစ်ပိုင်းကဒီလူဟာ အင်မတန်ဆန့်ကျင်ကွဲလွဲသော လူနှစ်ယောက်အဖြစ် သီးခြားစီ ဖြစ်တည်နေကြတာ။





ဒါကြောင့်ပဲ ဗဒိုးဟာ ကိုယ်လိုချင်ခိုက်မှာ ပုံစံတစ်မျိုး၊ ကိုယ်ကပေးရတော့မည်ဆိုတော့ ပုံစံတစ်မျိုးနဲ့ အမျိုးမျိုး အဖုံဖုံ ပြောင်းလဲတတ်သော လူသားတစ်ယောက်အဖြစ် ကဲ့ရဲ့ခံရတာ။

သို့သော် အဲဒီဆန့်ကျင်ခြားနားသော လူနှစ်ယောက်ကို ဆက်သွယ်ပေးထားသော သံနန်းကြိုးမျှင်လိုပဲ အလွန်သေးငယ်သလောက် အလွန်ခိုင်မာသည့် ကြိုးတစ်ချောင်း ရှိနေတာကိုတော့ ကာယကံရှင် ဗဒိုး အပါအဝင် ဘယ်သူမှ မသိနိုင်ကြချေ။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ ကျနေတဲ့ အမှိုက်တစ်စကို ကုန်းကောက်ရာက သူ့ဘဝမှာ အချစ်မြတ်နိုးရဆုံး မိန်းကလေးတစ်ယောက်ကို ဗဦးက ရှာဖွေတွေ့ရှိခဲ့ပါတယ်။

သြော် ... တစ်ခု ပြောစရာရှိပါသေးတယ်။ ဗဦးမှာ အမြင်မတော်စရာ ကိစ္စတစ်ခုခုတွေ့ရင် ဘယ်လိုမှ မနေနိုင်တတ်တဲ့အကျင့်တစ်ခုတော့ ရှိတယ်။ သူ့ရဲ့ထင်ရှားတဲ့ စရိုက်ပဲပေါ့။

ပြဿနာ (ဒါမှမဟုတ် အမှတ်ရစရာ အဖြစ်အပျက်) က ဒီလိုစတင်ပါတယ်။





နွေဦး ဆိုရင် လေရူးတွေက တသုန်သုန် တိုက်ခတ်တတ်တာ သဘာဝပါ။

နွေလေပြည်နွေးနဲ့အတူ ပင်ယံထက်က ရော်ရွက်ဝါတွေ တဖွဲဖွဲ တလွင့်လွင့် သက်ကြွေဆင်းသက်လာကြတဲ့ မြင်ကွင်းဟာ ဘယ်လောက်တောင်များ ကြည်နူးစရာ ကောင်းလိုက်လေသလဲ။

ဒါကြောင့်ပဲ "ယင်းသည့်နေဆိုင်၊ ရသေ့သူတော်တိုင်မှ မညာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်" ဆိုသည့် စာဆိုမျိုးတွေ ပေါ်ပေါက်လာတာ ဖြစ်မှာ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြည်နူးစရာ နွေအလှကို အပြည့်အဝ မခံစားနိုင်အောင် နှောင့်ယှက်နေသည့် အရာတွေက လမ်းမပေါ်မှာ ဟိုမှသည်မှ လူးလွန့်ရွေ့လျားနေကြသည်။

အဲဒါတွေက ဘာတွေလဲ ဆိုတော့ အမှိုက်တွေ။ စက္ကူစုတ်၊ အချဉ်ထုပ်၊ နေကြာစေ့ထုပ် အိတ်ခွံတွေ၊ ဖက်ရွက်၊ ပုလင်းကွဲ၊ အဝတ်စုတ် စတဲ့ လူသုံးပစ္စည်း အသေးအဖွဲတွေက နေ ထွက်လာတဲ့ မြောက်မြားလှစွာသော အမှိုက်သရိုက်တွေ။

အဲဒီအမှိုက်တွေဟာ လမ်းဘေး၊ မြောင်းကြား၊ သစ်ပင်ကွယ် စတဲ့နေရာတွေမှာ ဝစ်စလက်ခတ် ဖွန့်ပစ်ထားခြင်း ခံရရာကနေ လေလည်းဝှေ့လိုက်ရော လမ်းမလယ်ကောင်ရောက်။ မြို့လယ်ကောင် ခံ့ညားတဲ့ လမ်းမကြီးတွေဟာ ညစ်ထေးစုတ်ပြတ်တဲ့ အမှိုက်တွေနဲ့ ဖုံးလွှမ်း။ ဘယ်လောက်များ အမြင်မတင့်တယ်လိုက်သလဲလို့။

သပ်ရပ်သန့်ရှင်းမှုကို ခုံမင်လိုလားလှတဲ့ ဗဦး အတွက်ကတော့ ချောမွေ့ပြောင်လက်နေတဲ့ ကတ္တရာလမ်းနက်နက်ပေါ်မှာ အမှိုက်စုတ်တွေ ရှာန်ရသလို ရွေ့လျားနေကြတဲ့ မြင်ကွင်းဟာ မနှစ်မြို့စရာ အကောင်းဆုံး မြင်ကွင်းတစ်ခုပဲ ဖြစ်သည်။

ပေါ့ပေါ့ပါးပါး အမှိုက်တွေက အမြင့်ဆိုးစေတာ အသာထားဦး ပုလင်းကွဲတို့၊ သံချွန်ပါတဲ့ ပစ္စည်းအစရှိတဲ့ အမှိုက်မျိုးကျတော့ လမ်းသွားလမ်းလာတွေကို အန္တရာယ်ပါ ရှိစေလေသည်။

ဒါကြောင့် ဗဦးက လမ်းသွားရင်း အမြင်မတော်သည့် အမှိုက်၊ လူကိုအန္တရာယ်ဖြစ်စေသည့် အမှိုက်မျိုးဆိုရင် ကောက်သွားပြီး ကြုံရာအမှိုက်ပုံးထဲ ထည့်တတ်တာ။ နီးစပ်ရာ ပတ်ဝန်းကျင်မှာ အမှိုက်ပုံးမရှိဘူးဆိုလျှင်တော့ ဗဦးက ကြွပ်ကြွပ်အိတ်ထဲထည့်ကာ အမှိုက်ပုံးရှိသည့် နေရာအထိ သယ်သွားပြီးမှ ပစ်ခဲ့ရတာမျိုးလည်း ရှိသေးသည်။

ဒီကနေ့တွေ့ရသည့် အမှိုက်ကတော့ အထူးဆန်းသားပင်။ နို့ဆီခွက်ထိပ်က အဝိုင်းပြားလေးကို အပေါက်ဖောက်ပြီး ကြိုးတပ်ထားတာ။ ကြိုးရဲ့ထိပ်မှာ ပလတ်စတစ်ကို အဖွာဖွာဖြစ်အောင် ခွဲဖြတ်တန်ဆာဆင်ထားသေးသည်။







www.burmeseclassic.com

www.burmeseclassic.com



နို့ဆီခွက်ဖုံးက လှီးဖြတ်ထားသည့် နေရာတွေဟာ ထက်မြပြီး အသွားတွေက လိမ်တွန့်နေသေးတာ။ မမြင်မစမ်းနဲ့ တက်နင်းလိုက်မိလို့ကတော့ ခြေဖဝါး ဟက်တက်ကွဲလို့ ချုပ်ရတာက တစ်ဒဏ်ရာ၊ မေးခိုင်ကာကွယ်ဆေး ထိုးရတာက တစ်ဒဏ်ရာ ဖြစ်ကာ မိအေး နှစ်ခါနာသည့်ဘဝကို ရောက်မည်။

အမှန်က ဗဦး ဒီနေ့ထွက်လာတာဟာ ဖေဖေနဲ့ မေမေ မသွားအားသည့် အလှူတစ်ခုကို ကိုယ်စားသွားပေးဖို့ပါ။ အလှူသွားရမည်ဆိုတော့ သိကြတဲ့အတိုင်း စတစ်ဖ်ကော်လာနဲ့ ရှပ်အင်္ကျီအဖြူ၊ တက်ထရက်(စ်)တိုက်ပုံအဖြူ၊ ဘန်ကောက်ပုဆိုး စိမ်းဝါရောင်နဲ့ ဗဦးတို့ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေတာလေ။

စဉ်းစားကြည့်ကြပါ။ ဝတ်ကောင်းစားလှတွေ ဝတ်ပြီး ကတ္တီပါဖိနပ် အသစ်စက်စက်၊ ရီးလက်(စ်)နာရီ၊ စိန်လက်စွပ် စတဲ့ အဆင်တန်ဆာအပြည့်နဲ့၊ ဆံပင်ကို ဂျဲလ်တွေ ရွှဲနေအောင် ဆွတ်ပြီး သားနားတောက်ပြောင်စွာ ပြင်ဆင်ထားတဲ့ လူတစ်ယောက်က လမ်းပေါ်ကျနေသည့် အမှိုက်တွေကို တကုန်းကုန်း လိုက်





ကောက်နေတယ်ဆိုရင် ဘယ်လောက်များ မြင်မကောင်း ရှုမကောင်း ရှိလိုက်မလဲလို့။

အဝတ်အစားကို အားနာလို့ ဒီနေ့တစ်လမ်းလုံးမှာ တွေ့လာသည့် ပလတ်စတစ်အိတ်ခွံ၊ စက္ကူစုတ်၊ ကတ်ထူဘူး စတာတွေကို မကောက်ခဲ့ပါဘူး။

ဒါပေမဲ့ နို့ဆီခွက်အဖုံးကျတော့ မကောက်ပဲ မနေနိုင်တော့။ ဒါက အမှိုက်ရှုပ်ရုံသာမကပဲ လူတွေကိုပါ အန္တရာယ်ပြုနိုင်တာမျိုးမို့ မကောက်ပဲ မနေနိုင်တော့။

ခါးကို တစ်ဝက်လောက်ပဲ ကုန်းလိုက်မှယ်ဆိုရင် မြေပြင်မှာ ပြားပြားဝပ်နေတဲ့ သံပြားကို ကောက်လို့ရမှာ မဟုတ်။ ဒီတော့ ခြေထောက်ကို နည်းနည်းကားကာ ခါးကိုမတရားကိုင်း၊ ခေါင်းကို မြေကြီးနားထိအောင်ငုံ့ ...

"အောင်မယ်လေး"

ခါးကို ရုတ်တရက် ကိုင်းချလိုက်သဖြင့် နောက်ပင်း ထွက်သွားသော ဘင်ပါးက တစ်စုံတစ်ရာကို ပစ်တိုက်လိုက်မိပြီ

www.burmeseclassic.com

www.burmeseclassic.com



မှန်းသိသည့်အသိ၊ နား့နဲ့ ခံစားလိုက်ရသော အလန့်တကြား အာမေဋိတ်သံတစ်ခုကို အကြား။ အဲဒီနှစ်ခုက တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာလေသည်။

တအားကြီး ကျွေးချထားသော ခါးကို ပြန်ဆန့်နိုင်ဖို့ အတွက် အတော်ကြိုးပမ်း အားထုတ်လိုက်ရပြီးသော် အဆန့်လွန် သွားသော ကော့လန်လန်ပုံစံကြီးနဲ့ပဲ လူတစ်ယောက်နဲ့ မျက်နှာ ချင်းဆိုင် ဆုံမိလေသည်။

လူတစ်ယောက် ...။

သူ့တင်ပါးနဲ့ ပိတ်ပေါက်မိလိုက်သော လူတစ် ယောက်။

ပိုပြီး တိတိကျကျ ပြောရလျှင် မိန်းကလေး တစ်ယောက်။

ထို့ထက်ပိုပြီး အတိကျဆုံး ပြောရမည်ဆိုလျှင်တော့ သိပ်ကိုနူးညံ့သိမ်မွေ့ ချောမောလှပသော မိန်းမပျိုလေးတစ်ယောက် ပင်။





ဗဦးက နို့ဆီခွက်ဖုံးကို ငုံ့ကောက်ဖို့အတွက် ရုတ်တရက် ရပ်လိုက်ရုံမက ရုတ်တရက် ကုန်းလိုက်ပြန်သောအခါ အရှိန်နှုန်းကို တွက်ချက်ပြီး ပုံမှန်လေး လိုက်လာခဲ့သော နောက်က မိန်းကလေးက သူ့ကို ဝင်ဆောင့်မိတာပင်။

မိန်းကလေးခမျာလည်း ရုတ်တရက် ကြုံတွေ့လိုက်ရ သော အဖြစ်အပျက်မှာ ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိလိုက် ဘဲ ဗဦးကို အူကြောင်ကြောင်နဲ့ ပြူးကြည့်နေလေသည်။

"ဆောရီးဗျာ ... ကျွန်တော် တကယ် တောင်းပန်ပါ တယ်"

"ဟိုဒင်းလေ ... သာသာက တောင်းပန်ရမှာ မဟုတ်ဘူး လား"

အံ့သြစရာ။

သူမ နေရာမှာ တခြားမိန်းကလေးတစ်ယောက်သာ ဖြစ်ခဲ့မည် ဆိုလျှင်တော့ အခုလောက်ရှိ ဗဦးတို့ ဘယ်ဘက်ပါး လား၊ ညာဘက်ပါးလား တစ်ဖက်ဘက်တော့ ပူနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးကတော့ စိတ်ထားနူးညံ့ကာ သဘောကောင်းလွန်းတာလား၊ အကြောင်ကြောင် နိုင်ကာ ကိုယ်မှားလို့ မှားမှန်းမသိ၊ သူများမှားလို့ မှားမှန်းမသိတာလား။

"ကျွန်တော့်အပြစ်ပေါ့ ... ကျွန်တော် လမ်းလျှောက်သွားတုန်း ရုတ်တရက် ရပ်လိုက်မိတာ"

"ကျွန်မကလည်း ငေးပြီးလျှောက်လာမိတာပါ၊ ကိုယ့်ရှေ့က လူတစ်ယောက်လုံး ရပ်သွားတာတောင် သတိမထားလိုက်မိဘူး"

ရှာမှရှားပါပဲဗျာ။

မိန်းကလေး အတော်များများ။ အဲ ... အားလုံးလိုလို ပါပဲလေ၊ ကိုယ့်ကို တစ်ယောက်ယောက်က ဝှပ်စွဲလာမည်ဆိုလျှင် မျက်ခုံ ငြင်းဆန်ခံပက်ဖို့ပဲ ရှေ့ဆုံးက ထားတတ်ကြတာ။

မိန်းကလေးထဲမှာ ဟုတ်ပါတယ် ... ကျွန်မ မှားပါတယ်လို့ ဝန်ခံသည့်သူ အတော်ရှားသည်။ အမှားကို ဝန်ခံရတာဟာ ရှက်စရာ၊ သိက္ခာကျစရာလို့ပဲ မိန်းကလေး အများစုက ထင်ထားသည်။





ဒီမိန်းကလေးကတော့ လူထူးလူဆန်းလို့ ပြောရမလား၊ သူ့ရဲ့ကောင်းလို့ပဲ ဟင်စားရမလား၊ ငတုံးအလို့ပဲ ကဲ့ရဲ့ရမလား မသိနိုင်တော့။

"ကျွန်တော်နဲ့ ဖြိုင်မငြင်းတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ကြောင့် ဖြစ်ရတာကတော့ အမှန်ပါပဲ"

ကောင်မလေးက ဗဦး လက်ထဲ ကိုင်ထားဆဲဖြစ်သည့် နို့ဆီဘူးခွံ ထိပ်ပိတ်ပြားနဲ့ ကြိုးတန်းလန်းကိုကြည့်ကာ ပြုံးရှာသည်။

သူမရဲ့အပြုံးက လူတစ်ယောက်ကို လှောင်ပြောင်သရော်ချင်သည့် အပြုံးမျိုးတော့ မဟုတ်။ မျက်ဝန်းလေးထဲမှာ ကြည်လင်တောက်ပသော ရယ်မြူးရိပ်တွေ တဖြည်းဖြည်း၊ တဖိတ်ဖိတ် လဲ့လာကာ ဖွဖွကလေး ပြုံးလိုက်သည့် အပြုံးမျိုး။

ထိုအပြုံးလေးကို ကြည့်ပြီး ဗဦး ရင်ထဲ မျက်ခုံ ဘုန်းခါသွားသည်။

မိတ်ဆွေတို့ ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်"တစ်ခု ဖြစ်ပေါ်ဖို့ အချိန်ဘယ်လောက်ယူရန် လိုအပ်ပါသလဲ။ အချိန်သတ်မှတ်ချက်ရော အတိအကျ ရှိပါသလား။

တကယ်လို့ အချစ်ရဲ့စည်းမျဉ်းသတ်မှတ်ချက်တွေထဲမှာ အချိန်ဘယ်လောက်ယူပြီး ဖြစ်ပေါ်လာတဲ့ အရာကမှ အချစ်စစ် ဖြစ်တယ်လို့ မပါရှိခဲ့ဘူးဆိုရင် ပြိုင်ပွဲတစ်ခု ကျင်းပဖို့ ဗဦးက အဆိုပြုချင်ပါတယ်။ ဘာပြိုင်ပွဲလဲဆိုတော့ အမြန်ဆုံး အချစ်တစ်ခု ဖြစ်ပေါ်နှုန်း ပြိုင်ပွဲပါ။ ဘာကြောင့် ပြိုင်စေချင်သလဲဆိုတော့ သူ ပထမဆုရမှာ သေချာနေလို့ပါပဲ။





ကောင်မလေးတစ်ယောက်ကို ဗဦး ချစ်မိသွားသည့်အချိန်ဟာ မှတ်တမ်းတင်ရလောက်အောင် မြန်ဆန်သလို ကောင်မလေးနဲ့ ဗဦးတို့ နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံချိန်ဟာလည်း လက်ဖျားခါရလောက်အောင်ပဲ မြန်ဆန်လေသည်။

မြန်မှာပေါ့ ...။ အမှိုက်ကို သင့်တော်ရာ အမှိုက်ပုံမှာ စွန့်ပစ်ပြီး သကာလ ဗဦးလည်း ရှက်ရှက်နဲ့ ခပ်သုတ်သုတ်လျှောက်သွားလိုက်တာ ဦးတည်ရာဖြစ်သော အလှူအိမ်ကို ခဏနဲ့ ရောက်သွားပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



အလှူအိမ်ရောက်တော့ အိမ်ရှင်တွေက ဝမ်းသာအားရ ကြိုဆိုနေရာချ၊ လူကြီးတွေ ပါမလာဘူးလား မေးလို့ ဖြေရှင်း၊ လာချပေးသည့် ကြာဆံချက်ကို စ,စားဖို့လည်း ပြင်လိုက်ရော တံခါးဝဆီက ရုတ်ရုတ်သဲသဲ လှုပ်ရှားမှုတွေနဲ့အတူ မိန်းကလေး တစ်ယောက် ဝင်လာပါလေရော။

ဝင်လာသည့် မိန်းကလေးဟာ ဘယ်သူဖြစ်မည်လို့ များ ထင်ပါသလဲ။ အဲ ... မိတ်ဆွေမှန်းတာ ကွက်တိမှန်ပါသည် ခင်ဗျာ။ ဝင်လာသူဟာ လမ်းမှာ ဗဦး ဆုံခဲ့ရသည့် မိန်းကလေး ပါပဲ။

အခုမှ သေသေချာချာ ကြည့်မိသည်။ သူမဟာလည်း ကီမိုနိုအဝါပွင့်နဲ့၊ အဝါနုရောင်ပိုးရင်ဖုံးနဲ့၊ ကျစ်ဆံမြီးလေးရဲ့အရင်း မှာ သစ်ခွပွင့်ဝါဝါလေး သုံးပွင့်နဲ့ ပွဲနေပွဲထိုင်သွားမဲ့ ပုံစံမျိုး ပြင် ဆင်ထားတာပဲ။

"လာ ... လာ ... သမီး၊ တခြားဝိုင်းတွေက လူကျပ်နေ တယ်၊ ဒီဘက်မှာပဲ ဝိုင်းလိုက်တော့"





တခြားဝိုင်းတွေက စားလက်စ တစ်ဝက်လောက်တို့၊ အားပြီးကာနီးတို့၊ အချိုပွဲ စားနေတာတို့နဲ့မို့ အခုမှ အသစ်စ,စား မည့်သူ တစ်ယောက်အတွက် အဆင်မပြေ။

အခုမှစ,စားကာစ လူတစ်ယောက်နဲ့ တွဲထားပေး လိုက်တော့ အားနာစရာ မလိုတော့။

အိမ်ရှင်က ကောင်မလေးကို ဗဦး ထိုင်နေသော အခန်းထောင့်က စားပွဲဆီ ခေါ်လာလိုက်ပါသည်။

"ကဲ ... ဒီမှာပဲ ဝိုင်းလိုက်တော့ သာသာရေ၊ မောင်ဗဦး ကလည်း အခုမှ ရောက်တာဆိုတော့ အဖော်ရတာပေါ့"

ကောင်မလေးက ငြင်းဆန်ခြင်း၊ ထောက်ခံခြင်း အာတစ်ခုမှ မပြုပဲ စားပွဲမှာသာ ဝင်ထိုင်သည်။

ဗဦးက ကိုယ့်ရဲ့ကံကြမ္မာကို တအံ့တဩ တောင်မှ ဖြစ်မိပါရဲ့။

အခုလေးတင် လမ်းမှာဆုံခဲ့ကြပြီး မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ရသော ကောင်မလေးတစ်ယောက်ကို ကိုယ်သွားမည့်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် ပြန်လာဆုံရတာဟာ အံ့ဩဖို့ မကောင်းဘူးလား။

ဗဦးကတော့ ဒါဟာ သူတို့နှစ်ယောက် ဖူးစာရေစက် ပါလာလို့ပဲဟု ယူဆသည်။

အိမ်ရှင်က ကောင်မလေးကိုလည်း နေရာချပေးပြီးရော (သူတို့ တော်တော်အလေးထားရပုံရသည့်) ဧည့်သည်တစ်ယောက် ရောက်လာတာမို့ ဗဦးကိုရော ကောင်မလေးကိုရော အရေးမလုပ်နိုင်အားတော့ပဲ အလောတကြီး ထွက်သွားရလေသည်။

ထုံးစံအတိုင်း ကောင်မလေးရှေ့သို့ ကြာဆံချက်ပန်းကန် လာချသည်။ သူစိမ်းယောကျ်ားပျိုတစ်ယောက် ရှေ့မှာမို့ မနေတတ် မထိုင်တတ်၊ ခပ်တွန့်တွန့် ဖြစ်နေသော ကောင်မလေးက ခေါင်းလေးငုံ့ကာ ကြာဆံချက်ပန်းကန်ကိုပဲ အဖော်ပြုတော့မည့်ပုံနဲ့ တတောက်တောက် မွှေနှောက်နေရှာသည်။

အဲ ... အဲဒီမှာ။





အမြင်မတော်တာဆို ဘယ်လိုမှ မနေတတ်သော ဦးရဲ့ မျက်စိထဲသို့ အမြင်စူးချင်စရာကောင်းအောင် ကွင်းကွင်း ွက်ကွက် ဝင်လာသော မြင်ကွင်းကား ...။

ကောင်မလေးရဲ့ ကျစ်ဆံမြီးအဖျားလေးဟာ စားပွဲ ပေါ် တင်နေကာ ငရုတ်သီးမှုန့် ပန်းကန်ထဲ ဝင်နေတာပင်။

သူ့နေရာမှာ တခြားတစ်ယောက်ယောက် ဆိုရင် တော့ ကောင်မလေးကို သတိပေးမှာလား မပေးဘူးလား မပြောတတ်ပါ။

သူကတော့ ဘယ်လိုမှ မနေနိုင်။ သတိပေးကိုပေး ချင်သည်။

ခက်နေတာက ကောင်မလေးကို ဒီအတိုင်းပြောပြ ိုက်လျှင် သူမ လန့်ဖျပ်ပြီး ဆွဲချလိုက်တာနဲ့ပဲ ငရုတ်သီးမှုန့် ပန်းကန်လည်း မှောက်မည်။

ဒီတော့ကာ ...။



www.burmeseclassic.com

www.burmeseclassic.com



ဗဦးက လက်ကိုတဖြည်းဖြည်းရွှေ့ကာ စားပွဲပေါ် တင်ထားသည့် ဧရာတ်သီးမှုန့်ပန်းကန်ဆီရောက်၊ အဲဒီကမှ ပန်းကန်ထဲ ဝင်နေသည့် ကျစ်ဆံမြီးအဖျားကို အသာလေးဖယ်၊ ဧရာတ်သီးမှုန့်ပန်းကန်ကိုရွှေ့။

ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်နေသော ဗဦး တစ်ယောက် တဖြည်းဖြည်း တရွရွ ရွှေ့သွားနေသော လက်က ပန်းကန်နား ရောက်သွားသည်။

ပန်းကန်ထဲက ဆံပင်ကို လှမ်းဖယ်ဖို့ လက်တစ်ကမ်းပဲ လိုတော့သည့်အချိန်မှာ ...

ကောင်မလေးက ကိုယ်ကို ရှေ့သို့ယိမ်းလိုက်ပါသည်။ သူမရဲ့ ရည်ရွယ်ချက်ကတော့ သူမနဲ့ အနည်းငယ်လှမ်းသောနေရာက နံနံပင်၊ ရှောက်သီးခွက်ကို လှမ်းယူတာပင်။

ဖြစ်ချင်တော့ သူမရှေ့သို့ ငိုက်လိုက်သည့်အခါ ဆံပင်ခွေကလည်း အလိုအလျောက် ရွေ့လာကာ ဧရာတ်သီးမှုန့်တွေကို ခွက်ထဲက ယက်ချလိုက်သလို ကျလာစေသည်။ ကျလာ





သည့် ဧရာတ်သီးမှုန့်တွေဟာ ခွက်ဘေးနားကပ်လျက် ဖြန့်ချထားသော ဗဦးရဲ့ လက်ဖဝါးပေါ်သို့ အပြည့်အဝ။

"အား"

ထိတ်လန့်သွားသော ဗဦးရဲ့ အော်သံဟာ ခပ်အုပ်အုပ်ပင် ဖြစ်သော်ငြား အနီးအနား စားပွဲက လူတွေကိုတော့ အလန့်တကြား လှည့်ကြည့်အောင် စွမ်းဆောင်နိုင်လေသည်။

"ဟင် ... ရှင်က ဘာဖြစ်သွားတာလဲ"

လက်ထဲမှာ ဧရာတ်သီးမှုန့်တွေ တစ်ခုပ်ကြီးနဲ့ အူကြောင်ကြောင် ဖြစ်နေသော ဗဦးကို ကြည့်ကာ ကောင်မလေးက ခပ်တိုးတိုး မေးရှာသည်။

ဗဦး ခမျာတော့ အဖြစ်အပျက်ကို ဘယ်ကစ ဖြေရှင်းရမလဲလို့ ဦးနှောက်ခြောက်ရတာက တစ်ကြောင်း၊ လက်ထဲက အမှုန့်တွေကို ဘာလုပ်ရမှန်း ရုတ်တရက် တွေးမရတာက တစ်ကြောင်း တို့ကြောင့် ဘာစကားမှ ပြန်မပြောနိုင်။

"ဧရာတ်သီးမှုန့် ခပ်မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... ခင်ဗျား ဆံပင် ရေတ်သီးမှုန့်ခွက်ထဲ ဝင်နေလို့"

"ဘယ်မှာလဲ ... မဝင်ပါဘူး"

"စောစောတုန်းက ဝင်နေတယ်ဗျ၊ အဲဒါ ဖယ်ပေးမလို့ လက်အလှမ်းမှာ ခင်ဗျားက ရှေ့ငုံ့လိုက်တော့ ခွက်ထဲက အမှုန့်တွေကို ယက်ချလိုက်သလို ဖြစ်ပြီး"

ဗဦးရဲ့ ရှင်းပြချက်က မရေမရာ ဖြစ်သော်လည်း မေဟသီက သဘောပေါက်လိုက်ပါသည်။

တစ်ဆက်တည်းပဲ အူကြောင်ကြောင် နိုင်လှသော သူ့ရဲ့အပြုအမူတွေအတွက် ရယ်ချင်စိတ်ကလေးလည်း ပေါက်သွားရသည်။

သူစိမ်းယောက်ျား တစ်ယောက်ကို လှောင်ရယ်ဖို့ မကောင်းဘူးဟု ယူဆမိတာမို့ ရယ်ချင်စိတ်ကို ထိန်းချုပ်လိုက်ရသော်လည်း ပြုံးမြမြ မျက်နှာပေးလေးက ကျန်ရစ်သည်။





ထိုမျက်နှာပေးဟာ ဗဦးရဲ့ ရင်ထဲက တစ်ဖွဲ့တစ်စွဲ ကျန်နေသေးသော လက်ကျန်နှလုံးသားလေးကို အပြီးအပိုင် သိမ်းကျုံးဆွဲငင်ယူသွားလိုက်နိုင်လေသည်။

✿ ❖ ✿



www.burmeseclassic.com

www.burmeseclassic.com



“မေဟသီနဲ့ ဆိုရင်တော့ မင်းအိမ်က သဘောတူလိမ့်မယ် မဟုတ်ဘူးကွ”

“ဘာဖြစ်လို့လဲ၊ မေဟသီက ဒီလောက် ချောလှပြီး ယဉ်ကျေးသိမ်မွေ့တာကွာ၊ စိတ်သဘောထားလေးလည်း ကောင်းမှာသေချာတယ်၊ မိဘအသိုင်းအဝိုင်းကလည်း ဒိတ်ဒိတ်ကြဲ၊ ပညာအရည်အချင်းဆိုလည်း ...”

“မင်းကို မေဟသီဘက်က ချို့ယွင်းချက်ရှိလို့ မင်းအိမ်က သဘောတူမှာ မဟုတ်ဘူးလို့များ ငါ ပြောမိသေးလား”





ပဟေဠိ ဖွက်သလို လုပ်နေသော ဉာဏ်ကျော်ကို ဗဦးက အတော်ပဲ အမြင်ကတ်နေမိပြီ။

မိန်းကလေးတစ်ယောက်မှာ ဘာချို့ယွင်းချက်ရှိသလဲဆိုတာ အရင်ကြည့်တတ်သည့် လူကြီးတွေအတွက်ကတော့ မေဟသီဟာ ပြစ်မျိုးမှဲ့မထင် ပြည့်စုံလှသည့် မိန်းကလေးပဲ။ ဒီလိုမိန်းကလေးမျိုးကို ဘယ်သူကများ ချေးမ,မတော်ချင်ဘူးရှိရမလဲ။

သို့သော် ဉာဏ်ကျော်ရဲ့စကားကိုလည်း အရှုံးစကားပဲလေလို့ ခပ်ပေါ့ပေါ့ သဘောထားလို့မရ။

ဉာဏ်ကျော်တို့ မိသားစုက ဗဦးတို့ မိသားစုနဲ့ရော၊ မေဟသီတို့ မိသားစုနဲ့ပါ ရင်းနှီးနေတာ။ ရင်းနှီးလှတာမှ တစ်ဖက်နဲ့တစ်ဖက် ငယ်ကျိုးငယ်နာတွေ ဖော်ပြောနိုင်လောက်အောင် ရင်းနှီးတာ။

ဒီတော့ သူ မသိမမိလိုက်သည့် လူကြီးတွေရဲ့ အကြောင်းတွေကို သူ့မိဘဆွေမျိုးတွေကတစ်ဆင့် ဉာဏ်ကျော်က သိနေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဒီလောက် မင်္ဂလာယူနေပုံထောက်လျှင် သိထားတာ တစ်ခုခုရှိပြီ။

"ဘယ်လိုလဲကွ၊ ငါ ပြောပြရမှာလား"

"ပြောပြမှ သိမှာပေါ့"

"မင်းမိဘတွေ ... အဲ ... ပိုတိတိကျကျ ပြောရရင် မင်း ဘိုးဘွားတွေ လက်ထက်တုန်းက မင်းတို့အိမ်နဲ့ မေဟသာ တို့အိမ်က စီးပွားပြိုင်ဘက်တွေတဲ့ကွ၊ ဘယ်လောက်တောင် ပြိုင်တာလဲဆိုရင် သူ့ထက်ကိုယ် သာအောင်ပြိုင်တာမျိုး မဟုတ်ဘဲ တစ်ယောက်ကိုတစ်ယောက် အပြုတ်တိုက်တဲ့ အဆင့်အထိပဲတဲ့"

"ငါတော့ ငါ့အိမ်က အလှူတွေမှာ ဆန်ပြုတ်တိုက်ဖူးတယ် လို့ တစ်ခါမှ မကြားဖူးဘူး"

"ဟေ့ကောင် ... ဘာဆိုင်လို့လဲ"

"မသိဘူးလေ၊ မင်းပဲ အပြုတ်တိုက်တယ်ဆို"

"တောက် ... အပြုတ်တိုက်တယ်ဆိုတာ ဒီလောကထဲက လွင့်သွားအောင် တိုက်ထုတ်တာကို ပြောတာကွ"





"ဟီး ... ဟီး"

ဗဦးက သွားဖြဲကာ တဟီးဟီး ရယ်မောနေသည်။ ဉာဏ်ကျော်ကို ဒီလောက် စိတ်အနှောင့်အယှက် ပေးရတာကိုပဲ သူက ကျေနပ်လှပြီ။

"ငါ စကားပြောရင် လေးလေးစားစား နားထောင်ကွာ၊ မင်း သိချင်လို့လည်း ပြောပြရသေးတယ်၊ နားမထောင် ချင်ဘူးဆိုလည်း မပြောရုံပဲ"

ဉာဏ်ကျော် စိတ်ကောက်သွားပြီ ဆိုတော့ ဗဦးက ပြန်လျှော့ရသည်။

"အေးပါကွာ ... ငါ နားထောင်မှာပါ ... ပြော ... ပြော"

"အေး ... မင်းဘိုးဘေးတွေ လက်ချက်နဲ့ မေဟသာတို့မှာ စီးပွားပျက်မလိုတောင် ဖြစ်သွားရတာတဲ့၊ အဲဒါနဲ့ မေဟသာ တို့ကလည်း အတင်းပြန်ကြိုးစား၊ နေရာလည်း ပြန်ရလာ ရော ပြန်ချတာပေါ့၊ အဲဒီမှာ မင်းဘိုးဘေးတွေ မြောင်းထဲ ရောက်သွားပြန်ရော"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လုပ်ပုံတွေကလည်းကွာ၊ ကမ္ဘာ့စစ် ကျနေတာပဲ"

"ကမ္ဘာစစ်ထက်တောင် ဆိုးသေးတယ် ဗဦး၊ တိုက်ပွဲက သူတစ်ပြန် ကိုယ်တစ်ပြန်ပဲ၊ နောက်ဆုံး တစ်ယောက်ကို တစ်ယောက် တိုက်နိုင်တဲ့အင်အား မရှိတော့မှ ရပ်သွားတာ၊ မင်းမိဘ သူ့မိဘ လက်ထက်ကျတော့လည်း ငယ်ငယ်တည်းက ကြားဖူးနားဝရှိခဲ့တဲ့ အငြိုးတွေနဲ့ မကြည်လင်ကြပြန်ဘူး၊ အပြုတ်တိုက်တဲ့အဆင့် မဟုတ်ဘဲ အပြိုင်ကြတဲ့အဖြစ်ပေါ့၊ သူ ဘာဝတ်နိုင်သလဲ၊ ငါ ဘာကားစီးနိုင်သလဲ။ သူ ပညာအရည်အချင်း ဘယ်လောက်မြင့်သလဲ၊ ငါ့မိန်းမဘယ်လောက်လှသလဲ ... အစုံပေါ့"

"ဟား ဟား ဟား"

ဗဦးက တဟားဟား ထ,ရယ်မိတော့သည်။

ဉာဏ်ကျော်ကပဲ ပိုပြီးပြောတာလား။ သူတို့မိဘတွေကပဲ တကယ့်ကို စစ်စစ်ပေါက်ပေါက်၊ ရှာရှာဖွေဖွေကိစ္စတွေအထိ လိုက်ပြိုင်နေကြတာလား ; မသိနိုင်ပေမဲ့ အဖြစ်အပျက်က ရယ်တော့ ရယ်ရသည်ပင်။





"ရယ်နေ ... ရယ်နေ ... မင်းမှာ ရယ်ဖို့အချိန်ဆိုလို့အခုအချိန်လေးပဲ ရှိတော့တာ၊ ရှေ့ဆက် ကောင်မလေးနဲ့အဆင်ပြေသွားရင် ငိုစရာတွေပဲ ကျန်ခဲ့လိမ့်မယ်"

ဉာဏ်ကျော် ပါးစပ်ပုပ်ကြီးနဲ့ နိမိတ်ဖတ်တာလောက်တော့ ဗဦးတို့က ဘယ်ဂရုစိုက်လိမ့်မလဲ။

သိတယ် မဟုတ်လား။ အချစ်က အရာရာကိုကျော်လွှားနိုင်တဲ့ ခွန်အားလေ။



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကျော်ရဲ့ ခြိမ်းခြောက်မှုတွေကြောင့် မေဟာသ်ာနဲ့ ချစ်သူဖြစ်ဖို့အရေးမှာ အခက်အခဲ အနှောင့်အယှက်တွေနဲ့ ကြုံရလိမ့်မယ်လို့ ဗဒိုးက ထင်ထားခဲ့တာ။

မဟုတ်ပါဘူး ခင်ဗျာ။ လွယ်တာမှ သိပ်ကိုလွယ်။ လွယ်လွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်လောက်အောင်ပါပဲ။

မေဟာသ်ာဟာ သိပ်ကိုချစ်ဖို့ကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်တဲ့အပြင် အင်မတန် အလိုက်သိတဲ့ ချစ်သူကောင်းတစ်ယောက်လည်း ဖြစ်သေးတဲ့အကြောင်း ဗဒိုးက တွေ့ရသည်။





ဗဒိုးတို့ ကံကောင်းလိုက်ပုံများ ပြောတောင်မပြောခင်တော့ပါဘူး။ ပြောလိုက်ရင် ယောက်ျားလေး အတော်များများကိုယ့်လက်ကိုရှိရည်းစားကို ပစ်ပြီး မေဟာသ်ာနား ဝိုင်းလာကြမှာစိုးလို့။

နှစ်ယောက်သား ချိန်းတွေ့ကြပြီ ဆိုပါစို့။

မေဟာသ်ာဟာ ချိန်းထားတဲ့ အချိန်ထက် စောချင်သာ စောရောက်မည်။ ဘယ်တော့မှ နောက်ကျသည် မရှိ။ အခြားမိန်းကလေးတွေလို ချိန်းထားသည့် အချိန်ထက် နည်းနည်းနောက်ကျပေးမှ၊ အချိန်အတိအကျ ရောက်သွားရင် သိက္ခာကျဘယ်ဆိုသည့် အယူအဆလည်း ရှိဟန်မတူ။

နောက်တစ်ခု မေဟာသ်ာရဲ့ ချစ်ဖို့ကောင်းသည့် အမူအကျင့်လေးတစ်ခုက ချိန်းထားသည့် နေရာကို ယိုးဒယားဗလတ်စတစ်ခြင်းတောင်းကြီး ဆွဲဆွဲပြီး ရောက်ချလာတတ်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတောင်းထဲမှာ လက်ဖက်သုပ်၊ ဂျင်းသုပ် တစ်ခု မဟုတ် တစ်ခုပါမည်။ ရှောက်ပျောသီး၊ ပန်းသီး၊ စပျစ်သီး စသည့် အသီးတစ်ခုခု ပါမည်။ ပေါင်မုန့် ကြက်ဥကြော်၊ ဆင်း ဒဝစ်ချ်၊ ဆိတ်သားပတ်ဖ်လို သွားရေစာမုန့်တစ်ခုပါမည်။ ချိုချဉ် သကြားလုံး အစုံပါမည်။ ဘာလီ၊ ဆီး(ဖိး)၊ သံဘူးဖျော်ရည် တစ်ခုခု၊ ဒါမှမဟုတ် စပါကလင်၊ ကရင်မ်ဆော်ဒါ၊ အောရင့်ချ် ဖျော်ရည်ပုလင်း၊ ရေခဲဘူး အဲဒါမျိုး ပါချင်ပါမည်။ ဓာတ်ဘူးနဲ့ ဖျော်ထည့်လာသော ကော်ဖီ၊ အိုဗာတင်း၊ ဟောလစ် စသည့် အပူ တစ်ခုခု ပါချင်ပါမည်။

အဲဒီ စားစရာ သောက်စရာ အပြည့်အစုံနဲ့ လက်သုတ် ပဝါ၊ ရေခွက်၊ ပန်းကန်၊ ဇွန်း၊ အောက်ခံအခင်း အပါအဝင် ပစ္စည်းအစုံအလင်ကို ပျော်ပွဲစားသဖွယ် သယ်ဆောင်လာတတ် သေးသည်။

နောက်ပြီး ဗဦးစကားကိုလည်း နားထောင်လိုက် တာ မပြောပါနဲ့တော့။





မေဟာသ်ကို အဝါရောင်လေးနဲ့ လိုက်တယ်လို့ တစ်ခါလေး ပြောမိတာနဲ့ နောက်နောင် သူမ အသစ်ဝယ်သမျှ အဝတ်အစားတွေဟာ အဝါရောင်နဲ့ မလွတ်ကင်းတော့။

ပျော့ပျော့အိအိ၊ ကိုယ်နဲ့ကပ်နေသည့် အဝတ်အစား မျိုး မဝတ်စမ်းပါနဲ့လို့ တစ်ခါလောက် တားမိတာနဲ့ နောက်နောင် သူမကိုယ်ပေါ်မှာ အဲဒီအဝတ်အစားမျိုး မတွေ့ရတော့။

မေဟာသ်ရဲ့ အရပ်ကလေးက မဆိုစလောက် နိမ့် တာမို့ အရပ်မြင့်သည့် ဗဦးနဲ့ တွဲသွားလျှင် အဆင်မပြေလှတာမို့ ဒေါက်ဖိနပ်စီးပါလားလို့ အကြံပေးမိတာနဲ့ မေဟာသ်ရဲ့ခြေထောက် မှာ ပုံမှန်နေရာယူတတ်မြဲ ညှပ်ဖိနပ်ပါး ရောင်စုံလေးတွေ အငြိမ်း စားရကုန်ကာ ဒေါက်ဖိနပ်မြင့်မြင့်တွေကို မနိုင့်တနိုင်နဲ့ တလိမ့် လိမ့် စီးရရှာသည်။

ဥက္ကာကျော် အပါအဝင် ဘယ်ယောက်ျားလေးကိုမှ အပေါင်းအသင်း မလုပ်ရဘူး ဆိုတော့လည်း သူမခမျာ မိတ်အပျက် ခံကာ သူငယ်ချင်းတွေနဲ့ အဆက်အသွယ် ဖြတ်ခဲ့ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဒီလောက် ချစ်စရာကောင်းသော ချစ်သူမျိုး ဘယ်သူ့ထံမှာ ရှိကြသလဲ။ ရှိများရှိခဲ့ရင် ခေါ်လာလိုက်စမ်းပါ။ ကျွန်တော့်ချစ်သူနဲ့ ပြိုင်နိုင်းလိုက်ချင်လို့။





စပ်ဖြီးဖြီး ဖြစ်နေသော ဉာဏ်ကျော့် မျက်နှာကြီးဟာ ဆွဲထိုးပစ်ချင်စရာ ကောင်းလွန်းလှသည်ဟု ဗဦးကတော့ထင်သည်။

မထင်စရာ ရှိပါ့မလား။ သူများတကာ တကယ့်ကျဉ်းထဲကျပ်ထဲ ဒုက္ခရောက်နေချိန်မှာ သင်းက ဝမ်းသာအားရလာဖြစ်နေတာလေ။

"ဟီး ... ဟီး ... ဒါကြောင့် ငါပြောသားပဲကွ၊ မင်း အရိုင်က ရယ်ခဲ့သမျှ နောက်ကျ ငိုရမယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေ တကယ်ဒုက္ခရောက်နေတာကိုများကွာ၊ မင်းမို့လို့ ရယ်ရက်တယ်"

"ဟား ... ဟား ... ငါမှ မင်းတို့ ဒုက္ခရောက်တာကို မသနားဘဲကွ"

ကြည့်ကြပါ။ ဉာဏ်ကျော်တို့ ဘယ်လောက်ပွင့်လင်းဖြောင့်ကျလိုက်သလဲ ဆိုတာ။

သူများဒုက္ခရောက်တာကို စိတ်ထဲကကျိတ်ပြီး ဝမ်းသာအားရ ဖြစ်တာတော့ ဖြစ်ပေါ့။ ဒါကတော့ လူတစ်ယောက်ရဲ့ ကိုယ်ပိုင်အခွင့်အရေးပဲမို့ တားဆီးလို့မှ မရတာ။

ဒါပေမဲ့ တစ်ဖက်သား စိတ်အားငယ်အောင်တော့ ပေါ်ပေါ်ထင်ထင်ကြီး ဝမ်းသာမပြသင့်ပါဘူး။

အခုလို အချိန်မျိုးဆိုတာ လူတစ်ယောက်အတွက် နိုကိုးရာအမဲ့ဆုံး၊ ဆောက်တည်ရာ မရဆုံးအချိန်။ ကိုယ့်ခြေဖဝါးအောက်က မြေကြီးက တဖြည်းဖြည်း မြင့်တက်လာပြီး ကိုယ့်ဦးခေါင်းထက်က ကောင်းကင်ပြင်ကြီးကတော့ တဖြည်းဖြည်းနိမ့်





ဆင်းလာကာ မကြာခင်မှာ ကောင်းကင်နဲ့ မြေပြင်ကြားထဲ ကိုယ့်ရဲ့ခန္ဓာကိုယ်ဟာ ပိညပ်ပြားချပ်သွားတော့မယ်လို့ ထိတ်လန့်စိုးရွံ့နေရချိန်။

ဒီလိုအချိန်မျိုးမှာ အားပေးဖို့ အဖော်လိုသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ ယုံသော်ရှိ မယုံသော်ရှိ၊ "ပြေလည်သွားမှာပါ၊ မကြာခင် အားလုံး အဆင်ပြေသွားလိမ့်မယ်"စသည့် နှစ်သိမ့်စကားမျိုးကို ကြားချင်ကြတာပဲ။

အနည်းဆုံး နှစ်သိမ့်စကား မဟုတ်တောင် "မင်းတို့အဖြစ်က သနားစရာပါလားကွာ။

ငါ စိတ်မကောင်းလိုက်တာ" စသည်ဖြင့် ဖလိုက်ဖလှော ပြောတာမျိုးကမှ တော်သေး။

အခုတော့ ဟုတ်ပါရိုးလား။ သင်းက ရေနစ်သူဝါးဘူလို ထိုးနေတာ။

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ဆိုတာ မင်းကို ငါ အစကတည်းက ပြောတယ်နော်၊ ဘာမှ မလွန်မကျွံခင်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က မင်း မေဟာသီကို ရည်းစားစကား ပြောမယ်ဆိုတုန်း ကလည်း ငါတားသာ မတားတာ၊ မဖြစ်သင့်တဲ့အကြောင်း သဘောပေါက်အောင်တော့ ပြောပြခဲ့သေးတယ် မဟုတ်လား၊ မင်းဘာသာ သိရဲ့နဲ့ ဖွတ်မိုက်တာလေ"

"မချစ်ဘဲ မနေနိုင်တာကိုတော့ မိုက်တယ်လို့ ပြောဖို့မသင့်ပါဘူးကွာ"

"ဒါဖြင့် အခု ငါရယ်တာကိုလည်း ရက်စက်လှချည်ရဲ့လို့ ပြောဖို့မသင့်ဘူး ... ဟား ... ဟား"

ရယ် ... ရယ်။ သေအောင်ရယ်ထား။ မင်း အချစ်ရေးကိစ္စ အဆင်မပြေတဲ့အခါကျတော့ ငါ အတိုးနဲ့ နှစ်ဆပေါင်းပြီး ရယ်ပစ်လိုက်ဦးမယ်။

မဆီမဆိုင် ဉာဏ်ကျော်ကို ဒေါသထွက်နေရသော်လည်း ရင်တွင်းအပူကဖြင့် မခံချိမခံသာ။

ဉာဏ်ကျော် ကြိုတင်ဟောကိန်းထုတ်ခဲ့သလိုပါပဲ။ ဗဦးနဲ့ မေဟာသီကိစ္စကို လူကြီးတွေ သိသွားတော့ ပြင်းထန်ပေါက်





ကွဲသည့် အဖြေတစ်ခု နှစ်ဖက်စလုံးဆီက ညီတူမျှတူ ထွက်ပေါ်လာသည်။

ဘယ်လိုမှ သဘောမတူနိုင်ပါ ... တဲ့။

ယိမ်းတိုက်ထားသလား ထင်မှတ်ရအောင်ပဲ ဗဦးရဲ့ မိဘတွေနဲ့ မေဟာသီရဲ့ မိဘတွေဟာ ကိုယ့်သားသမီးကိုလည်း ပွက်လောရိုက်အောင်ဆူ။ တစ်ဖက်မိဘတွေဆီလည်း ဖုန်းဆက်ကာ ကိုယ့်လူကိုယ် ထိန်းဖို့ပြော။ သားသမီးတွေရဲ့ အသွားအလာကိုလည်း ချက်ချင်းထိန်းချုပ်။ ဆင်တူတုံ့ပြန်မှုတွေ ပြုတော့တာ။

အားငယ်စရာ ကောင်းသည်ထက် ကောင်းသည့် အဖြစ်ကတော့ မေဟာသီထံက ဘာအဆက်အသွယ်မှ မရတော့ဘဲ ပြတ်တောက်သွားခြင်းပင်တည်း။

ကိုယ့်သားသမီးကိုယ် ခြေချုပ်နဲ့ ထိန်းသိမ်းလိုက်တာချင်း အတူတူမှာ ဗဦးက ယောက်ျားလေးဖြစ်တော့ လုံးဝကြီး ထိန်းချုပ်ပိတ်ပင်လို့ မရ။ ဘာလုပ်သလဲဆိုတာ အဝေးကမျက်ခြေ ဒေါက်ထောက်ကြည့်ရှုလောက်သာ တတ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေဟသာ်ရဲ့မိဘတွေကျတော့ ပိုပြီးလုပ်ပိုင်ခွင့်ရှိသည်။ သမီးလုပ်သူကို အိမ်ထဲကအိမ်ပြင် မထွက်ရအမိန့် ချမှတ်လိုက်ကာ ဆွေမျိုးထဲက ဩဇာရှိသော ကြီးတော်အပျိုကြီးတစ်ယောက်ကို ခေါ်လျက် အနားမှာ အစောင့်ချထားလိုက်သည်တဲ့။

ဒီသတင်းတွေတောင် မေဟသာ်ရဲ့အိမ်ကို အရောက်အပေါက်ရှိသော ဉာဏ်ကျော် ပြောပြလို့ သိရတာဖြစ်ပြီး ကိုယ်တိုင် အဆက်အသွယ်ရဖို့ ဆိုတာကား ဝေးစွ။

"ငါတို့ကို ဆက်သွယ်နိုင်မဲ့ နည်းလမ်းလေးများ တစ်ခုခုလောက် ရှာမပေးနိုင်ဘူးလားကွာ"

"ဝေးစွခြောက်ပါး အေးမြယောက်ျားပဲ၊ ငါက ဘယ်လိုလုပ်မားခုတ်ရာ လက်ဝင်လျှိုရမှာလဲ"

"မင်းနဲ့ငါ သူငယ်ချင်း အရင်းကြီးတွေလေ"

"အရင်းကတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ အခုကိစ္စမျိုးက ကူညီလို့မှ မကောင်းတာ၊ ငါကလည်း သူတို့အိမ်ကို အဝင်အထွက်ရှိတယ် ဆိုပေမဲ့ နှစ်ယောက်ချင်း လျှို့ဝှက်





ဆက်သွယ်လို့ ရလောက်အောင်တော့ မဟုတ်ဘူးလေ၊ ရတယ်ပဲထား၊ မင်းတို့ကိစ္စမှာ ငါ ဝင်ကူညီနေတာသိသွားရင် မေဟသာ်တို့ မိသားစုအပေါ် ငါ့မိဘတွေ မျက်နှာပျက်ရမှာပေါ့"

လူကြီးတွေကို ထည့်တွေးလိုက်တော့လည်း ဟုတ်နေသေး။

ကိုယ့်အကျိုးအတွက် သူစိမ်းမိသားစု တစ်ခုကို ထိခိုက်နစ်နာစေရမည် ဆိုတာကျတော့လည်း မဟုတ်သေးပါဘူးလေ။

နောက်ဆုံးတော့ မေဟသာ်နဲ့ တွေ့ခွင့်ရဖို့အရေး ကိုယ့်အားကိုယ်ကိုးပြီးတော့ပဲ လုပ်ရဖို့ ဖြစ်လာတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မေဟသာ်တို့ အိမ်ဟာ ရှေ့မှာ ခပ်နိမ့်နိမ့်ဖြစ်ပြီး အနောက်ကျမှ မဟားဒယား မြင့်ဆောက်ထားသော တိုက်အိမ်ကြီး ဖြစ်ပါသည်။

အဆိုရှိတာကတော့ မေဟသာ်ရဲ့ဖခင်ဟာ မေဟသာ်နဲ့ မေကြိုးကြာ ဆိုတဲ့ သမီးချောလေး နှစ်ယောက်ကို မွေးပြီးတဲ့နောက် သူတို့ရဲ့ တစ်ထပ်တိုက်ပုလေးကို ရှေ့မှာသာ နဂိုပုံစံ ချန်ထားလျက် နောက်ဘက်ကို စုစုပေါင်း သုံးထပ်စာလောက်ဖြစ်အောင် မြှင့်ဆောက်လိုက်တယ်ဆိုပဲ။





ရည်ရွယ်ချက်ကတော့ ရှင်းပါသည်။ သူ့မှာ သမီးချောလေးနှစ်ယောက်တောင် ရှိနေသည်ဆိုတော့ မသမာသူတွေ အလွယ်တကူ ချဉ်းကပ်လို့ မရအောင် တစ်ပင်တိုင်မြနန်းဆောက်ပြီး ဘုံမြင့်စံစေလိုက်တာပဲပေါ့။

မေဟသာ်တို့ အဖေကြီး ဦးပညာ (ရွှေခေါင်းမဟုတ်ပါ။ တကယ့်ကိုပဲ မေဟသာ်ရဲ့ အဖေနာမည်ဟာ ဘုန်းကြီးဘွဲ့နာမည်လိုလို၊ ရှေးခေတ်စာဆိုကြီး တစ်ယောက်ရဲ့ နာမည်လိုလိုနဲ့ ဦးပညာပဲ ဖြစ်လေသည်)ရဲ့ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ဆုပေါက်ခဲ့သော စိတ်ကူးဟာ ဒီနေရာမှာတော့ အသုံးတည့်လှသည် ဆိုရမည်။

မေဟသာ်ကို သွားရောက်ချောင်းမြောင်းသည့် ဗဦးမှာ သုံးထပ်အမြင့်ရှိပြီး အနောက်ဘက်မှာ ပြတင်းပေါက်ခပ်သေးသေး၊ ခပ်မြင့်မြင့် တစ်ခုသာရှိသော အဆောင်ကြီးထဲကို ဘယ်လိုမှ လှမ်းမမြင်နိုင်ရှာချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တစ်ရက်၊ နှစ်ရက်။ သုံးရက်တိတိ သွားမျှော်ပြီးသကာလ ထိုပြတင်းပေါက် မြင့်မြင့်ကြီးကနေတော့ မေဟာသီ်ဟာ ဘယ်လိုမှ ကိုယ်ထင်ပြလာမှာ မဟုတ်ဘူးဆိုတာ ဗဦးက သေချာသွားရသည်။

ကဲ ... ဒီတော့ ပုံစံကိုပြောင်း။ မြေကြီးပေါ်က မျှော်ရုံမျှော်မနေပဲ ကိုယ်တိုင်ကိုယ်ကျ ရောက်အောင် ဘယ်လိုသွားမလဲ။ အကြံထုတ်စမ်း။

မေဟာသီ်တို့ရဲ့ တိုက်နံရံမှာ အလှချထားသော ပန်းနွယ်ပင်တွေတော့ ရှိသည်။

သို့သော် သေးသွယ်သော ပန်းနွယ်ပင်တွေဟာ ဗဦးရဲ့ ခန္ဓာကိုယ်ကို သယ်ဆောင်နိုင်လောက်အောင်တော့ ခိုင်ခန့်ပုံမရပါ။

ဒါဖြင့် လှေကားထောင်တက်မလား။

အခက်အခဲက နှစ်ခုရှိသည်။





"မိုးထိအောင် လှေကားထောင်" ဆိုသည့် စကားရှိသမို့ မိုးအထိမပြောနဲ့ သုံးထပ်စာမြင့်မားသော မေဟာသီ်တို့တိုက်ကြီးရဲ့ အပေါ်ထပ်အထိအောင် မြင့်မားသော လှေကားကို ဗဦးက ရှာမတွေ့နိုင်ခြင်း။

ဒုတိယ အခက်အခဲကတော့ ဤမျှ ရှည်လျားသော လှေကားကို ရှာတွေ့သည့်တိုင် အိမ်နားအထိ လူမမြင် သူမမြင်ရအောင် သယ်ဆောင်သွားနိုင်ဖို့ မလွယ်ခြင်း။

လှေကားထောင်ဖို့ကိစ္စကိုတော့ စွန့်လွှတ်မှ ဖြစ်တော့သည်။

ထိုအချိန်မှာပဲ ကံကောင်းထောက်မစွာ လမ်းကြောင်းတစ်ခုကို ဗဦးက ရှာဖွေတွေ့ရှိလိုက်သည်။

ခြံနောက်ဘက်က သရက်ပင်ကြီး။

လူတစ်ဖက်ခန့် ရှိသော ရင်ကွဲသရက်ပင်ကြီးရဲ့ ကိုင်းများတစ်ခုဟာ အိမ်ကြီးဘက်ဆီသို့ ထိုးထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အကိုင်းက ပြတင်းပေါက်နား ရောက်လောက်အောင် မမြင့်သော်လည်း အနီးဆုံး အထိတော့ ရောက်နိုင်သည်။

အမြော်အမြင် ကြီးလှသော ဦးပညာဟာ သူ့သမီး တွေ အခန်းနားအထိ ထိုးထွက်နေသော သရက်ကိုင်းကြီးကို တော့ ဘာကြောင့်များ မခုတ်ခဲ့ပါသလဲ။

ထိုမေးခွန်းက သရက်ပင်ပေါ်ရောက်ပြီး သရက်ကိုင်း အဖျားနား ရောက်မှပဲ အဖြေပေါ်တော့သည်။

လားလား။ သရက်ကိုင်းက အလုံးသာတုတ်တာ အဆွေးကြီးကိုး။

အောက်ကကြည့်ရင် သိပ်မသိသာသော်လည်း အနီး ကပ်ကြည့်တော့ အတွင်းလှိုက်စားကာ ခပ်ပွပွဖြစ်နေတာကြီးက သိသိသာသာ။

အကိုင်းခွဆုံမှာထိုင်ရင်း ဗဦး အတော်ပဲ အကျပ်ရိုက် သွားသည်။

ရှေ့ဆက်တိုးလို့ကတော့ မဖြစ်တော့ပြီ။





အခုတောင် ဗဦးရဲ့ ကိုယ်အလေးချိန်နဲ့ လှုပ်ရှားမှု တွေကြောင့် သစ်ကိုင်းအဖျားနားလေးတွေက တဖြောက်ဖြောက် ကျိုးကျနေတာ။

ရှေ့တိုးလို့ မရလျှင် နောက်ဆုတ်ဖို့ပဲ ရှိတော့တာမို့ ဗဦးက စိတ်လျှော့ကာ ပြန်ဆင်းမည်အပြု၊ နောက်ဆုတ်လို့လည်း မဖြစ်သော အခြေအနေက ပေါ်ပေါက်လာတော့သည်။

ခွေးတစ်ကောင်နဲ့ လူတစ်ယောက်။

အဲ ... တိတိကျကျ ပြောရမည်ဆိုလျှင်တော့ ဗဦး တစ်ကိုယ်စာလောက်ရှိမည့် ကိုလံဘတ် ဆိုသော အယ်လ်ဆေးရှင်း ခွေးကြီးနဲ့ မေဟာသ်ာတို့ ဖေဖေ ဦးပညာ။

သူတို့ရဲ့ ဦးတည်ရာလမ်းကြောင်းဟာ ဗဦးရှိရာ ဘက်တည့်တည့်။

ဘယ်လောက်တောင်များ တည့်သလဲဆိုလျှင် ဗဦး ခွထိုင်နေသော သရက်ကိုင်းအောက် တည့်တည့်မှာမှ လာပြီးရပ် နေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သိများ သိနေလို့ တမင်တကာ လာစောင့်သလား မှတ်ရသဗျာ။ ယောက္ခမလောင်းကြီးဟာ အပင်အောက်တည့်တည့် မှာမှ တောင့်တောင့်ကြီးရပ်ကာ ချာန်သမာပတ် ဝင်စားနေလိုက် သေးသည်။

ဗဦးမှာ အသက်ပင် ရဲရဲမရှူဝံ့။ အရေးထဲ သရက် ပင်ပေါ်က ခါချဉ်ကောင်တွေက ကိုယ်ပေါ်တရွရွတက်ကာ ကိုက် ခဲလာကြတာမို့ ယားလည်းယား၊ နာလည်းနာ။ သို့သော်လည်း မကုတ်ရဲ။ မလှုပ်ရဲ။

သို့သော် ...။

အကုသိုလ်ကံ ဆိုတာ တစ်ခုတည်း မလာ။ အဖော် နဲ့ လာတတ်သည် ... တဲ့။

ဗဦးတို့ ကံဆိုးလိုက်ပုံက စောစောက ဟိုစမ်းဒီစမ်း လျှောက်စမ်းထားလို့ ကျိုးလုတဲကာ ဖြစ်နေသော သရက်ကိုင်း တစ်ကိုင်းဟာ ဂျိုးဂျိုးဂွျတ်ဂွျတ် သံစုံမြည်ကာ မြေပြင်ပေါ် သက် ဆင်းရွှေ့လျှောဖို့ ပြင်ဆင်နေပြီ။





သစ်ကိုင်းရဲ့ ဦးတည်ရာလမ်းကြောင်းတည့်တည့်ကို ကြည့်လိုက်တော့ လား ... လား ...။ ဦးပညာကြီးရဲ့ ထိပ်ကွက် ပြောင်နေသော ဦးခေါင်းကြီး။

ဒီမှာတင် ဗဦး အတွက် အလျှင်အမြန် ဆုံးဖြတ်ချက် ချစရာ တစ်ခုပေါ်လာသည်။

ဦးပညာရဲ့ ခေါင်းပေါ် သရက်ကိုင်း ကျိုးကျတော့ …ကို သတိပေးသင့်၊ မပေးသင့်။

သတိပေးလိုက်လျှင် မေဟာသ်ာကို ချောင်းဖို့အတွက် ဗဦး သရက်ပင်ပေါ် ရောက်နေပြီဆိုတာ ဦးပညာကြီး သိသွားမည်။ …သွားလို့ လက်လွတ်ထွက်ပြေးနိုင်သည်ပဲထား၊ အိမ်ပေါ်သို့ …ကပ်စရာ တစ်ခုတည်းသော လမ်းကြောင်းလည်း ပိတ်ဆို့သွား …မည်။

သတိမပေးပဲ နေရအောင်ကလည်း အမြင်မတော်ဘာ … လက်ပိုက်ကြည့်မနေတတ်သော ဗီဇစိတ် ...။

ဟိုက် ...။ တွေးရင်းတန်းလန်း ကျပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှာတော့ အကျိုးအပြစ်တွေကို ဆင်ခြင်ချိန် ထိုးနိုင်စွမ်း မရှိတော့ဘဲ မူလဗီဇစိတ်ရဲ့ တွန်းကန်လှုံ့ဆော်ရာ အတိုင်း ဗဦးက ...

"အန်ကယ် ... အန်ကယ် ... ခေါင်းပေါ် သရက်ကိုင်းကျ... ကျ"

ဗဦးရဲ့ အော်သံ၊ သရက်ကိုင်းရဲ့ တဂျွတ်ဂျွတ် အသံတွေကြောင့် ဦးပညာက အချိန်မီကလေး ရှောင်လိုက်နိုင်ပါ သည်။

သို့သော် ဗဦး အတွက်သော်ကား ...။





ပထမအကြိမ် ကျဆုံးမှုသည် ဗဦးကို အတော်ပဲ အသိနာစေလေသည်။

ဦးပညာကြီး မိသွားကာ ပြဿနာ မနည်းဖြေရှင်း လိုက်ရခြင်း၊ သရက်ပင်ကြီးကို ခုတ်ပစ်လိုက်တာမို့ အိမ်နားကပ်ဖို့ အမ်းပိတ်သွားခြင်း၊ အစောင့်အနေ ပိုမိုထူပြောကျဉ်းကျပ်လာခြင်း သည်တို့ဟာ မလိုလားအပ်သော နောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်ကြလေသည်။

ဒုတိယအကြိမ်မှာတော့ ဗဦးက အတော်သတိထား သည်။ အိမ်ပတ်ပတ်လည်ကို ခပ်ခွာခွာကပဲ လှည့်ပတ်စောင့်ကြည့် သည်။

www.burmeseclassic.com



ဒီမှာတင် ဗဦးက တစ်ခုသွားတွေ့လေသည်။

အိမ်ထဲဝင်ဖို့ လမ်းကြောင်းတော့ မဟုတ်။ မေဟသာ တို့အိမ်ဘေးမှာ မြောင်းတစ်ခုက ပိတ်ဆို့ကာ ရေဝပ်နေပြီး ခြင် တွေ ယင်တွေ ပေါက်ဖွားနေတာကိုပင်။

ပြဿနာပဲ။

ဒီခြင်ကောင်တွေ ပေါက်ဖွားလာကြလျှင် သာသာ ရဲ့ပါးပြင်နုနုလေး၊ လက်မောင်းဖွေးဖွေးလေး၊ ပခုံးပြည့်ပြည့်လုံးလုံး လေးတွေကို ကိုက်ခဲတော့မည်။ အောင်မယ်လေး။ နူးညံ့လှပလွန်း သည့် ချစ်သူလေးရဲ့ ကိုယ်ခန္ဓာမှာ ဒဏ်ရာဒဏ်ချက်တွေ ထင် ကျန်ကုန်ရချည်ရဲ့။

နောက်ဆုံးတော့ ဗဦးက ဘယ်လိုမှ သည်းမခံနိုင် တော့။ အိမ်ပြန်ပြီး ဂေါ်ပြားတစ်လက်ယူကာ ပိတ်နေသည့်မြောင်း ကို ရှင်းလင်းဖော်ထုတ်တော့သည်။

ကိုယ်ပိုင်ကားနဲ့ ကောင်လေးတစ်ယောက်၊ ဂေါ်ပြား တစ်လက် ကားပေါ်က ဆွဲချလာပြီး သူ့အိမ်ဘေးကမြောင်းကို လာဖော်နေသည့် မြင်ကွင်းကို ဦးပညာက မမြင်ဘဲတော့ မနေပါ။





အစကတော့ ဘာများလဲ၊ ပစ္စည်းတစ်ခုခု ပျောက်လို့ လာရှာတာများလားလို့ ထင်လိုက်မိသေးသည်။

နောက်တော့ တဖြည်းဖြည်း ရုပ်ကို မှတ်မိသလိုလို ရှိလာကာ အိမ်ပြင်ကို တချောင်းတည်း ချောင်းနေသည့် သမီးဖြစ် သူရဲ့ သက်ာမကင်းဖွယ်ရာ ပုံစံကိုလည်း သတိထားမိလိုက်သော အခါ အခြေအနေကို သဘောပေါက်လိုက်တော့သည်။

သဘောပေါက်လျှင် ပေါက်ချင်းပဲ ...

"ဟော့ကောင် ... မင်း ငါ့သမီးကို လာချောင်းတာ မဟုတ် လား"

နား‚နားကပ်လျက် မိုးခြိမ်းသလို ပေါ်လာသော အသံနက်ကြီးကြောင့် ဗဦးမှာ တဆတ်ဆတ်ပင် တုန်သွားရကာ သက်ထဲက ဂေါ်ပြားဟာ ဖတ်ခနဲ လွတ်ကျသွားရသည်။

ဖြစ်ချင်တော့ လွတ်ကျသွားသော ဂေါ်ပြားရဲ့လက် ကိုင်ရိုးဟာ မြောင်းထဲမှာ ဆွဲယူစုပုံထားသော ဒိုက်သရော၊ ရွှံ့ဗွက် အညစ်အကြေး အစုအဝေးရဲ့ အလယ်ကောင်တည့်တည့်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



အင်ပြည့်အားပြည့် ကျသွားလေရာ အရိုးနဲ့ အရိုက်ခံရသော ရွံ့ဗွက်တွေဟာ ဖန်းခနဲ မြောက်တက်လာကြတော့သည်။

ကံဆိုးထောက်မချင်တော့ အလွန်ညစ်ပတ် ကျိုချွဲနံစော်နေသော အနံ့ရွံ့ဗွက်တွေဟာ ဦးပညာရဲ့ မျက်နှာနဲ့ အင်္ကျီရင်ဘတ်တို့ကိုမှ တည့်တည့်သွားစဉ်တော့သည်။

"ဟော့ကောင် ... မင်း ဒါဘာလုပ်တာလဲကွ"

ဦးပညာရဲ့အသံကြီးက ဟိန်းထွက်လာသည်။ ရပ်ကွက်ဘုံကထိန်မှာ မိုက်ခွက်တစ်လုံးကိုင်ပြီး အလှူကောက်ခံတတ်သော နိဗ္ဗာန်ဆော်ဦးသာလှကြီး ထက်တောင်မှ ကျယ်သေးသည်။

ဗဦးကား ဆောက်တည်ရာ မရတော့ပြီ။

သူ့အိမ်နားလာပြီး သူ့သမီးလာချောင်းမိသည့် ပြစ်မှုကတစ်မှု၊ သူ့မျက်နှာနဲ့အင်္ကျီတွေကို ရွံ့ဗွက်ပုတ်တွေစဉ်အောင် လုပ်မိသည့် ပြစ်မှုကတစ်မှု။

ထိုအပြစ်နှစ်ခုလုံး ဘယ်တစ်ခုကမှ မသက်သာ။ ဘယ်နေရာကမှ ခွင့်လွှတ်ဖွယ်ရာ မမြင်။





"ကျွန် ... ကျွန်တော် ..."

"ပြော့စမ်း ... မင်း ဒီနားလာပြီး ဘာလုပ်တာလဲ၊ အခုပြော"

"ဟို ... ဟိုဒင်းပါ၊ အဲ ... ဒီမှာလေ ... အန်ကယ့်အိမ်ရှေ့ ရေမြောင်းက ပိတ်နေလို့ တော်ကြာ ခြင်တွေ ယင်တွေ ပေါက်ဖွားပြီး ကျန်းမာရေး ထိခိုက်မှာစိုးလို့ပါ"

"အဲဒါ မင်းနဲ့ဘာဆိုင်သလဲ၊ မင်းက မြူနီစပါယ်သန့်ရှင်းရေး အလုပ်သမားလား"

"ဟုတ်ကဲ့ ... အဲ ... မဟုတ်တော့ မဟုတ်ဘူးပေါ့ခင်ဗျာ၊ ဒါပေမဲ့ တာဝန်သိ ပြည်သူတစ်ယောက်အနေနဲ့"

"တာဝန်ရှိတယ်ဆိုရင် ဒီလမ်းထဲမှာ မြောင်းပိတ်နေတဲ့ အိမ်တွေ အများကြီး၊ မင်းက ဘာဖြစ်လို့ ငါ့အိမ်ကိုမှ စေတနာပိုရတာလဲ"

"ဟိုဒင်းခင်ဗျ၊ ဒီလိုပါ၊ တခြားအိမ်တွေကိုလည်း ကျွန်တော် သွားမှာပါ၊ ဦးတို့အိမ်ကိုတော့ အရင်ဆုံး သတိထားမိတာမို့လို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးပညာက တစ်ခုခု ပြောလိုက်မည် ပြင်ပြီးမှ အကြံရသွားကာ ...

"အေး ... ကောင်းပြီ၊ မင်း စကားနဲ့ မင်းတည့်ပွါစေ၊ ဒီတစ်လမ်းလုံးက အိမ်တွေကို မင်း လိုက်ပြီး မြောင်းဖော်ရမယ်၊ မဟုတ်လို့ကတော့ ငါနဲ့တွေ့ပြီသာမှတ်"

မြတ်စွာဘုရား။

အဘိုးကြီးကတော့ တကာယ့်ကို ဓားကြိမ်းကြိမ်းတော့တာပါပဲ။

ဗဦး ခမျာ ကိုယ့်စကားနဲ့ ကိုယ်မိကာ မျက်နှာငယ်လေးနဲ့ တစ်လမ်းလုံး (အဘိုးကြီး မြင်နိုင်သလောက်)က အိမ်တွေမှာ ရေမြောင်းပိတ်ဆို့တာရှိလျှင် လိုက်ဖော်ပေးရသည်။

တကယ်တော့ အဘိုးကြီး ပြောသမျှ လိုက်နာနားထောင်ပြီး လိုက်လုပ်ပေးနေတာကိုက သူနဲ့ မျက်နှာအပျက်မခံချင်လို့ဆိုတာ သိသာထင်ရှားနေပြီ။





ဒါကို မတွေးမိရသော ဗဦးမှာတော့ ညနေစောင်းသည်အထိ လူတွေအကြည့်ခံကာ မြောင်းဖော်ရဆဲ။

ညစ်စုတ်သော ဦးပညာကြီးကလည်း သူ့အိမ်ဝ,က နေ မကြာခဏ မားမားကြီး ထွက်ရပ်ကာ စောင့်ကြည့်လို့နေဆဲလေ။

✿ ❖ ✿



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးက ကိုဗဦး ဆိုတာလား"

မေဟာသာ်တို့ အိမ်နားက ဈေးထိပ်လက်ဖက်ရည်ဆိုင်မှာ မနက်တိုင်း လက်ဖက်ရည်ကို ဗိမ်ဆွဲသောက်ရင်း အခြေအနေ စောင့်ကြည့်လာခဲ့တာ တစ်ပတ်တိတိ ပြည့်မြောက်သောနေ့မှာ အကြောင်းထူးလာသည်။

ဈေးသွားဈေးလာတွေထဲက ကောင်မလေးတစ်ယောက်က လက်ဖက်ရည်ဆိုင်ထဲ ချိုးဝင်လာကာ ဗဦး နားမယောင်မလည်ချဉ်းကပ်လျက် လာမေးလိုက်တာပင်။





ဗဦး ကလည်း ချက်ဆို နားခွက်က မီးတောက်တဲ့သူပဲ။ ကောင်မလေးဟာ မေဟာသာ်တို့အိမ်က အလုပ်သမား မိန်းကလေးပဲ ဖြစ်ရမည်လို့ ချက်ချင်းသဘောပေါက်လိုက်တာပေါ့။

"ဟုတ်တယ် ... ငါ ဗဦးပဲ၊ သာသာက လွှတ်လိုက်တာလား"

"ဟုတ်ကဲ့၊ မမသာက စာပေးခိုင်းလိုက်လို့"

ကောင်မလေးက ပိုက်ဆံအိတ်ထဲ လိပ်ထည့်လာသော စာရွက်လိပ်လေးကို ဗဦး လက်ထဲ ထိုးထည့်ပေးလိုက်ပါသည်။

ချစ်သူရဲ့ အချိန်းအချက် စာကလေးမို့ ဗဦးက ကြည်ကြည်နူးနူး လှမ်းယူလိုက်ပါသော်လည်း ...

"အား ... ဘာလဲဟ၊ နင့်စာက စိုရွှဲနံစော်နေတာပဲ"

"အဟီး ... ဆောရီး အစ်ကိုလေး၊ ကျွန်မ ငါးဝယ်ပြီးတော့ ငါးသည်ပြန်အမ်းတဲ့ ပိုက်ဆံတွေနဲ့ ရောထားလိုက်မိတာ မဆိုစလောက်ကလေး ညစ်ပတ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဆိုစလောက်ကလေးလဲ၊ စာတစ်စောင်လုံး ရေနှူးပြီးတော့ ငါးညှီစော်လည်း နံလိုက်တာ"

"အစ်ကိုလေးကလည်း ဖြစ်နေလိုက်တာ၊ ရေစိုတော့ရော ဘာဖြစ်သေးလဲ၊ ဖတ်လို့ရ ပြီးတာပဲဟာ"

"နင်ပြောတော့ လွယ်ပါ"

"ကျွန်မမှာ ဒီစာလေးဖို့ ဘယ်လောက်စွန့်စားရတယ် မှတ်လဲ၊ ကြီးဒေါ်သောင်းကလည်း ရှိနေတော့ ဒီဆိုင်ထဲလာဖို့ဟာ သူ့အလစ်ကို မနည်းချောင်းနေရတာ"

ကောင်မလေး ဒီလောက်ပြောနေမှတော့ ဗဦးက လည်း သဘောပေါက်လိုက်ပါပြီ။ အိတ်ထဲက ပိုက်ဆံထုတ်ပြီး မုန့်ဖိုးပေးလိုက်ရပေါ့။

ကောင်မလေး ထွက်သွားတော့မှ စိုစွတ်ပျော့ဖတ်နံစော်နေသော မေဟာသာ်ရဲ့ စာလေးကို ဗဦးခမျာ ဖိလင်မလော့တလာနဲ့ ဖွင့်ဖတ်ကြည့်ရသည်။





"ကိုဦး

မနက်ဖြန်ညနေ လေးနာရီမှာ ရွှေဘုံသာလမ်းက ---ဆေးခန်းမှာ မေမေ့ကို ဆရာဝန်ပြပေးဖို့ရှိတယ်၊ ကိုဦး ဆေးခန်းနားမှာ မယောင်မလည် စောင့်နေပါ၊ အခြေအနေကြည့်ပြီး သာသာ လာတွေ့မယ်။

ချစ်တဲ့

သာသာ"

ချစ်သူရဲ့ ဝိုင်းစက်သော လက်ရေးနဲ့ စာကလေး ... ဘယ်လောက်တောင် ချစ်ဖို့ကောင်းလိုက်ပါသလဲ။

ရုပ်ရှင်တွေထဲမှာတော့ ချစ်သူက ချိန်းသည့်စာဆို ... ဖတ်ပြီးတဲ့အခါ ဝမ်းသာအားရနမ်းပြီး ရင်ခွင်မှာထွေးပွေ့ ... သော အခန်းမျိုး ရိုက်ပြတတ်သည်။

ဗဦးကလည်း အဲဒီလိုမျိုး လိုက်လုပ်ချင်ပေမဲ့ ကံဆိုး ... အခြေအနေက မပေးရှာ။



www.burmeseclassic.com

www.burmeseclassic.com



ငါးညှီရေတွေစိုကာ ပျော့ဖတ်ပြီး ညှီစော်နံနေသော စာရွက်ကို ဘယ်လိုလုပ်ပြီးတော့များ ကြည်ကြည်နူးနူး နမ်းရှိုက်မွှေ့ဖက်နိုင်မှာတဲ့လဲလေ။

✿ ❖ ✿





"ဟော ... လာပြီ"

လေးနာရီမှာ ဆေးခန်းလာပြမည် ဆိုသဖြင့် ဗဦး ာ ရွှေဘုံသာလမ်းထဲက ဆေးခန်းရှေ့မှာ သုံးနာရီခွဲကတည်းက ာစောင့်နေခဲ့တာပင်။

စောင့်နေသည် ဆိုသော်လည်း ဦးပညာကြီး တွေ့သွား ာစိုးလို့ ထင်ထင်ပေါ်ပေါ်တော့ မစောင့်ရဲ။ သစ်ပင်ကြီးတစ်ပင် ကို ကွယ်ကာ ခိုးကြောင်ခိုးဝှက် ချောင်းမြောင်းရခြင်းမျှသာ။

လေးနာရီထိုးဖို့ ဆယ်မိနစ်အလိုကျတော့ မေဟာသ် ကို အိမ်ကကား ဆေးခန်းရှေ့မှာ ထိုးဆိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ခန်းမှာ ဦးပညာကြီးက ထိုင်လို့။ နောက်ခန်းမှာ မေဟသာ်နဲ့ ညီမ မေကြိုးကြာတို့က ထိုင်လို့။

မမြင်မတွေ့ရတာကြာလို့ပဲလားတော့ မသိ။ ချစ်သူလေးဟာ ပိုပြီးနူးညံ့ဖွေးဆွတ် ချစ်စဖွယ် ကောင်းလာသလိုပင်။

မျက်နှာလေးကတော့ အနည်းငယ် ချောင်ကျကာ သွယ်လျသွားသည်လို့ ထင်ရသည်။ ကိုယ့်ကို လွမ်းလို့ပဲ ဖြစ်မှာပေါ့။

ရင်ထဲ တထိတ်ထိတ် ခုန်လာသည်။

ဟိုးအရင်တုန်းကတော့ ချစ်သူဘဝနဲ့ မကြာခဏ ချိန်းကွေ့ဖူးကြပေမဲ့ ဒီတစ်ခေါက် မိနစ်ပိုင်းလောက်ကလေး တွေ့ခွင့်ရမှာကိုပဲ ဗဦးမှာ အထူးတဆန်း ဖြစ်ကာ ခြေဖျား လက်ဖျားတွေ အေးစက်လာရသည်။

မကြာခင်မှာ ကားရပ်ပြီး သူတို့တစ်တွေ ဆေးခန်းထဲ ဝင်သွားတော့မည်။





သူ့သမီးကို မပိုင်ခင်ကတည်းက အကြောက်ကြီးကြောက်ခဲ့ရသော ယောက္ခမလောင်းကြီးရဲ့ အလစ်မှာ လျှို့ဝှက်တွေ့ဆုံဖို့ အစီအစဉ် စ,တော့မည်။

ဦးပညာကြီး ဘယ်အချိန် အလစ်အငိုက်မိမလဲ။ မေဟသာ် တစ်ယောက် ဘယ်အချိန်မှာ ဆေးခန်းထဲက အပြေးလေး ပြန်ထွက်လာမလဲ။

အဲ ... ဒီထက် ပိုအရေးကြီးတာက မေဟသာ်နဲ့ တွေ့တဲ့အခါကျရင် ဘာတွေပြောရမှာပါလိမ့်။

မတွေ့ကြတာ တစ်လ ...။ အဲ ... တစ်လနဲ့သုံးရက် ဘိတိ။ ဒီရက်အတွင်းမှာ ပြောစရာတွေ စုဆောင်းထားလိုက်တာမှ တစ်ပုံတစ်ပင်ကြီး။

ဘယ်ကစ,လို့ စ,ပြောရမှန်းတောင် မသိ။

သေသေချာချာ စဉ်းစားလိုက်စမ်း။ ဘယ်စကားက အရေးအကြီးဆုံး ဖြစ်ပြီး အရင်ဆုံး ပြောသင့်သလဲ။

"ကိုယ် မင်းကို အရမ်းလွမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် ...။ ကွက်တိပဲ။ ဒီစကားဟာ ဒီအချိန်မှာ ရှေ့ဆုံးထားပြီး အရေးတကြီး အပြောသင့်ဆုံး စကားပဲ။

ပါးစပ်နဲ့အပြည့် ပြောစရာတွေကို ဆက်တိုက်ပြောချလိုက်တော့မည်လို့ အားပါးတရ စိတ်ကူးထားသော ဗဦးမှာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မျက်လုံးပြူးသွားရသည်။

မေဟာသီတို့ကား ပါကင်ထိုးဖို့ နောက်ဆုတ်နေသည့် နေရာတည့်တည့်မှာ ခွေးချေးပုံကြီး။

ခွေးဖြစ်လျှင်တောင်မှ ဆင်နဲ့စပ်ကျသလား ထင်မှတ်မှားလောက်စရာ ကြီးမားလှသော အပုံကြီးပင်။

အရေးထဲ ဘာတွေစားပြီး ဝမ်းလျှောထားမှန်းမသိသည့် ခွေးရဲ့မစင်ပုံကြီးက ဝါတာတာ ပျော့ပြိပြိကြီးနဲ့ တက်နင်းလိုက်မိလို့ကတော့ ကားဘီးတစ်ဘီးလုံး ရစရာမရှိအောင် ပေကျံပွစိသွားမှာ သေချာသည်။

အဲဒီလောက် အဖြစ်ဆိုးနေတာကြီးကို မပြောဘဲ ကြည့်နေလိုက်ဖို့ ဗဦးက ဘယ်လိုမှ မထိန်းချုပ်နိုင်ပါ။





သူ့လို တာဝန်သိစိတ် ရှိသော၊ အမြင်မတော်တာဆို ဘယ်လိုမှ ကြည့်မနေနိုင်သော လူတစ်ယောက်အတွက် ဤမျှကြီးမားသော ကိစ္စကြီးတစ်ခုကို လျစ်လျူရှုမနေနိုင်ပါ။

"ဟော့ ... ဟော့ ... ကားရပ် ... ရပ် ... ခဏရပ်"

ဗဦးက ပုန်းကွယ်နေသော သစ်ပင်နောက်က ထွက်ကာ ကိုယ်ထင်ပြရုံမက လက်ခုပ်တဖြောင်းဖြောင်း မြည်အောင်တီးကာ အသံပါ ပြုလိုက်ရသေးသည်။

ကားပေါ်ပါလာသော လူအားလုံးမှာ ရုတ်တရက်ဖြစ်ပေါ်လာသော ဆူညံလှုပ်ရှားမှုကြောင့် အလန့်တကြား လှည့်ကြည့်လိုက်ကြလေသည်။

ဒရိုင်ဘာက ဘရိတ်ကို အမြန်နင်းလိုက်တာမို့ ကားက တုံ့ခနဲနေအောင် ရပ်သွားသည်။

ဖခင်ကြီးအလစ်မှာ ချစ်သူကို ဘယ်လိုခိုးထွက်ပြီး ဆွဲရုပ်မလဲလို့ ရင်တခုန်ခုန်နဲ့ အတွေးနယ်ချဲ့လာသော မေဟာသီမှာ ချစ်သူက လုံလုံခြုံခြုံ ပုန်းကွယ်မနေရုံသာမက တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြကာ ကားကို အတင်းပင် တားနေလိုက်သေးသော ဗဦး
လုပ်ရပ်ကြောင့် မျက်လုံးပြူးသွားရပါသည်။

ဒါက ဘယ်လိုဖြစ်ရတာလဲ။ ဗဦးဟာ ဘယ်လိုအ
အစည်တွေနဲ့များ ဘယ်လိုဇာတ်ကွက်တွေ ထွင်နေပြန်ပြီလဲ။

မေဟသ်ာက စိုးတထိတ်ထိတ်တွေးကာ ဖခင်ဖြ
ကိုလည်း အကဲခတ် ကြည့်ရပါသေးသည်။

ဦးပညာ့ မျက်နှာကြီးက မီးထဲထည့်ဖုတ်ခံရသေ
ခရမ်းချဉ်သီးမှည့် တစ်လုံးလို နီရဲနေရာက တဖြည်းဖြည်း မည
ကွက်တွန့်ရှုံ့လို့ လာသည်။

"ဟိုကောင် ... သင်းက ငါ့ကားကိုတားပြီး ဘာလုပ်မ
လဲ"

မေဖေ့ အသံကြီး ဟိန်းထွက်လာလျှင် မေဟသ်ာက
ဇက်ကလေး ပုဝင်သွားရပြီ။

ဒီကနေ့တော့ စိတ်ကူးယဉ် မျှော်မှန်းထားသ
အစီအစဉ်တွေအားလုံး လွဲချော်ကုန်ပြီ ထင်ပါရဲ့။





အစီအစဉ်လွဲတာက အရေးမကြီးသေး။ ဒီနေရာကို
ဗဦး ရောက်နေတာဟာ မေဟသ်ာက ကြိုတင်ချိန်းချက်ထားလို့ပဲ
ဆိုတာ သိသာထင်ရှားနေပြီမို့ အိမ်ပြန်ရောက်လို့ကတော့ ပြဿနာ
ကြီးကြီးတစ်ရပ်နဲ့ ရင်ဆိုင်ရတော့မှာပင်။

"ဘာဖြစ်တာလဲ ခင်ဗျ"

ဦးပညာကြီး တရှူးရှူး တရှားရှား ဖြစ်နေစဉ်မှာ
ကားဆရာက ဗဦးကို လှမ်းမေးလိုက်တာ ဖြစ်ပါသည်။

"ခင်ဗျားကား ဆုံတ်မဲ့နေရာတည့်တည့်မှာ ချွေးချေးပုံကြီး"

"ခွီ ... ခွီ"

မေကြီးကြာထံက ခပ်ကျိတ်ကျိတ်ရယ်သံ ထွက်ပေါ်
လာသည်။

သူမကတော့ ဘာပတ်သက်မှုမှ မရှိ၊ ဘာအပူအပင်
မှမရှိသူမို့ ရယ်စရာတွေ့လျှင် ရယ်နိုင်တာပေါ့။

ကာယကံရှင်ဖြစ်သော မေဟသ်ာကတော့ မရယ်နိုင်။
မရယ်နိုင်သည့်အပြင် ငိုတောင် ငိုချလိုက်ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ ... နောက်တစ်ယောက် ပါ၀င်ပတ်သက်သူဖြစ်သော ဦးပညာသည်လည်း မရယ်နိုင်ရှာ။ ဒေါသလုံးက ရင်ထဲဆို့ကာ အသက်တောင် ၀အောင်မရှုနိုင်။

"ဟာ ... ဟုတ်လား ... ဘယ်နားမှာလဲ"

"ဒီအန်ကယ်ကြီး နောက်တည့်တည့်မှာ၊ ဒီလိုလုပ်၊ ကားကို ပြန်ထွက်လိုက်၊ ဟိုရှေ့နှစ်စီးကျော်မှာ တစ်နေရာလွတ်တာ ရှိသေးတယ်၊ အဲဒီမှာ သွင်းလိုက်"

ဗဦးက ရှေ့ကပြေးနှင့်ကာ ကားကို နေရာချနိုင်အောင် ကြည့်ပေးလိုက်ပါသည်။

ကားလည်း သူ့နေရာနဲ့သူ အံ၀င်ခွင်ကျ ရပ်ပြီးသွားရော တစ်ချိန်လုံး အောင့်အည်းသည်းခံနေခဲ့ရသည့် ဦးပညာကြီး ကားထဲကနေ ခုန်ထွက်လာကာ ...

"ဟေ့ကောင် ... မင်းက ဘာဖြစ်လို့ ဒီနေရာမှာ ရောက်နေရတာလဲ"

"ခင်ဗျာ"





ဦးပညာကြီး မေးလိုက်တော့မှပဲ ဗဦးလည်း ကိုယ့်ပြဿနာကို တစ်တစ်ခွခွ မြင်လာတော့သည်။

ဟုတ်သား။ သူ ဒီနေရာကို ဘာကြောင့်ရောက်နေရတာလဲ။

ဒီလိုနေရာမျိုးဟာ သွားရင်းလာရင်း အမှတ်မထင် ဆုံတတ်ကြသော နေရာမျိုးတော့ မဟုတ်။ တကူးတက ချိန်းချက်ပြီး လာစောင့်နေမှသာ တွေ့နိုင်ကြမည့်နေရာ။

အခု သူနဲ့လာဆုံပြီဆိုတော့ ဦးပညာ ဒီနေ့ ဆေးခန်းပြမည့်ကိစ္စကို ဗဦးဟာ တစ်နေရာရာက သတင်းရခဲ့သည်ဆိုတာ ထင်ရှားသွားပြီ။

သတင်းရသည့် နေရာကလည်း တခြားမဖြစ်နိုင်။ အသားထဲက လောက်ထွက်သည့် သူ့သမီး မေဟသ်ာ ကိုယ်တိုင်ပဲ ဖြစ်ရမည်။

ဒါဖြင့် သူ့သမီးနဲ့ ဗဦးတို့ လျှို့ဝှက်အဆက်အသွယ် ရှိနေသေးကြောင်း ဦးပညာကြီး သဘောပေါက်နိုင်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... သူ ဒီလောက် အုပ်စိုးချုပ်ကိုင်ထားသည့် ကြားထဲက ရအောင် ခိုးဆက်သွယ်လိုက်ကြသေးသည့် အဖြစ်ဟာ ဦးပညာကို ဘယ်လောက်တောင်များ စိတ်ဆိုးစေမလဲလို့။

"အူကြောင်ကြောင် လုပ်မနေနဲ့၊ ပြောစမ်း ... မင်း ငါ့သမီးနဲ့ ချိန်းထားတာ မဟုတ်လား"

မေးတဲ့သူကတော့ မေးနေပြီ။ ဗဦး ... မင်း ဘယ်လို ပြန်ဖြေမလဲ။

အမြန်ဆုံး စဉ်းစားစမ်း။

ဦးပညာဟာ တစ်ချိန်မှာ ကိုယ့်ယောက္ခမ ဖြစ်လာနိုင်သည့် လူကြီးတစ်ယောက်။

အဲဒီလို လူတစ်ယောက်ကို အခုကတည်းက လိမ်ညာထားမယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ။

အမှန်အတိုင်းပဲ ဖြေလိုက်ပါတော့မယ်လေ။

"ဦးတို့ လာမယ်ဆိုတာကို ကြိုသိလို့ ကျွန်တော် စောင့်နေတာပါ ခင်ဗျာ"





ဗဦးက အယဉ်ကျေး အသိမ်မွေ့ဆုံး ပြောလိုက်တာဖြစ်ပေမဲ့ ဦးပညာကြီးကတော့ ကုလားအော် ငရုတ်သီးဆယ်တောင့်လောက် တစ်ပြိုင်နက်တည်း စားလိုက်ရသလို တရှူးရှူးတရှားရှား ဖြစ်သွားကာ ...

"ဟေ့ကောင် ... ဘာပြောတယ်ကွ၊ မင်း မိမဆုံးမ၊ ဖမဆုံးမလား၊ မိဘအုပ်ထိန်းမှုအောက်က မိန်းကလေးတစ်ယောက်ကို ခိုးကြောင်ခိုးဝှက် လာချောင်းတယ် ဆိုတာ ကလေကချေလူငယ်တွေရဲ့အလုပ်"

"ကျွန်တော်ကတော့ အတည်အတံ့ လုပ်တာပါ ခင်ဗျာ၊ ကျွန်တော့်မှာ ဖေါ်သွမ်းတဲ့စိတ်၊ ဇော်ကားမော်ကားပြုချင်တဲ့စိတ်မျိုး မရှိပါဘူး၊ ဦးသမီးကို တွေ့ခွင့်မရလို့ ကိုယ်တတ်နိုင်သလောက် ကြံဖန်ရတာပါ၊ တကယ်လို့များ ဦးကသာ ကျွန်တော့်ကို အသိအမှတ်ပြုပြီး သာသာနဲ့ တရားဝင်တွေ့ခွင့်ပေးထားမယ်ဆိုရင် အခုလို ဦး မကြိုက်တဲ့ အပြုအမူမျိုး ကျွန်တော် လုပ်စရာမလိုတော့ဘူးပေါ့ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒါလည်းကောင်း ... ဟာ ... တောက်၊ ဘာလို့ ကောင်းရမှာလဲ၊ မင်းလိုကောင်ကိုများ ငါက အသိအမှတ်ပြုပြီး ငါ့သမီးနဲ့ တရားဝင် တွေ့ခွင့်ပေးရဦးမယ်၊ အဲဒီလိုလုပ်မှ ဒါမျိုးမကြုံရဘူးလို့ ငါ့ကို ခြိမ်းခြောက်တာလား၊ ဆောင့်ကန်ထုတ်လိုက်လို့ အဝီစိအထိတောင် လွင့်သွားဦးမယ်"

ဦးပညာက ပါးစပ်က ကြုံးဝါးရုံသာ မဟုတ်။ လက်သီးကျစ်ကျစ်ဆုပ်ကာ ရှေ့သို့ပါ တိုးလာပုံက တကယ့်ကိုပဲ တစ်ခုခု ထ,လုပ်တော့မည့်ပုံ။

ရှေ့ဆက်နေလျှင် ကိုယ့်ရဲ့ဇာတ်သိမ်းဟာ မလှပနိုင်တော့ပြီလို့ ဇဦးက သဘောပေါက်လိုက်သည်။

ဒီတော့လည်း ...

"ဟို ... ကျွန်တော် သွားလိုက်ပါဦးမယ်ခင်ဗျ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"





နှုတ်ဆက်စကားလည်း ခပ်မြန်မြန် ပြောပြီးရော ဦးပညာကြီးဆီက ဘာတုံ့ပြန်မှုမှ မရခင် ဇဦးက ခပ်သွက်သွက် လစ်ထွက်ခဲ့တော့သည်။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



မေဟသာ်နဲ့ ပေါင်းရဖို့အရေးမှာ ရွေးချယ်ဖို့လမ်းက တစ်ခုတည်းပဲ ရှိတော့သည်လို့ သိလိုက်ရချိန်မှာ ဗဦးက စိတ်ကိုဒုံးဒုံးချလျက် သတ္တိကို မွေးလိုက်ရပါသည်။

မေဟသာ်ကို သူချစ်သည့်အချစ်က အားလုံးကို စွန့်လွှတ်ရဲသည့် အချစ်၊ အရာရာကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အချစ်၊ ဒုက္ခသုက္ခဟူသမျှကို သည်းခံအောင့်အည်းနိုင်သည့် အချစ်မျိုး။

မေဟသာ်ကလည်း သူ့ကို အဲဒီအတိုင်းပဲ ပြန်ချစ်သည်ဟု ဗဦးက ယုံကြည်ပါသည်။





ဒီတော့ နှစ်ယောက်လက်တွဲပြီး ဘဝတစ်ခု တည်ဆောက်ဖို့ မေဟသာ်ဘက်ကလည်း သတ္တိအပြည့်နဲ့ အဆင်သင့်ဖြစ်နေမှာ သေချာလေသည်။

နောက်ဆုံးတော့ ဗဦးနဲ့ မေဟသာ်တို့ရဲ့ ဇာတ်လမ်းဟာ ရုပ်ရှင်တွေထဲကလို ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသတည်း ဆိုတာမျိုးနဲ့ အဆုံးသတ်ရမှာ သေချာနေပြီ။

အဲ ... စွန့်စားရဲဖို့ကတော့ နည်းနည်းလိုသည်။ ခိုးပြေးတယ် ဆိုတာလည်း နယ်နယ်ရရတော့ မဟုတ်။ လွယ်လင့်တကူ ပစ်စလက်ခတ် လုပ်လို့ရတာ မဟုတ်။ ဒီနေရာမှာလည်း အနုပညာပါသည်လို့ ပြောလျှင် ပြောနိုင်သည်။ The art of elopement (ခိုးပြေးခြင်း အနုပညာ) ဆိုပါတော့။

ချစ်သူနှစ်ဦး သဘောတူ ထွက်ပြေးကြမည်ဆိုလျှင် နေ့ပါတ်တစ်က ဘယ်ရက်မှာ ပြေးမလဲ။ ရုံးပိတ်ရက်လား၊ ဖွင့်ရက်လား။ အိမ်ကလူကြီးတွေအကုန် အပြင်ထွက်ကြသောနေ့လား၊ ဘယ်ဘယက အချိန်။ မနက်စောစော လူကြီးတွေ အိပ်ရာမနိုးမီ

www.burmeseclassic.com



လား။ နေ့လယ်ဘက် အပြင်ထွက်ကြချိန်လား။ ညအိပ်ရာဝင်ချိန်လား။

တတိယ အချက်က နေရာ။ အိမ်ကနေ ပြေးမှာလား၊ အပြင်တစ်နေရာရာ ထွက်ဟန်ဆောင်ပြီးမှ လစ်ထွက်မလား၊ အဲဒီမှာ တစ်ဆက်တည်း စဉ်းစားဖို့က ယောကျ်ားလေးက လာစောင့်ပြီး ခေါ်မလား၊ မိန်းကလေးကပဲ အဆင်ပြေသည့် အချိန်မှာ လစ်ထွက်ပြီး ယောကျ်ားလေးဆီ လာမလား။ တစ်နေရာရာကို ချိန်းပြီး နှစ်ယောက်ဆုံကြမလား။

နောက်တစ်ချက်က အဝတ်အစား အသုံးအဆောင်၊ ခိုးပြေးသည်ဆိုတာက ချောင်းသာကို တစ်ရက် နှစ်ရက် အပျော်ခရီးထွက်သလောက် ကိစ္စမျိုးမှ မဟုတ်တာ။ လနဲ့ချီနေရမည်၊ နှစ်ပေါက်အောင်လည်း နေချင်နေရမည်။

တကယ်လို့ မိဘကပြန် မခေါ်တော့ဘူး ဆိုလျှင် ဒါဟာ တစ်သက်စာ ဘဝစတင်တည်ထောင်ခြင်းလည်း ဖြစ်သွားနိုင်သည်။





ဒီတော့ကာ ကိုယ်သုံးစွဲနေကျ၊ တစ်နေ့တာအတွက် ဖြစ် လိုအပ်သော ပစ္စည်းပစ္စလေးတွေကတော့ ပါအောင်သယ်မှ ည်။ ဥပမာ သွားပွတ်တံ၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ။

ဗဦးရဲ့ အစ်ကိုဝမ်းကွဲတစ်ယောက် မိန်းမခိုးတာကျ ာ့ ရယ်ချင်စရာ ကောင်းလှသည်။ ကောင်မလေးကို သွားခေါ် ည့်အချိန်မှာ ဟိုက ထွက်ချလာတာ ခရီးဆောင်အိတ်ကြီးနှစ်လုံး ခြင်းတောင်းတစ်လုံး။

ခရီးဆောင်အိတ်တဲမှာ အပြင်သွား အဝတ်အစား၊ နေ့ဝတ်အင်္ကျီတွေအပြင် ပွဲထိုင်သွား အဝတ်အစားတွေပါ, သေးသည်။

ဖိနပ်ကလည်း အမျိုးစုံ။ ရေချိုးခန်းစီး၊ ရိုးရိုးညှပ် အင်္ကျီတွေနဲ့လိုက်အောင် တွဲဖက်ဝတ်ထားသည့် ဒေါက်ဖိနပ် င်စုံ၊ ခေါင်းစည်းစကပ်ဖိတို့ နေကာမျက်မှန်တို့တောင် ပါလိုက် ၊ အဲ ... မေ့လို့။ အလှပြင်သည့် မိတ်ကပ်သေတ္တာတစ်လုံး ည်း ပါသေးတယ်တဲ့ခင်ဗျ။

www.burmeseclassic.com



ခြင်းတောင်းထဲမှာတော့ စားစရာ အခြောက်အ
အစုံအလင်။ ရည်းစားနောက် လိုက်ပြေးတာကို ပျော်ပွဲစား
တယ်လို့များ ထင်နေသလား မပြောတတ်ပါဘူးဗျာ။

နောက်တစ်ယောက်ကတော့ ပိုတောင်လူးဆန်း
ခင်ဗျ။ သူ့အုံးနေကျ ခေါင်းအုံးနဲ့ ဖက်လုံးကို မခွဲနိုင်လွန်း
ဆိုပြီး အပါသယ်လာသေးသတဲ့။ တစ်လမ်းလုံး ကြွသလို ကျ
ခက်ခက်ခဲခဲနဲ့ သွားလာနေရချိန်မှာ ကိုယ့်ကိုယ်ကိုယ်တော
မနည်းပါအောင် သယ်နေရသည့်ကြားထဲ ဒီအပိုပစ္စည်းတွေ
ဘယ်လောက် အနှောင့်အယှက် ဖြစ်လိုက်သလဲ။

ဒီတော့ အခုလိုကိစ္စမျိုးမှာ ကိုယ့်အတွက် မပါမ
လိုအပ်တဲ့ပစ္စည်းကိုသာ ရွေးချယ်ဖို့နဲ့ သိုသိုသိပ်သိပ်၊ ကျစ်က
လျစ်လျစ် ထုပ်ပိုးတတ်ဖို့လည်း လိုသေးတယ်။ လမ်းမှာသွား
လာရင်း ဝယ်လို့ရတာမျိုးဆို ထားခဲ့တော့ပေါ့ဗျာ။

အရေးအကြီးဆုံး အချက်တစ်ခုကတော့ ဘယ်
ဦးတည်ပြေးကြမလဲ၊ ဘယ်လမ်းခရီးကို ရွေးကြမလဲဆိုတာပ





တချို့မိဘတွေက လျှင်တယ်။ ကားဂိတ်တို့၊ ဘူတာ
သင်္ဘောဆိပ်တို့ကို ပိတ်ဖမ်းပစ်တာ။ သူတို့လောက်မှ
ောက်မလာရင်တော့ ကွဲခနဲပေါ့ဗျာ။

တချို့ကတော့ ဘယ်သွားမလဲဆိုပြီး ထင်တဲ့နေရာ
ကို လိုက်ရှာတာပဲ။ ဒီနေရာမှာ လူကြီးတွေ မိတ်ဆွေပေါရင်
သလို၊ လက်တံရှည်ရင် ရှည်သလို ပုန်းစရာနေရာက ရှားရှား
ားတတ်တယ်။

နောက်ပြီး တချို့နေရာတွေဟာ ပုန်းဖို့တော့လုံ
နေဖို့ထိုင်ဖို့က အဆင်မပြေ။ နေလို့ကောင်းပြန်တော့လည်း
ကျစရိတ်ကကြီး။

အရေးကြီးသည့် နောက်ထပ်တစ်ချက်ကတော့ အသုံး
ဘယ်လောက်သယ်လာမလဲ ဆိုတာပါပဲ။ ဒီခရီးက ရက်
လောက်ကြာမည် ဆိုတာ မမှန်းဆနိုင်သလို ဘာလိုအပ်ချက်
ရှိလာမည်ဆိုတာလည်း ကြိုတွေးကြည့်လို့ မရတဲ့ခရီး။
ာ လက်ထဲ ငွေလုံလုံလောက်လောက် ပါဖို့လိုသည်။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မှာ အဆင်သင့်မရှိလျှင် ချေးငှားပေါင်နှံ၊ ရောင်းချပြီး စုဆော

ထားရမည်။

ဒီနေရာမှာ ယောကျာ်းလေး တစ်ယောက် အတွ

နောက်ထပ် အရေးကြီးလာပြန်တာက ကိုယ့်နောက်လိုက်လာ

ချစ်သူမိန်းကလေးမှာ နောက်ကြောင်းမအေးစရာ၊ ပြဿနာရှ

ရချင်ဖွယ်ရာ လက်ဝတ်လက်စား၊ ငွေကြေးအသုံးအဆောင် ဘ

ပါမလာဖို့ပင်။

တချို့ကောင်မလေးတွေက အလှဆင်ဖို့ပဲဖြစ်

ဝတ်လက်စမို့ပဲဖြစ်ဖြစ်၊ လိုအပ်လျှင် ရောင်းချသုံးစွဲဖို့ပဲဖြစ်

လက်ဝတ်လက်စား အဖိုးတန်တွေ ယူလာကြသည်။ ပြဿနာ

ချင်တဲ့ မိဘနဲ့လည်းတွေ့ရော သမီးရည်းစားနှစ်ယောက် သဘော

ခိုးရာလိုက်ပြေးကြရာကနေ လူကို အမွှေဖြားယောင်းသွေးဆော

လက်ဝတ်လက်စားတွေ ခိုးယူမှုဆိုတာမျိုး ဖြစ်လာကြပါလေ

နှစ်ယောက်အတူ ထွက်ပြေးဖို့ ချိန်းဆိုထားေ

အချိန် မလွဲချော်ဖို့ကလည်း အရေးပါသေးသည်။ တချို့ကျေ





နက်ချိန်းတာ ညမှတ်တာတို့၊ ညဘက်ချိန်းတာကို မနက်မှတ်လို့

သွားစောင့်ပြီး မလာတော့ဘူးထင်ပြီး ပြန်သွားတာတို့ ဖြစ်တတ်

သည်။

အချိန်မှန် လာပါလျက် အကြောင်းတစ်ခုခုကြောင့်

နောက်ကျလွဲချော်သွားတာမျိုးလည်း ရှိတတ်သေးသည်။

အားလုံးထဲမှာ အရေးအကြီးဆုံး တစ်ခုကတော့

ကိုယ့်နောက် လိုက်ပါလာသူဟာ ကိုယ်ခိုးရမည့် ချစ်သူမိန်းက

လေး ဟုတ်မဟုတ် ဆိုတာပါပဲ။

ကြားဖူးနားဝ ရှိထားသော အဖြစ်အပျက်တစ်ခုအရ

ဆိုလျှင် လူတစ်ယောက်ဟာ သူ့ကောင်မလေးနဲ့ ခိုးပြေးကြဖို့

ချိန်းထားပြီး ချိန်းတဲ့အချိန်၊ ချိန်းတဲ့နေရာကို လာခဲ့သတဲ့။

ပြီးတော့ အဆင်သင့်တွေ့တဲ့ (စောင်ခေါင်းမြီးလုံလုံခြုံထားတဲ့)

မိန်းကလေးကို ကားပေါ်ဆွဲခေါ်တင်ခဲ့သတဲ့။ ဟိုက အနည်းငယ်

လှပ်လှပ်ရှားရှား ဖြစ်နေပေမဲ့ သူ့စိတ်ထဲမှာတော့ သူ့ချစ်သူဟာ

စိတ်လှုပ်ရှားလွန်းလို့ တုန်နေရှာတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သွားရမဲ့ နေရာရောက်လို့ ကြည့်လိုက်တော့မှ လားလား။ သူ ခေါ်လာမိတာ သူ့ချစ်သူ မဟုတ်ပဲ အရွှးမ,ကလေးတစ်ယောက်တဲ့။

စောင်ကို ခေါင်းအလုံ ခြုံထားတာကြောင့် ဘယ်သူမှန်း မသိပဲ ဆွဲခေါ်လာမိတာတဲ့။ ဟိုကလည်း စိတ်မနှံ့ရှာတော့ အသာတကြည်ပဲ လိုက်ပါလာတာပေါ့။

ကဲ ... အဲဒီလောက်တောင် ရယ်စရာကောင်းတဲ့ ကမောက်ကမတွေအထိ ဖြစ်နိုင်ပါသေးတယ်။

အဲဒီလို အမှားမှားအယွင်းယွင်းတွေ ဘာကြောင့်ဖြစ်ကြရသလဲဆိုရင် ခိုးပြေးကြမဲ့ ချစ်သူတွေဟာ လူကြီးတွေ မိသွားမလားဆိုတဲ့ စိုးရိမ်စိတ်ရယ်၊ အစစအရာရာ အဆင်ပြေပါ့မလားဆိုတဲ့ ပူပန်မှုရယ်၊ နှစ်ယောက်တစ်ဘဝ ထူထောင်ရတော့မဲ့အဖြစ်ကို တွေးတောရင်ခုန်နေတာရယ်ကြောင့် ဝီရိယတွေပို၊ သတိထားမှုတွေ လွန်ကဲ၊ စိတ်ပူပင်သောကတွေ ဖိစီးပြီး မမှားသင့်တဲ့အမှားတွေကို အလွယ်တကူ ကျူးလွန်ကြတော့တာပဲ။





ဗဦး ဆိုတဲ့ကောင်ကို မိဘလက်ထက်က ရှိခဲ့တဲ့ အငြိုးအတေးကြောင့်သက်သက် မဟုတ်။ သူ့နဂိုအကျင့်ဗီဇ၊ ပုံစံကိုပါ မနှစ်ခြိုက်တာမို့ သူ့သမီးနဲ့တော့ ဘယ်လိုမှ စဉ်းစားပေးသမှာ မဟုတ်လို့ ဦးပညာကြီးက တရားဝင် ကြော်ငြာထားတာဆိုတော့ သူတို့ရှေ့ရေးဟာ ခိုးပြေးမှပဲ ဖြစ်တော့မည်။

ဒီအခြေအနေရောက်အောင် ဖန်လာပြီ ဆိုမှတော့ ဘိုယ့်ရှေ့ရှေ့က သာဓကတွေလို မဖြစ်ရအောင် စိတ်ကိုတည်တည်ငြိမ်ငြိမ်ထား၊ အစီအစဉ်ကို အသေအချာ အတိအကျဖြစ်အောင်ဆွဲ၊ သတ္တိကို အပြည့်ဝဆုံးထား၊ ဒါပဲရှိတော့တာပေါ့။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



"သာသာ ...

ကိုယ်တို့စစ်ယောက်ရဲ့ ရှေ့ရေးက ခွန်အားမှ ဖြစ်တော့မဲ့ အခြေအနေမျိုး ရောက်လာပြီ။

ကိုယ် ယုံပါတယ်၊သာသာ့မှာလည်း ကိုယ့်လိုပဲ ခွန်အားရဲတဲ့ အချစ်သတ္တိတွေ ပြည့်ဝနေလိမ့်မယ် ဆိုတာ။

ကိုယ်တို့စစ်ယောက် ဘဝစာမျက်နှာတစ်ခု အသစ်ဖွင့်လှစ်ကြရအောင် သာသာ ကိုယ့်နောက်ကို လိုက်ခဲ့တော့။

လာမဲ့ ဝနေ့ညနေ ခြောက်နာရီမှာ သာသာ့ မိဘတွေ ဘုရားကိုးဆူပွဲတစ်ခု မဖြစ်မနေ သွားဖို့ရှိတယ်။အဲဒီအချိန်မှာ သာသာ မဖြစ်ဖြစ်





အောင် ထွက်လာခဲ့ပါ။ကိုယ် ရွှေတိဂုံဘုရား တောင်ဘက်မုခ်က စောင့်နေမယ်။

ဗဦး"

သေသေချာချာ အထပ်ထပ် ဖတ်ပြီးသားဖြစ်သည့် တိုင် ဗဦးက နောက်တစ်ခေါက်ထပ်ပြီး စစ်ဆေးကြည့်လိုက်ပါသေးသည်။

"တော်တော့ကွာ၊ မင်း စာဖတ်နေပုံက သိန်းထီပေါက်တဲ့ လက်မှတ်ကို တမြတ်တနိုး ကြည့်နေတဲ့ပုံမျိုးနဲ့တောင် တူနေပြီ"

"ဟ ... သိန်းထီလက်မှတ်က တစ်သိန်းပဲ တန်တာကွ၊ ဒီစာကြောင့် ငါနဲ့သာသာ ပေါင်းရမယ်ဆိုရင် ငါ့အတွက် သိန်းပေါင်းမရေမတွက်နိုင်လောက်အောင် တန်ဖိုးရှိသွားပြီ"

"ဟား ဟား ... ငါ့သူငယ်ချင်းကတော့ တယ်မွန်းသေးပါးကွ"



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကျော် ဆိုတဲ့ ကောင်ကတော့ ဒီလိုပါပဲ။ ဘယ်အရာကိုမှ သိဂ်ါရ,ရသမြောက်အောင် မခံစားတတ်။ သူ့ရဲ့ အတွေးအခေါ်၊ အပြောအဆို၊ အလုပ်အကိုင်တွေဟာ လက်တွေ့ သဘော ဆန်လွန်းအားကြီးသည်။

ကိုယ်က လေးလေးနက်နက် ခံစားထိရှနေရသည့် ကိစ္စမှာလည်း ဒီကောင်က တစ်ချက်ကလေးမှ မျှဝေခံစားပေးဖော် မရသည့်အပြင် တဟားဟားနဲ့ လှောင်စရာ ပြောင်စရာ တစ်ခုလို တောင် သဘောထားနေလိုက်သေး။

သို့သော် ဒီကောင့်ကို တစ်ချက်ကလေးတော့ ကျေးဇူးတင်စရာ ကောင်းသည်မှာ ဗဦး အတွက် လှို့ဝှက်သတင်းတချို့ ကို သယ်လာပေးသည့်အပြင် သူစိတ်ကူးပေါက်သည့် တစ်ခါတစ်ရံ မှာလည်း ဗဦးနဲ့ မေဟသီတို့ကြား အဆက်အသွယ် လုပ်ပေးလိုက် သေးသည်။

ဒီကျေးဇူးတွေကို ထည့်ပြီး ဆင်ခြင်လိုက်မယ်ဆိုရင် တော့ ဉာဏ်ကျော်ဟာ ကျေးဇူးရှင်ကြီး တစ်ယောက်ပေါ့။





ခက်နေတာက ဒီကောင်ရဲ့ အပြောမတတ်မှုတွေကြောင့် ဗဦးက သူ့ကို ဘယ်လိုမှ ကျေးဇူးရှင်အဖြစ် သတ်မှတ်လို့မရခြင်းပင်။

ရုပ်ကိုက ပြောင်ချော်ချော်၊ ပြုံးစိစိ။ သူများ ဒုက္ခရောက်နေတာကိုပဲ ဝမ်းသာအားရ ဖြစ်နေသေးသည့်ပုံ။

နောက်ပြီး ဒီကောင့်စိတ်က အခုံးမရ။ ဗဦးက အကူအညီ တောင်းတိုင်းလည်း ကူညီချင်မှ ကူညီပေးတာ။ အကူအညီ မလိုတော့မှလည်း ဇွတ်လာပေးချင် ပေးသည်။ သူ စိတ်ကူးပေါက်မှ၊ သူ စေတနာရှိပါမှ ရတတ်သည့် အကူအညီမျိုး။

တစ်ခါတစ်ခါတော့လည်း ဒီကောင်ဟာ ငါ့အပေါ် တကယ်စေတနာရှိတာမှ ဟုတ်ရဲ့လား၊ လှောင်ချင်ပြောင်ချင်ရုံ သက်သက်နဲ့များ ချောက်တွန်းနေတာလားလို့တောင် သံသယဖြစ် ချင်မိသေးရဲ့။

ဘာပဲဖြစ်ဖြစ် အခုလို အရေးအကြီးဆုံး အချိန်မျိုးမှာတော့ ဉာဏ်ကျော်သာလျှင် ဗဦးရဲ့ တစ်ဦးတည်းသောကိုးကွယ် ရာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ကြားဝင်စာပို့ပေးသော မေဟာ်သာတို့အိမ်က ကောင်မလေးလည်း တစ်ခါခိုး တစ်ခါမိ ဆိုသလို ဆေးခန်းရှေ့မှာ ဗဦးကို ဦးပညာကြီး တွေ့သွားတာနဲ့ပဲ အကုန်ပေါ်ကာ အလုပ်ဖြုတ်ခံလိုက်ရပြီ။

အိမ်ရှေ့သွားပြီး ယောင်တောင်ပေါင်တောင် လုပ်ကာ အလစ်ချောင်းရအောင်လည်း ဒီမျက်နှာကြီးကိုဖြင့် ဦးပညာ တစ်ယောက်ကတော့ ခွေးချီသွားတောင် မှတ်မိတော့မည်။

ဒါတောင် ကြားဖူးနားဝနဲ့ ရုပ်ရှင်ထဲက စုံထောက်တွေ သတင်းလိုက်သည့်အခါ ရုပ်ဖျက်သွားသလိုမျိုး နှုတ်ခမ်းမွေးအတုတပ်၊ မျက်မှန်အမည်းတပ်၊ ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းကာ ဖေဖေ့ရဲ့ ဘလေဇာကုတ်အင်္ကျီအမည်းကို ဝတ်ပြီး သွားချောင်းလိုက်သေးသည်။

လား ... လား။

ဦးပညာကြီးကလည်း နှစ်လုံးပြူး သေနတ်ကြီးကိုင်ကာ ခြံထဲမှာ လမ်းသလားနိုက် ခင်ဗျာ။





ကိုယ်က ကိုယ့်ကိုယ်ကိုယ် လုံလှပြီ၊ ရုပ်ဖျက်တော်လှပြီလို့ ထင်ထားသော်လည်း ဦးပညာ ဆိုတာက ကိုယ့်အဖေအရွယ်လောက်ရှိသည့် လူကြီးတစ်ယောက်လေ။

မသင်္ကာဖွယ်ရာပုံစံနဲ့ အိမ်ရှေ့မှာ ခပ်ကုပ်ကုပ်လမ်းသလားနေသော ဗဦးကို ဦးပညာကြီးက ချက်ချင်းလက်ငင်း သတိထားမိသွားခဲ့ပါသည်။

သို့သော် ပါးနပ်သည့် ဦးပညာက ဘာမှမပြောဘဲ အသာစောင့်ကြည့်နေလိုက်သေးသည်။

ဗဦးလိုကောင်ဟာ သူ့ကိုယ်တိုင်က သူခိုးဖမ်းစရာလိုပဲ သူ့ဘာသာအလိုလိုပြန်ပေါ်မည့် ကောင်မျိုးဆိုတာ ဦးပညာက သေချာပေါက် သိထားတာ။

သူထင်သည့်အတိုင်းပါပဲ။ အချိန်ဘယ်လောက်မှ ကြာလိုက်၊ ငပြာရည်ပုံးတွေ ဆွဲလာသော တောသူပုံနဲ့ မိန်းမတစ်ယောက် ဦးပညာကြီးတို့အိမ်ထဲ ဝင်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေဟာ ဦးပညာရဲ့ဇနီး (မေဟသီရဲ့အမေ) နဲ့ စကားတွေ အများကြီးပြော။ မေဟသီရဲ့အမေကလည်း စိတ်[illegible] ဝင်တစားပုံနဲ့ နားထောင်။

ခဏကြာတော့ မေဟသီရဲ့အမေက အိမ်ထဲဝင်သွား[illegible] ကာ ပုံးအလွတ်တစ်လုံးနဲ့ ပိုက်ဆံတချို့ ယူလာပြီး မိန်းမတွေကို ပေးဖို့ပြင်သည်။

ထိုအခိုက်မှာပဲ မြင်ဖူးသလိုလို ရှိသည်လို့ တွေး[illegible] မိသော မိန်းမတွေကို ဗဦးက မှတ်မှတ်သွားတော့သည်။

ဟုတ်ပါ့။ သူတို့အိမ်မှာ ငံပြာရည်စစ်စစ် ရမယ်[illegible] တောသည်ပါ၊ ဈေးသွားမရောင်းတတ်လို့၊ တောပြန်ဖို့ ခရီးစရိတ်[illegible] လည်း လိုနေလို့ ဈေးသက်သက်သာသာနဲ့ ပေးပါမယ်၊ ဘေးအိမ်[illegible] ကိုသွားရောင်းတော့ ဘေးအိမ်က ဒီဘက်အိမ်လည်း မေးကြည့်ပါ ဆိုလို့ လာမေးတာပါဆိုပြီး ရောက်လာသူတွေ။

ဗဦးမေမေက ယုံကြည်ကာ ငံပြာရည်နှစ်ပိဿာ[illegible] ယူမည်ပြောပြီး ပုံးနဲ့ ပိုက်ဆံနဲ့ ပေးတော့ အခုယူလာတာက [illegible]





[illegible]ပါတဲ့။ တကယ်ရောင်းဖို့က ဘေးအိမ်မှာ ကျန်ခဲ့လို့ သွားယူ[illegible]ည် ဆိုပြီး ထွက်သွားလိုက်တာ ပေါ်မလာတော့။

ဒီမိန်းမတွေဟာ မေဟသီတို့အိမ်ကိုလည်း လာလိမ်[illegible]ပြီ။

ဗဦးက ဘယ်လိုလုပ်ရ ကောင်းမလဲ အတန်တန်[illegible]ငုံးစားသည်။

တားလိုက်ပြန်ရင် သူ ဘယ်သူလဲဆိုတာ ပေါ်တော့[illegible]ည်၊ ဒီအတိုင်း ထားပြန်တော့လည်း မတရားလိမ်လည်မှုတစ်ခု[illegible] သိနေပါလျက် မျက်ကွယ်မပြုနိုင်။

အထူးသဖြင့် ချစ်သူလေးရဲ့ မိသားစုကို လာပြီး [illegible]မိသည်မှာကို မခံနိုင်။

ဒီလိုနဲ့ပဲ ...။

"စိတ်မပူစမ်းပါနဲ့ကွာ၊ ဒီတစ်ခါတော့ အဆင်ပြေမှာပါ"

အောင်မယ်။ ဉာဏ်ကျယ်က ဘာစိတ်ကူးပေါက်လို့ [illegible]တွေ ဘာတွေ ပေးနေသေးတာလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရတာ ဒီတစ်ခါတော့ ဉာဏ်ကျော် တစ်ယော
သဒ္ဓါပေါက်ကာ လာရောက်လှူဒါန်း။

အဲလေ ... အားတက်သရော ကူညီတော့မည် ထ
သည်။

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းကို ငါ့အပေါ် လှောင်လှ
လို့ တစ်လျှောက်လုံး အမြင်ကတ်လာခဲ့တာ၊ ဒီတစ်ခါတော
မင်းရဲ့စေတနာကို ငါ ကျေးဇူးတင်လို့ မဆုံးပါဘူး"

"ဒါပေါ့ကွ၊ အရေးကြီး သွေးနီးရတယ်တဲ့၊ မင်းနဲ့ငါ
သူငယ်ချင်းအရင်းတွေပဲဟာ"

"မင်းတကယ်ဖြစ်အောင် ပေး,ပေးမှာပါနော်"

"ကိုင်း ... မင်း မယုံရင် ဒီစာပေါ်မှာ မေဟသီကို လက်
ဖတ်ရှုရပါကြောင်း လက်မှတ်ထိုးခိုင်းပြီး မင်းဆီပြန်ယူလ
ပြမယ်"

"အဲဒီလောက်အထိတော့ မလိုပါဘူးကွာ၊ မင်းကိုငါယုံ
တယ်"





ဉာဏ်ကျော်ကို ယုံပေမဲ့ ကံကြမ္မာကို မယုံဝံ့တာမို့ ချိန်းထားသည့်နေ့မှာ မေဟသီနဲ့ မတွေ့ရမချင်းတော့ ဗဦးက စိတ်ဒုံးဒုံးချဝံ့မှာ မဟုတ်ချေ။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ အချဉ်ထုပ်တွေ သိပ်မစားကြနဲ့နော်၊ အချဉ်ထုပ်အတော်များများက ကျန်းမာရေးနဲ့ မညီညွတ်ဘူးကွယ့် ကင်ဆာဖြစ်စေတဲ့ ဆိုးဆေးတွေပါတယ်၊ သန့်ကောင်ဥတွေပါတယ်၊ ဖုန်သဲခဲ အမှိုက်သရိုက်တွေပါတယ်။ ငွေကုန်ပြီး အာဟာရလည်းမဖြစ်၊ ကျန်းမာရေးတောင် ထိခိုက်နိုင်သေးတဲ့ အစားအသောက်တွေကို မစားတာ အကောင်းဆုံးပဲ၊ မစားဘဲ မနေနိုင်ရင်တောင် လျှော့စားဖို့သင့်တယ်"

သမီးသူငယ်ချင်း ကောင်မလေးတွေက ဗဦးကို မျက်စောင်းပက်ပက် ထိုးကြသည်။





မတတ်နိုင်ပါဘူးလေ။ သူတို့လေးတွေဟာ ကိုယ့်သမီးနဲ့ ရွယ်တူချာတိတ်မကလေးတွေ။ ကိုယ့်သမီးကိုယ် တုန်နေအောင်ချစ်သော၊ သမီးမှာ အနာရောဂါ၊ ထိခိုက်ဒဏ်ရာတစ်ခုခုဖြစ်မှာကို သေမလောက် စိုးရိမ်တတ်သော ဗဦးဟာ မိဘချင်းကိုယ်ချင်းစာနာစိတ်နဲ့ သူများသမီးလေးတွေကိုလည်း အန္တရာယ်ဖြစ်မှာ စိုးရိမ်မိသည်လေ။

သိကြတဲ့အတိုင်း ဗဦး ဆိုတာကလည်း အမြင်မတော်တာတွေ့ရင် ငြိမ်ပြီးကြည့်မနေတတ်တဲ့ ကောင်လေ။ ကိုယ့်ကိုမုန်းကာမှ မုန်းရော၊ ကိုယ့်အကျိုး ထိခိုက်ကာမှ ထိခိုက်ရော။ ပြောစရာရှိတာလေးတော့ ပြောလိုက်ရမှ။

"အန်ကယ့်ကို နေရာတကာ ဝင်စွက်တဲ့ အဘိုးကြီးလို့တော့ မထင်နဲ့ကွယ့်၊ အန်ကယ်က သမီးတို့ကို ကိုယ့်သမီးအရင်းလေးနဲ့အတူတူပဲ သဘောထားလို့ သမီးတို့ အကျိုးစီးပွားမပျက်စီး မထိခိုက်ရအောင် သတိပေးတာ"

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ပဥ္စသို့ ထံက မလိုလား ကန့်ကွက်သံ ထွက်ပေါ်လာသည်။

တစ်ဦးတည်းသော သမီးလေးမို့ ငယ်ငယ်ကတည်းက အလိုလိုက်ထားခဲ့သော ပဥ္စသီဟာ အဖေကိုဆို သိပ်အနိုင်ယူချင်သည်။

စိတ်မလိုလျှင် မလိုသလို ချက်ချင်း လက်ငင်း စကောက်ပစ်လိုက်ဖို့လည်း ဝန်မလေး။ လူကြားသူကြားထဲ ထအော်ဖို့လည်း အဆင်သင့်။

ဗဦးကလည်း သမီးကိုတော့ မျက်နှာတစ်ချက် အညိုမခံ။ ကိုယ့်မှာ ဒီသမီးလေး တစ်ယောက်တည်း ရှိတာ ကိုယ်ကမှ အလိုမလိုက်ပဲ ချိုးချိုးနှိမ်နှိမ်၊ ချုပ်ချုပ်ချယ်ချယ်ထားမယ်ဆိုရင် ကလေး အားငယ်ရှာမှာပေါ့။

"ပဥ္စ သူငယ်ချင်းတွေက ကျန်းမာရေးဗဟုသုတ အပြည့်ရှိပြီးသားပါ၊ အစုဟာက အချဉ်ထုပ်တွေထဲမှာ အကောင်းဆုံး အသန့်ဆုံးတံဆိပ်ကို ရွေးစားကြတာ"





အကောင်းဆုံး အသန့်ဆုံး ဆိုတာကရော ဘယ်...သောက်များ သန့်နိုင်မှာမို့လဲ။

ကိုယ့်အိမ်မှာ စိတ်ကြိုက်လုပ်စား တာလောက်တော့ ...ရာယ်မကင်းနိုင်ပါဘူး။

"သမီးတို့ စားချင်ရင် ဖေဖေ့သူငယ်ချင်းခြံက ဆီးသီးတွေ ဝယ်ပေးမယ်လေ၊ ဒေါ်ယုကြီးကို ယိုထိုးခိုင်းပေါ့၊ မရန်းသီး၊ သရက်သီးတွေလည်း အိမ်မှာရှိနေသားပဲ၊ စိတ်ကြိုက်စားပေါ့"

"ဘာသိလို့လဲ ဖေကြီးရ၊ ကိုယ့်ဘာသာ အိမ်မှာလုပ်စားတာဟာ သူများလုပ်ပြီးသား ရောင်းတာလောက် ဘယ်လိုမှ စားမကောင်းဘူး၊ အဲဒါကြောင့် ဒီရယ်ဒီမိတ်တွေကို ပိုက်ဆံကုန်ခံပြီး ဝယ်စားနေကြတာပေါ့"

"သမီးတို့ အယူအဆတွေက မဟုတ်သေးပါဘူးကွာ၊ အစားအသောက် ဆိုတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... သမီးသူငယ်ချင်းတွေရှေ့မှာ သမီးကို အရှ
ခွဲနေတာလား"

သမီးအသံက ခပ်ကျိတ်ကျိတ် ထွက်ပေါ်လာက
သူငယ်ချင်းတွေ မမြင်အောင် ကျောကိုကွယ်လျက် မျက်စိမျက်
ပျက်ပြနေသည်။

သမီး ဒီပုံလုပ်ပြပြီလား ဆိုမှဖြင့် ဖဦးတို့ ငြိမ်
သွားရပြီ။ လောကကြီးမှာ ဖဦးကို နိုင်တာဆိုလို့ သမီးတစ်ယော
တည်း ရှိတာမဟုတ်လား။

"ကဲ ... ကဲ ... သမီးတို့ စာကျက်စရာရှိလည်း ကျက်ြ
တော့၊ ဖေကြီး မနှောင့်ယှက်တော့ဘူး"

ဖဦးက ခပ်ကုပ်ကုပ်လေး တပ်ဆုတ်ခဲ့ရပါသည်
ကိုယ်က အမြင်မတော်လို့ ပြောချင်ဆိုချင်၊ ဆုံးမချင်ပေမဲ့လည်း
ဒီခေတ်လူငယ်တွေက သူတို့အယူအဆနဲ့သူတို့။ ကိုယ့်ရဲ့အယူအ
သဘောတရားတွေဟာ သူတို့နဲ့ကွက်တိ အံ့မဝင်တော့တာမှ
သည်။





အင်းလေ ...။ ဒီတစ်ခါ ပြောမရတော့လည်း နောက်
တစ်ခါပေါ့။ ဖဦးက လုံးဝလက်လျှော့လိုက်တာတော့ မဟုတ်။
သမီးကို တဖြည်းဖြည်းနဲ့ သဘောပေါက်လာအောင် နားချမည်
လို့ပဲ ယာယီဆုံးဖြတ်ချက် ချထားလိုက်တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စသီဇဦးဟာ ဇဦးရဲ့ တစ်ဦးတည်းသော သမီးလေး မို့လို့လား မသိပါဘူး။

သိပ်ချစ်စရာကောင်းတာ။

အဖေလုပ်သူကလည်း ချောချော၊ အမေလုပ်သူက လည်း လှလှဆိုတော့ ဒီသမီးလေးဟာ အဖေဆီကရော အမေဆီ ကပါ အချောအလှတွေ စုပေါင်းကာ ချောချောလှလှကလေး ဖြစ် နေရတော့တာပေါ့။

သမီးချောချောလေး မွေးထားမိမှတော့ ဇဦးတို့ ဥစ္စာရူးကြီးလုံးလုံး ဖြစ်ရပြီပေါ့။





သိကြတဲ့အတိုင်းပဲ။ အညှိရှိရာ ယင်အုံဆိုသလို ...။

ခဲ ... မဟုတ်သေးဘူး။ ဒီစကားပုံကြီး သုံးရတာ သိပ်တော့ ကောင်း။ ဟိုကောင်တွေ လူ့ကျန်းမာရေးကို ထိခိုက်စေတဲ့ ယင်ကောင် ဖြစ်သွားတာ အကြောင်းမဟုတ်။ ကိုယ့်ရဲ့ ချစ်လှစွာ သော သမီးလေး၊ မပြောရက် မဆိုရက်၊ မဆူရက် မမာန်ရက် ဘယုတာယ မွေးမြူထားရပါသော သမီးနုနုထွတ်ထွတ်ကလေးကို တော့ "အညှိ" ဆိုတဲ့ ရွံရှာစက်ဆုပ်ဖွယ်ရာ နာမည်မျိုး မပေးရက် ပါဘူး။

ဒါဖြင့် ဘယ်လိုပြောရမလဲ။ ရတနာရှိရာ ရတနာစု။ အာ ... ဒီလိုဆိုပြန်တော့လည်း ကိုယ့်သမီးကို ရတနာနဲ့နှိုင်းပြီး အမွှန်းတင်ချင်တာနဲ့ပဲ ဟိုကောင်တွေကိုပါ ရတနာအဖြစ် တင် စားရမှာမျိုးတော့ မလုပ်နိုင်ပေါင်။

ကဲ ... ထားလိုက်ပါတော့။ စကားပုံတွေ လိုက်ရှာ နေရင် အဆင်မပြေတာနဲ့ပဲ ပင်ပန်းပြီး ခရီးမရောက် ဖြစ်ရတော့ မယ်။ ပြောချင်တာကတော့ ယောကျ်ားလေးတွေဆိုတာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ချောချောလှလှရှိတဲ့ ပတ်ဝန်းကျင်မှာ ဝိုင်းဝိုင်းလည်နေတယ် ဆိုတာပါပဲ။

သင်းတို့မို့ အပင်ဖန်းလည်း ခံနိုင်ကြပါပေရဲ့။ မျက်နှာလည်း ပြောင်ရဲကြပါပေရဲ့။

ခင်ဗျားလည်း ငယ်ရာက ကြီးလာတာမဲလို့တော့ မပြောကြနဲ့ခင်ဗျာ။ ဗဦးတို့ ငယ်ငယ်တုန်းက ဒီလိုမဟုတ်ပါဘူး။ မိန်းကလေးတစ်ယောက်ကို နောက်ပိုး,ပိုးတယ် ဆိုရင်လည်း သိက္ခာရှိရှိလေးပါ။ ကိုယ့်ကြောင့် တစ်ဖက်မိန်းကလေး အရှက် မရ,စေရသလို ကိုယ်လည်း သိက္ခာမကျစေရ။

ဒီခေတ် ကလေးတွေမှာတော့ ပြောတောင်မပြော ချင်တော့ပါဘူး။ ကောင်မလေး သွားလေရာနောက်က တကောက် ကောက် လိုက်လားလိုက်ရဲ့။ လိုက်တယ်ဆိုရာမှာလည်း တကယ် ချစ်ခင်မြတ်နိုး တန်ဖိုးထားတဲ့ ပုံစံမျိုးမဟုတ်ဘဲ ဘောင်းဘီပွကြီး တဖားဖား၊ ဆံပင်ကြီး၊ လက်ကောက်၊ နားကွင်းမျိုးစုံ တကားကား ဆိုင်ကယ်ကြီး တလွှားလွှား။ အပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့ပြီး





ကိုယ်က ချစ်ပါတယ်ဆိုတဲ့ မိန်းကလေးကိုတောင်မှ မခံချိမခံသာ ဖြစ်ချင်ဖွယ်ရာ စကားလုံးတွေနဲ့) အော်ဟစ်နောက်ပြောင်လား နောက်ပြောင်ရဲ့။

ကောင်မလေးကားရှေ့က ပိတ်ရပ်ပြီး မင်းမှပြန်မ ချစ်ရင် ကားတိုက်အသေခံလိုက်မယ်လို့ ခြိမ်းခြောက်တာတို့၊ ညနက်သန်းခေါင် မိန်းကလေးအိမ်ရှေ့ ဂစ်တာလာတီး၊ ဟဲန်း အင်းနဲ့ ညလုံးပေါက် ဖုန်းထိုင်ဆက်၊ ကောင်မလေးကို ချစ်တဲ့ အကြောင်း ကွန်ပျူတာဒီဇိုင်းလှလှနဲ့ စာရွက်တွေထုတ်ပြီး လူသွား လူလာများတဲ့ နေရာတွေမှာ လိုက်ကပ်လိုကပ်။

ခုခေတ် ကောင်မလေးတွေ နေရာမှာ ဗဦးသာဆို ရင်တော့ ကိုယ့်ကို ဒီလောက် အနှောင့်အယှက် ပေးထားတဲ့ကောင် ကို ပြန်မကြိုက်ရုံသာမက တန်းစီပြီး ပါးတောင်ရိုက်ပစ်လိုက် ဦးမှာ။

ခုခေတ် ကောင်မလေးတွေကျတော့ ကိုယ့်ကိုဆန်းမေ့ အောင်ပေ့ဆိုတဲ့ နည်းစနစ်နဲ့ ချဉ်းကပ်နိုင်တာကိုပဲ အမှတ်ပေးကြ၊



www.burmeseclassic.com

www.burmeseclassic.com



နှစ်သက်သဘောကျစရာလို ဖြစ်နေကြတာ။ ဘယ်ကောင်လေးက ဖြင့် ငါ့ကို ဘယ်လိုကျောသွားတာ၊ ဘယ်တစ်ယောက်ကတော့ ငါ့ကို ဘယ်လိုလာပြီး သရော်မော်ကားပြုတာ၊ ဘယ်သူကတော့ ငါ့ကို ဘယ်လိုအထိနာစေတာ ဆိုတာတွေကိုပဲ ပြိုင်ပွဲတစ်ရပ်လို ပြိုင်ကာ ကြွားဝါနေကြလေသလား မသိ။

အားလုံးထဲမှာ ကိုယ့်သမီး တစ်ယောက်ကတော့ တော်သည်ဆိုရုံလေး တော်ရှာတယ်လို့ ပြောရဦးမှာ။

သမီးရဲ့သူငယ်ချင်းတွေ အားလုံး ရည်းစားရတဲ့ရ ရ၊ ပြတ်တဲ့လူပြတ်၊ မရသေးရင်လည်း မိန်းကလေးကစလို့ အသည်းအသန် ကြိုးစားတန်ကြိုးစား၊ ကိုယ့်ကိုလိုက်နေသည့် ကောင်လေးတွေထဲက ဘယ်သူ့ကို ရွေးရမလဲ ဦးနှောက်စားနေတဲ့ သူကစား။

ဒီအထဲမှာ ဗဦးရဲ့ သမီးလေး ပဉ္စသီဗဦး ကတော့ မပါရှာ (မပါဘူးလို့ပဲ ဆိုကြပါစို့။ မိဘတွေ စိတ်ချမ်းသာ အောင်)။





မပါရှာတဲ့အတွက် ဘာအန္တရာယ်က ဆက်ဖြစ်လာသလဲ ဆိုတော့ ရည်းစားငမ်းငမ်းတက် လိုချင်နေကြတဲ့ သကောင့်သားတွေက သူတို့လက်ရှိ ကြိုးမမ်းနေတဲ့ ကောင်မလေးတွေ တခြားသူနောက် ပါသွားတာနဲ့ ရည်းစားမရှိသေးတဲ့ ပဉ္စသီ့ဆီ လာလာကပ်ကြရော။ ဒီလိုနဲ့ပဲ သမီးလေးဆီမှာ ယောကျ်ားလေးဆွ စုပုံနေတော့တာ။

ဒီကောင်လေးတွေ အိမ်ရှေ့မှာ ခြေချင်းလိမ်နေကြပြီဆိုရင် ဗဦးနဲ့ တစ်ခုမဟုတ်တစ်ခု ပြဿနာတက်တာပဲ။

မိန်းကလေး အိမ်ရှေ့မှာ အုပ်စုဖွဲ့ပြီး ဗရုတ်ကျတာမျိုးဆို ဗဦးတို့က တော်တော့်ကို အမြင်မတော်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com





"ရင်ခွင်တစ်စုံမှာ ပန်းကလေးတစ်ပွင့် မူးပွင့်လို့လာ ...
အရည်ပျော်နေပြီ ... ပန်းကလေးက ပွင့်လိုက်တဲ့အခါ ...
ရင်မဆိုင်နိုင်ပါဘူး ... မင်းအကြည့် ... ခမ်းနားလွန်းလို့လေ ...
အရည်ပျော်နေတာ ... မင်း အဝေးကြီး သွားလိုက်တဲ့ အခါ ..."

အလုပ်ထဲ အာရုံဝင်စားနေတုန်း ဖြုန်းဆို ပြတင်းပေါက်က လေညင်းနဲ့အတူ ကသုတ်ကရက် ဝင်ရောက်လာသော သီချင်းသံစဉ်တစ်ခု။

ငယ်ငယ်လေးတည်းက ဂစ်တာကို မက်မက်မောမော ကျွမ်းကျွမ်းကျင်ကျင် တီးတတ်ပြီး သီချင်းဆိုဖို့လည်း ဝါသနာပါ





...ဘာကြောင့် ဗဦးက သီချင်းသံတွေကြားလျှင် စိတ်ညစ်တတ်သူ ...ဘာ့ မဟုတ်ပါ။

အသက်က ကြီးလာသော်လည်း လူက ခေတ်နောက် ...န်ဆွဲ ကျန်ခဲ့တာမျိုးမရှိ၊ စိတ်က နုပျိုလတ်ဆတ်ဆဲမို့ ခုခေတ် ...ပါသည့် ရက်(ပ်)တို့၊ ဟစ်(ပ်)ဟော့(ပ်)တို့၊ အော်(လ်)တာတို့ ...သည့် သီချင်းတွေဆိုလည်း နှစ်သက်လက်ခံလိုက်တာပင်။

သို့သော် ကိုယ့်အိမ်ရှေ့ ဂစ်တာဒေါင်ဒင်နဲ့ သံသေး ...ကြောင်နဲ့ သီချင်းလာဆိုနေသူတွေကိုတော့ ဘယ်လိုမှ သည်းမခံ ...၊

ဘယ့်နှယ်ဗျာ။ အသံတွေကလည်း မီးယပ်သည် ...ခြောက်ကိုက်သလို ပေစိစိ၊ ညှောင်နာနာ။ ဆိုလိုက်သည့်သံစဉ် ...သည်း မူကြိုကလေး ကဗျာရွတ်သံလောက်တောင်မှ ပုံမလာ။ ...လိုက်သည့် လက်ကွက်တွေကလည်း မုဆိုးမအိမ်က ဆီမထိုး ...သည့် တံခါးရွက် လေပြင်းတိုက်လို့ လှုပ်သံလောက်တောင်မှ ...ယာ။



www.burmeseclassic.com

www.burmeseclassic.com



မူရင်းအဆိုတော်တွေ ခများတော့ သူတို့တစ်ယော တစ်မျိုး လက်စွမ်းပြနေကြတာတွေကိုများ ကြားလျှင် တက်ပဲသေ မလား၊ ဂီတလောကကြီးကို အပြီးတိုင် ကျောခိုင်းစွန့်ခွာကုန်ကြ မလား မသိပေ။

အထူးသဖြင့် သည်းမခံနိုင်တာကတော့ တီးကွက်တွေပဲ။ ဘယ့်နှယ်ဗျာ။ ဒီလောက် အသုံးမကျတဲ့ကောင်တွေမှာ ဂစ်တာကို ကိုင်ရသေးတယ်လို့။ ဂစ်တာသာ သက်ရှိသတ္တဝါဖြ လို့ကတော့ မတန်တရာလူတွေရဲ့ ကိုင်တွယ်သုံးစွဲခြင်းခံရည် နူတောင် နူသွားနိုင်သည်။

"ဘယ်လိုလဲ … ဗိုဒ် ချစ်သူလေးရယ် …
မနိုးသေးခင် အိပ်မက်လေးထဲ …
သိပ်ချစ်လွန်းတော့လည်း …
အချစ်များစွာအတွက် …
ကိုယ်ဘာ၀တေးရမလဲ"





အေး … စတေး … စတေး။ တကယ်တမ်း စတေး ယ် ဆိုရင်တော့ မင်းရဲ့အသက်ကို စတေးဖို့ ငါက တောင်းဆိုမှာ ။

အခန်းထဲကနေ ကိုယ့်အလုပ်ကို အာရုံမစိုက်နိုင် ာ့ပဲ သီချင်းတစ်ပုဒ်စီကို စောင့်နားထောင်ရင်း ဗဦးက အသည်း ယားယား ဖြစ်လို့နေသည်။

တီးလိုက်တဲ့ လက်ကွက်တွေကလည်း မူရင်းတီးလုံး ဘခြားစီမှ တခြားစီ။ ကိုယ်က သီချင်းရဲ့ ကီးအမှန်ကို သိထား ာ မဟုတ်တာတောင်မှ ဒီကောင်တွေ ဘယ်နေရာလွဲလို့ ဘယ် းမှာ မှားနေတယ်ဆိုတာ မှန်းကြည့်လို့ ရနေသည်။

"စားမရ အိပ်မရ … အချိန်တွေထဲ …
သွေးအားနည်းလို့ ပိန်လာပြီ … မ,ရယ် …
မ,မချစ်လို့တော့ သေနိုင်တယ် …
အပိုတွေ မဆိုဘူး ယုံတော့ကွယ် …
မ,မှ မချစ်ရင် ဘဝပျက်သွားနိုင်တယ် …"



www.burmeseclassic.com

www.burmeseclassic.com



သွေးအားနည်းလို့ ပိန်လာပြီ ... တဲ့။ ကောင်းကွ
ပိန်ရုံသာမကပဲ အရိုးပြိုင်းပြိုင်းကျပြီး တစ်ခါတည်း မြေမြှုပ်
လိုက်ရရင် ပိုမကောင်းဘူးလား။

ပြီးတော့ ပြောလိုက်သေး။ မ,မှမချစ်ရင် ဘဝပျ
သွားနိုင်တယ် ... တဲ့။

ဒီလိုကောင်တွေလား။ ငါ့သမီးက ပြန်မကြိုက်
တခြားကောင်မလေးနောက် ဖတ်ခနဲဆို ပါသွားမှာတွေများ။

အိမ်က သမီးကလည်း ဒီအပြောကောင်းတိုင်း
ထားတဲ့ သီချင်းသံကို နားထောင်ပြီး အကျေနပ်ကြီး ကျေနပ်
လှဲမလား။

ဘုရား ...။ ဘုရား ...။ မဟုတ်ပါစေနဲ့။ ဒီအသံ
ကို သူ နားကြားပြင်းကတ်သလို သမီးလေးလည်း နားကြားပြ
ကတ်နေပါစေ။

ဗဦးက စိတ်ထဲကနေ တိတ်တိတ်လေး ဆုတောင်
နေမိသည်။ သမီးကို တိုက်ရိုက်ကြီးလည်း သွားမပိတ်ပင်ရဲ





က်စိဆိုတာက မမြင်ချင် မှိတ်ထားလို့ရသည်။ နားဆိုတာက
ကြားချင်လည်း ပိတ်ထားလို့ရတာမျိုးမှ မဟုတ်တာ။

နောက်ပြီး ခေတ်လူငယ် ဆိုတာကလည်း ခက်သား
။ သူ့ဘာသာ ထားလိုက်လို့ ဘာမှ မဖြစ်ပဲ နေချင်နေမည်။
ကြီးကတော့ ဒါတော့ မသင့်တော်ဘူးလို့ သွားတားလိုက်လို့
တော့ မဖြစ်မနေ ဖွတ်တိုးချင် တိုးမှာ။

"ကိုယ့်ဘာသာကိုယ် ချစ်တာ ... ဘာဖြစ်လဲ ... ဘာဖြစ်လဲ ...
မတားနိုင်ပါဘူး ... ချစ်တာ အပြစ်လား ...
မင်းမာနကို မင်း ရုပ်သိမ်းပါကွယ် ...
ကိုယ့်ဘာသာကိုယ် ချစ်တာ ... ဘာဖြစ်လဲ ... ဘာဖြစ်လဲ ...
ထုံးစံတွေမို့လည်း ... အပြစ်မဆိုစေချင်ဘူး ..."

ဟာ ... တယ်ဆော်ပါလား။

ဒီနေ့အဖို့ စိုင်းစိုင်း၊ အက်ဆစ်၊ မျိုးကျော့မြိုင်၊
လက်(စ်)၊ R. ဇာနည်၊ မြေပဲယို။ သီချင်းအမျိုးအစား စုံအောင်
နေရသည့်အထဲ ဒီတစ်ယောက်ကတော့ တစ်ဘာသာပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဖာ ... တဲ့။

ကိုယ်တို့ခေတ်က နှစ်ခြိုက်ခဲ့ရသော သီချင်းတစ်ပု ကို အသစ်တစ်ဖန် ပြန်လည်ကြားလိုက်ရတာမို့ ဗဦးက စိတ်ဝ တစားဖြစ်ကာ နားစွင့်ထောင်လိုက်မိသည်။

"ဂျောင် ... ဂျင် ... ဂျောင် ... ဝွမ်"

အောင်မယ်လေးဗျာ။

ဒီတစ်ခါတော့ နားထောင်ပြီး နှာခေါင်းရှုံ့ရုံတ မက ယောင်ယမ်းပြီး နားနှစ်ဖက်ကိုတောင် ပိတ်ပစ်လိုက်ရသ အထိပါပဲ။

ကိုင်ဖာ့ အသံ ရှရှအက်အက်နဲ့ လိုက်ဖက်သ သီချင်းမျိုးကိုမှ အသံသြကြီးနဲ့ ဟိန်းနေအောင် ဆိုထည့်လို တာ။

အသံကလည်း မောင်းကွဲထုသံလို ကျယ်သာကျ သည် စည်းဝါးမကိုက်သည့် အသံမျိုး။





ထားတော့။ အသံကောင်းသည် မကောင်းသည် ဆိုတာက ဘုရားပေးသည့် ဆုလာဘ်ပဲမို့ သူတို့ကို အပြစ်မတင် သာ။

သီချင်းဆိုရာမှာ စည်းဝါးမကျတာကိုတောင်မှ ဗဦး ခွင့်လွှတ်နိုင်သေးသည်။

ဂစ်တာတီးရမှာ ကီးမမိတာ၊ လက်ကွက်မှားတာကို တော့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်။

ဒီကောင်တွေ ဒီသီချင်းကို ဘာကီးတွေနဲ့ တီးနေတာ မသိ။

လက်ကွက်က အတော်ကို ညံ့သည်။ မဟုတ်သေး ။ ကိုင်ပုံကိုက မှားနေတာလား မသိ။

ဗဦးက သည်းခံနားထောင်နေပါသော်လည်း ကြိုးပင် သချာမညှိရသေးသော ဂစ်တာသံ ဗာကြောင်းကြောင်း တဂျောင်း ချောင်းကြီးကို ဘယ်လိုမှ စိတ်ရှည်သည်းခံနေလို့ မရတော့ပါ။

"ကိုဗဦး"



www.burmeseclassic.com

ဇနီးသည်ရဲ့ တားဆီးသံ ခပ်တိုးတိုးက ဗဦး နောက်မှာ လွင့်ပျံကျန်ခဲ့ကာ လူကတော့ ခြံပြင်ကို ခွေ့ခနဲ ရောက်သွားခဲ့ပြီ။





"ပော့ကောင်တွေ"

အိမ်ရှေ့တံခါး၀ကို ခြေချမိရုံရှိသေး ဒေါသက အထွတ်အထိပ် ရောက်နှင့်ကာ အော်သံက အရင်ထွက်လာသည်။ ဘာလို့လဲဆိုတော့ အမှောင်ထဲမှာ သင်းတို့ရဲ့အရိပ် မှုန်ပျပျကို မြင်ရချိန်မှာ ဗဦးရဲ့ ဒေါသတွေက ပိုပြီးကြီးထွားအားကောင်းလာသို့လေ။

ဗဦး အော်သံကြောင့် ကောင်လေးသုံးယောက်ရှိသည့်အထဲ နှစ်ယောက်က တလွှားလွှား ထ,ပြေးသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်။ သကောင့်သားက သူ့ရဲ့ကောင်းလေး တစ်ကောင်ကတော့ မပြေးပဲ ကျန်နေသဗျ။

"ဟော့ကောင် ... ခဏလာဦး"

ကောင်လေးက ဂစ်တာကို တန်းလန်းဆွဲကာ လိမ်ဖည်လိမ်ဖည်နဲ့ ဗဦး အနား ရောက်လာသည်။

ကိုယ့်အနား တဖြည်းဖြည်း တရွေ့ရွေ့ လှမ်းလာသော ကောင်ကလေးကို ကြည့်ရင်း ဗဦး မျက်စိထဲမှာ တစ်ချိန်က ဦးပညာကြီးထံ တရွေ့ရွေ့ ချဉ်းကပ်သွားနေရသော မောင်ဗဦးဆိုသည့် လူငယ်လေးတစ်ယောက်ရဲ့ ပုံရိပ်ကို ပြန်ပြီးမြင်ယောင်လာသည်။

ဗဦးက ခေါင်းကို ဖျစ်ဖျစ်မြည်အောင် ခါယမ်းပစ်လိုက်သည်။ မေ့ထားလိုက်စမ်း။ ဒါတွေဟာ အတိတ်မှာကျန်ခဲ့ပြီ။

"ကျွန်တော့်ကို ခေါ်တာလား အန်ကယ်"

"အေးပေါ့ကွ ... မင်းကို မခေါ်လို့ ငါက ဘယ်သူ့ကို သွားခေါ်ရမှာလဲ"





"ဟို ... ဘာများ အကူအညီ တောင်းစရာရှိလို့လဲခင်ဗျ"

အောင်မာ ...။

ခွေးကောင်လေး။

မေးပုံက အကြောကြီးနဲ့ ကြည့်ဦး။ သူ့လိုမလောက်လေး မလောက်စား ငချွတ်ကလေး တစ်ကောင်ကများ ဗဦးလိုလူကြီးတစ်ယောက်ကို ဘာအကူအညီ တောင်းစရာရှိလို့လဲ ... တဲ့။

ငါ့အိမ်က အိမ်သာကျင်း ပြည့်နေလို့ မင်းကို ဆယ်ခိုင်းမလို့ကွလို့ ပြောလိုက်ရရင် ကောင်းမလား။

"ခုနက သီချင်းဆို ဂစ်တာတီးနေတာ မင်းတို့ မဟုတ်လား"

လက်ထဲမှာ သက်သေခံပစ္စည်းဖြစ်သည့် ဂစ်တာကြီးနဲ့ဘာကွ မိနေတာတောင်မှ မင်းတို့ မဟုတ်လားလို့ မေးနေသေးသော ဗဦးကို ကောင်လေးက အူကြောင်ကြောင် ကြည့်ကာ ...

"ဟုတ်ကဲ့ခင်ဗျ"

"ဂစ်တာတီးတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"စောစောက နှစ်ကောင် ထ,ပြေးသွားသေးတယ်ကွာ၊ မင်းရယ် ... သူတို့နှစ်ယောက်ရယ်၊ အားလုံးသုံးယောက် ပေါင်းထဲမှာ စောစောက ကိုင်ခဲ့သီချင်းတီးတာ ဘယ်သူလဲ"

"ကျွန် ... ကျွန်တော်ပါ"

ကောင်လေး စိတ်ထဲမှာ သူများအိမ်ရှေ့ ဂစ်တာလာတီးကြမှတော့ ပြစ်မှုလုပ်မိတာချင်း အတူတူပဲ ဖြစ်နေပြီ။ ဘယ်သူတီးတယ်ဆိုတာ အရေးတကြီး မေးစရာလိုသေးလို့လားဟု တွေးနေလေသည်။

ထို့ထက်ပိုပြီး အတွေးချော်ကြည့်လျှင် ငါ ဂစ်တာတီးကောင်းလွန်းလို့များ သဘောကျသွားပြီး သူ့သမီးနဲ့ ပေးစားဖို့ ခေါ်တွေ့သလားလို့ ထင်ချင်ထင်စရာပင်။

"မင်း ... ဟုတ်လား။ ဒါဆို မေးပါရစေဦး၊ မင်း ဘယ်သူ့ဆီမှာ ဂစ်တာတီး သင်ထားတာလဲ"





ကောင်လေးဟာ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်၊ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့။

သူ့အိမ်ရှေ့ ဂစ်တာတီးလို့ ဆူချင်လည်း ဆူပေါ့။ ဘာလို့ မဆိမဆိုင် မေးခွန်းတွေ မေးရသေးတာလဲ။ ကျွန်တော့ ဂစ်တာတီး သင်ပေးသည့်ဆရာကိုပါ ခေါ်ပြီးဆူတော့မှာများလား။

"ကျွန်တော့် သူငယ်ချင်းတစ်ယောက် သင်ပေးတာပါ"

"သူငယ်ချင်း ဆိုတော့ တကယ်သင်တန်းဖွင့်ပြီး သင်တဲ့ ဆရာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး ခင်ဗျာ"

"မင်း ဂစ်တာတီးသင်တာ ဘယ်လောက်ကြာပြီလဲ"

"တစ်လ မပြည့်သေးဘူး ခင်ဗျ"

ပဉ္စသီဗဦး ဆိုတဲ့ ကောင်မလေးကို စတင်စွဲလမ်းမိတာမှ ကောင်မလေးအိမ်ရှေ့ ဂစ်တာတီးရင်း သီချင်းဆိုနိုင်ဖို့ရာ အရေးပေါ် သင်ထားရတာ။

"မင်း ဘာတတ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

"မင်း ဘယ်သီချင်းတွေ ကောင်းကောင်းတတ်သလဲ၊ ဘယ် ကီးကို တီးရတာ အားရသလဲ၊ အခုတီးတာရော မင်းကိုယ် မင်း ပိုင်လှပြီထင်လို့ တီးတာလား"

"ကျွန်တော် ဘယ်သီချင်းမှ ကောင်းကောင်းမပိုင်သေးပ ဘူး ခင်ဗျာ၊ အခုတီးတာလည်း စမ်းကြည့်ရုံ သက်သ ပါ"

"မင်း ဒီသီချင်းကို ဘယ်လိုတီးရသလဲ သေသေချာချ သိသလား"

"ဟို ... မသိ ..."

"ကဲ ... ပေးစမ်း မင်း ဂစ်တာ"

ကောင်လေးက ယောင်ယောင်ကန်းကန်းနဲ့ သူ ဂစ်တာကို ဗဦး လက်ထဲ ထိုးပေးလိုက်ပါသည်။

"ဒီမှာကြည့် ... လက်က ဒီကြိုးပေါ်တင်၊ ပြီးရင် ဒီဘ လက်က ..."





ဗဦး ပြသနေသမျှ ကောင်လေးက သေသေချာချာ ရှုတစိုက် နားထောင်ရှာသည်။

"တွေ့လား ... ငါတီးပြတော့ သံစဉ်မမှန်သွားဘူးလား၊ မင်းတို့ကောင်တွေကွာ၊ ခေတ်လူငယ်ဖြစ်ပြီး ဒီလောက်က လေးတောင်မှ အသုံးမကျဘူး"

"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် မှားပါတယ်၊ နောက်ဆို ကျွန်တော့်မှာ လိုအပ်ချက်ရှိရင်လည်း အန်ကယ်ပဲ ညွှန်ပြ ပေးပါ၊ ကျွန်တော့်ကိုယ် ကျွန်တော် အပ်ပါတယ်ခင်ဗျ၊ ကျွန်တော့်ကို တပည့်အရင်းအချာ တစ်ယောက်လို ..."

"ဟေ့ကောင် ... တော်ကွတော် ... မင်းကို အမြင်မတော် လွန်းလို့ ဝင်ပြပေးတာ၊ နောက်ဆက်တွဲ ဘာမှဆုံးမပဲ့ပြင် နေစရာ မလိုဘူး၊ မင်းနဲ့ငါ အရှည်သဖြင့် ပတ်သက်စရာ လည်း မလိုဘူး၊ မင်းလည်း ငါ့အိမ်ရိပ် မနင်းနဲ့တော့၊ အောင်မာ ... လုပ်ပုံကိုင်ပုံ မဟုတ်လွန်းလို့ ပြောမိပါတယ်၊ သူ့ကိုများ တူလိုသားလို သဘောထားရဦးမတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက သွားတက်ကလေးတွေ ပေါ်အောင် ပါးစပ်ကလေးဖြဲလျက် တဟဲဟဲ ရယ်နေသည်။

ကောင်လေးမျက်နှာ ကြည့်ပြီး ဗဦးမှာ စိတ်ဆိုး အခက်၊ မဆိုးရအခက်။

ဒီမျက်နှာမျိုးလေးဟာ လွန်ခဲ့သော ဆယ့်ကိုးနှစ်တာ ကာလတုန်းက ဦးပညာကြီးရှေ့မှာ သူ လုပ်ခဲ့ဖူးသော မျက်နှာမျိုး လေး ဖြစ်နေတာကို ဗဦးက သတိထားလိုက်မိသည်လေ။





"ရွတ် ... ရွတ် ... ခဏလေး"

လှေကားထောင့်ချိုး အကွေ့ကနေ ပေါ်လာသော သံကြောင့် ပဋ္ဌသိက ခြေလှမ်းကို တုံ့ခနဲ ရပ်ကာ လှည့်ကြည့် ကပါသည်။

လှည့်ကြည့်သည် ဆိုဖေမဲ့ ဘယ်သူ့ကို တွေ့ရမလဲ တာ သိထားပြီးသားပါ။

ဒေင် ...။

သူမကိုလိုက်ကြသည့် ကောင်လေးတွေထဲမှာ ဒေင် သောက်ကတော့ ဖွဲ့အကောင်းဆုံးလို့ ပြောရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပိတ်ရက်တွေမှာ အိမ်ထဲ မနေချင်တာ အပြင်ထွက်ဖို့အတွက် အကြောင်းပြချက်အနေနဲ့ ရှာဖွေတက်ထား ရသော သင်တန်းတွေတိုင်းကို ရောက်အောင် လိုက်လာနိုင်သူမှာ ဒေင် တစ်ယောက်တည်း ရှိသေးသည်။

သူ့ခများလည်း အချိန်တွေ တော်တော်ပေါနေတယ် ထင်ပါ့။ ပဥ္စသီ တက်သမျှသော ကွန်ပျူတာသင်တန်း၊ စပီကင် သင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ အေရိုးဗစ်သင်တန်း၊ အားလုံး အားလုံးကို သူ မရောက်လိုက်တာ မရှိ။

ကိုယ့်သင်တန်း အချိန်စာရင်းတောင် ကိုယ့်ဘာသာ မနည်းမှတ်နေရချိန်မှာ သူကလည်း အတိအကျကို မှတ်မိနိုင်ပါပေ

သူ ဒီလောက် တကောက်ကောက် လိုက်နေပေ လည်း ပဥ္စသီကတော့ သူ့ကို ပုံမှန်လောက်ပဲ ဆက်ဆံပါသည်။ သူ့ကိုမှ မဟုတ်။ တခြား ဘယ်ယောက်ျားလေးကိုမဆို ပဥ္စသီ တုံ့ပြန်မှုဟာ အပိုအလိုမရှိ တည်တည်တံ့တံ့၊ အေးအေးဆေးဆေး ပင်။





ခါတိုင်း သူက တရွှတ်ရွှတ်၊ တချွတ်ချွတ် လိုက် လည်း ပြန်မထူးတတ်သည့် ပဥ္စသီက ဒီတစ်ခါတော့ စိတ်ပါ တက်ပါကို ရပ်စောင့်နေဖြစ်သည်။

မနေ့က ပြဿနာကို သေသေချာချာ သိချင်လှသည် သော။

ဖေဖေ ဝန်းဒိုင်းရှူးရှားနှင့် အိမ်ရှေ့ထွက်သွားပြီး ဒေင့်ကို ဘာတွေပြောသလဲ ဆိုတာ ပဥ္စသီက သိချင်သည်။ အချိန် အတော်ကြာအောင် ပြောတာတော့ ပြောတာပင်။ ဒေါတွေ ဒေါသတွေနဲ့ ပြောတာလည်း ပြောနေတာပင်။ အိမ်ထဲနဲ့ ခြံဝက နေတာမို့ သူတို့ ဘာတွေပြောနေသည် ဆိုတာကိုတော့ သေသေ ချာချာ မကြားရ။

တစ်ကြိမ်မှာ ဖေဖေက ဒေင့်ထံက ဂစ်တာတောင်း လိုက်တော့ ပဥ္စသီ ရင်ထိတ်သွားခဲ့ရသေးသည်။

ဖေဖေများ ဂစ်တာကို ရိုက်ခွဲလိုက်မလားလို့ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဒေဇင့် အပေါ် စေတနာရှိလွန်းလှတာ မဟုတ်သော်လည်း ကိုယ့်ကို ဘာအနှောင့်အယှက်မှ မပေးပဲ ခြံထိပ်ခပ်လှမ်းလှမ်းမှာ ဂစ်တာတီး၊ သီချင်းဆိုရုံ ဆိုနေသော လူတစ်ယောက်ကို ကိုယ့်မိသားစုဘက်က ဒီလောက်ကြီး မရိုင်းစိုင်းသင့်ဘူးဟု ပဥ္စမီက ထင်သည်။

သို့သော် ဖေဖေက ဂစ်တာကို ရိုက်မခွဲခဲ့ပါ။

စိတ်ဝင်စားဖို့ ကောင်းတာက ဒေဇင်ရဲ့ ဂစ်တာကို တောင်းယူပြီး ဖေဖေ ဘာလုပ်ခဲ့သလဲ ဆိုတာပါပဲ။

ဖေဖေ့ ပုံစံက စိတ်ဆိုးမာန်ဆိုး ရှိလှတာမို့ သူ့ကိုတော့ ဖြစ်ကြောင်းကုန်စင်ကို သွားမမေးရဲ။

ဒီတော့ အကျိုးအကြောင်း သိဖို့ရာ ဒေဇင်ပြောပြလာမည့် စကားကို နားထောင်ဖို့ပဲ ရှိတော့တာပေါ့။

"ပဥ္စ ဖေဖေ လာကြိုမှာလား"

"ကြိုမှာပေါ့၊ ခါတိုင်းလည်း ဖေဖေပဲ ကြိုနေကျဥစ္စာ"

"ဒါဆို စကားပြောဖို့ အချိန်သိပ်မရဘူးပေါ့နော်"





"ဘာစကားမှလဲ အချိန်ယူပြီး ပြောဖို့မရှိဘူးလေ"

"ကျွန်တော် မေးစရာလေး နည်းနည်းလောက် ရှိလို့ပါ"

ဒေဇင့် မျက်နှာက အကြောင်းမရှိ အကြောင်းရှာစကားဖောင်ဖွဲ့ဖို့ ကြိုးစားလာသည့် မျက်နှာမျိုး မဟုတ်ပဲ တစ်စုံတစ်ခုကို သေသေချာချာ သိချင်လို့ မေးတော့မည့် မျက်နှာမျိုး။

"ဘာမေးမလို့လဲ"

"ဟိုလေ ... ပဥ္စ ဖေဖေက ဘယ်လိုလူစားမျိုးလဲဟင်"

မြတ်စွာဘုရား။

ဒေဇင်ရဲ့ မေးခွန်းဟာ အတော်ထူးဆန်းသည်။

ကိုယ်အသည်းအသန် လိုက်နေသည့် မိန်းကလေးတစ်ယောက်နဲ့ တစ်ကြိမ်တစ်ခါ ရှားရှားပါးပါး၊ ခဏတဖြုတ်လေးတွေ့ခွင့်ရသခိုက် ကိုယ့်အတွက် အကျိုးရှိမည့် စကားတွေ ပြောပါတော့လား။

ကိုယ့်ကို ကောင်မလေး နှစ်သက်သဘောကျစေမည့်စကား၊ ခပ်ချွဲချွဲစကားတွေပဲ ပြောပါတော့လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေ မပြောပဲ ကောင်မလေးအဖေအကြောင်း[illegible] မေးသည်ဆိုတော့ ဒါ မထူးဆန်းဘူးလား။

အင်း ... ဒီတစ်ယောက် ကြည့်ရတာ ယောကျ်ား[illegible] စိတ် စစ်စစ်မှ ဟုတ်ရဲ့လား။

ဖေဖေနဲ့ တစ်ခါတလေလေး စကားပြောခွင့် ရလိုက်[illegible] တာနဲ့ပဲ စိတ်ပြောင်းသွားပြီး ...။

အောင်မယ်လေးလေး။ တွေးရင်းနဲ့တောင် ကြက်သီး[illegible] ထ,သည်။

ကိုယ့်အဖေကို ကောင်လေးတစ်ယောက်က ဒီ[illegible] စိတ်ကြီး ထားနေမှာများ တွေးကြည့်ရုံနဲ့တင် ဘယ်လော[illegible] အသည်းယားစရာ ကောင်းသလဲ။

“ပေါက်ကရတွေ မတွေးနဲ့နော်၊ ကျွန်တော်က တက[illegible] စိတ်ဝင်စားလို့ မေးတာ”

ပဋ္ဌသို အတွေးကို သဘောပေါက်လိုက်သည့် [illegible] က အလန့်တကြား လှမ်းပိတ်လိုက်တာပင်။





သို့သော် သူပိတ်လိုက်တော့မှပဲ ပိုဆိုးသွားတာက “တကယ်စိတ်ဝင်စားလို့” ဆိုသည့် သူ့စကားကို ပဋ္ဌသိက ပိုပြီး အထိတ်တလန့် ဖြစ်သွားခြင်းပင်။

“ဟင် ... ရှင်က ကျွန်မအဖေကို စိတ်ဝင်စားတယ်၊ ဘုရား ... ဘုရား ... တကယ်ပြောတာလားဟင်”

“ဟာ ... မဟုတ်ဘူး၊ အဲဒီအဓိပ္ပာယ်နဲ့ ပြောတာမဟုတ်ဘူး၊ ဟာ ... ဘာတွေလဲကွာ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ မထင်သင့် မထင်အပ်တာတွေ”

“ဘယ်သိမလဲ၊ ရှင်ပဲ ပဋ္ဌအဖေအကြောင်း အတင်းကြီး လာမေးနေပြီးတော့”

“ကျွန်တော် မေးတာက ... ဟို ... ဟိုလေ ... ပဋ္ဌအဖေက ဟိုဒင်း ... နည်းနည်း ထူးဆန်းတယ် ထင်လို့ပါ”

စိတ်ထဲရှိသလောက် တိတိကျကျကြီး မပြောဝံ့လို့ [illegible] အားမနာတမ်း ပြောရမည် ဆိုလျှင်တော့ ပဋ္ဌအဖေကြီးက [illegible]မှန့်ရဲ့လားလို့ ပြောရမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။ ကိုယ့်သမီးကို လာနှောက်ပိုးသော ယောကျ်ားလေးတစ်ယောက်ကို အဖေတစ်ယောက်အနေနဲ့ မကြည်ဖြူတာ၊ မောင်းထုတ်တာဟာ အကြောင်းမဟုတ်။ ဖြစ်သင့်သည်၊

အဲ ... အဲဒီကောင်လေးကို ဂစ်တာတီးနည်း သွားသင်ပေးတာကျတော့ အဓိပ္ပာယ် မဲ့လွန်းသွားပြီ။

ပြီးကျတော့ ကြည်ဖြူတာလည်း မဟုတ်။ နောက်ကိုမလာနဲ့၊ မပတ်သက်နဲ့လို့လည်း ပြောလွှတ်လိုက်သေးသည်။

ကဲ ... ဒီလို အဖေတစ်ယောက်ရဲ့ စိတ်ဓာတ်အခြေအနေဟာ ပုံမှန်ဟုတ်ရဲ့လားလို့ သံသယဝင်တာများ သူလွန်သလားလို့။

ဒေင်ရဲ့အတွေးကို ပဥ္စမီက အခုတော့မှပဲ သဘောပေါက်ကာ ပူနေသည့်စိတ်တွေ လျော့ကျသွားရပေမဲ့ နှောက်တက်မျိုး ဒေါသထွက်ရပြန်သည်။

"ဩော် ... ရှင်က ကျွန်မအဖေကို ရူးနေတယ်လို့ စွပ်စွဲတာလား"





"ဟာ ... မဟုတ်ပါဘူး၊ အဲဒီလောက်အထိ ပြောချင်တာလုံးဝကို မဟုတ်ဘူး၊ ဒါပေမဲ့လေ ... ဟို ... အန်ကယ့်အပြုအမူက နည်းနည်းဆန်းတော့ ..."

"ကဲ ... ပြောစမ်းပါဦး၊ ဆန်းတယ်ဆိုတာ၊ ဘာတွေများဆန်းနေသလဲ"

"ဒီလိုပါ၊ မနေ့က ..."

ဒေင်က ဖြစ်ကြောင်းရယ်ကုန်စင်ကို နုတ်သံနှောပြီးပြောပြရတော့သည်။

"ဟယ်တော် ... တကယ်"

"တကယ်ပေါ့ဗျ၊ ကျွန်တော်က အကြောင်းမဲ့ လိမ်ပြောပါ့မလား"

"မယုံလို့ မဟုတ်ပါဘူး၊ မယုံချင်စရာကြီး ဖြစ်နေလို့၊ ဖေဖေက ကိုယ့်အိမ်ရှေ့ ဂစ်တာလာတီးတဲ့ သူတစ်ယောက်ကို အော်ငေါက်မထုတ်ပဲ တီးနည်းသင်ပြပေးလိုက်တယ်ဆိုတော့ ... အင်း ... ဖြစ်နိုင်ပါတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ဘာဖြစ်နိုင်တာလဲ"

"ရှင့်လက်သဲက တော်တော့်ကို ဆိုးဝါးနေလို့ ဖြစ်မှာ ပေါ့"

"ဗျာ"

"ဟုတ်မယ် ... ပဥ္စအဖေမှာ အမြင်မတော်တာ တွေ့ရင် ဘယ်လိုမှ မနေနိုင်တဲ့ ရောဂါရှိတယ်၊ ရှင့်ဂစ်တာသံ ဆိုးဝါးလွန်းတော့ သူ့သမီးကို လာတီးပြနေတာဆိုတာ တောင် မေ့သွားပြီး ပြုပြင်ပေးချင်စိတ် တဖွားဖွား ပေါ်လာ လို့ ဖြစ်မှာ"

"ဟုတ်လား ... အဲဒီအဖြစ်မျိုး ရှိသလား"

ဒေင်က တရုတ်ကားတွေထဲက ပြောနေကျ လေသံ မျိုး သုံးစွဲကာ ပြောလိုက်ခြင်းပင်။

"ရှိတာပေါ့၊ ဖေဖေဟာလေ ရယ်စရာကောင်းလောက် အောင်ကို နေရာတကာ စပ်စပ်,စပ်စပ် ပါတာ၊ ပဥ္စသူငယ်





ချင်းတွေကိုဆိုလည်း အမြင်မတော်ရင် ဝင်ပြောတာပဲ၊ ဈေးသည်လည်း ကြည့်မရရင် ပြောလိုက်တာပဲ၊ ကိုယ့် ကလေးကိုယ် ကားလာမဲ့လမ်းဘက်က ထားပြီး လမ်း လျှောက်တတ်တဲ့ အမေမျိုး တွေ့ရင်လည်း ပြောလိုက်တာ ပဲ။ နောက်ဆုံး ကုန်ကုန်ပြောမယ်၊ သူတောင်းစားကိုတောင် မှ ခင်ဗျား အသက်အရွယ်နဲ့ ဒီလောက် နေပူထဲတောင် တတောက်တောက် လျှောက်သွားနိုင်သေးတဲ့ ကျန်းမာရေး နဲ့ဆိုရင် တောင်းမစားပဲ အလုပ်တစ်ခုခု ရှာလုပ်ပေါ့တဲ့၊ ယောကျ်ားငယ်ငယ်ရွယ်ရွယ်တစ်ယောက် တောင်းစားနေရ တယ်ဆိုတာ ဘယ်လိုမှ အမြင်မတော်ဘူးတဲ့လေ၊ သွားပြော သေးတာ"

"ဟား ... ဟား ..."

ဒေင်က ဘယ်လိုမှ မနေနိုင်တော့ပဲ တဟားဟား သာ အော်ရယ်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန္နသိရဲ့ အဖေဟာ တကယ့်ကို လူထူးလူဆန်းကြီးပဲ။

ပုံစံကြည့်တော့ ပြောရဆိုရ လက်ပေါက်ကတ် ခက်ခဲမည့် လူ့ခွစာ၊ အူကြောင်ကြောင်ပုံ မရှိ။ ယခု အသက်အရွယ်အထိတိုင် သန့်စွမ်းနက်မှောင်ဆဲ ဆံပင်တွေကို ပုံကျကျဖြီးသင်ကာ ရှပ်အင်္ကျီအတောင့်စား၊ ပုဆိုးအကောင်းစား၊ တစ်ခါတစ်ရံ စတိုင်လ်ဘောင်းဘီ အကောင်းစားနဲ့ ကြော့နေအောင် ဝတ်ဆင်ထားသည့် ဥပဓိရုပ်ကောင်းကောင်း လူကြီးတစ်ယောက်ဟာ စိတ်မထင်လျှင်မထင်သလို အူကြောင်ကြောင်တွေ ထ,လုပ်တတ်လိမ့်မည်လို့ ထင်ကိုမထင်ရ။

"ရှင်က ဘာရယ်တာလဲ၊ ပန္နအဖေကိုများ ရယ်စရာလား"

ပန္နသိကဖြင့် စိတ်ဆိုးနေပြီ။ ဒေါင်ကတော့ ပန္နသိစိတ်ဆိုးတာကိုလည်း အမှုမထားအား။ ဦးဗဦး မျက်နှာကြီးကို မြင်ယောင်လိုက်၊ သူတောင်းစားကို လက်ညှိုးငေါက်ငေါက်ထိုးကာ





အကျိုးမဲ့ ဆုံးမသြဝါဒ ခြွေနေဦးမည့် ပုံကြီးကို မြင်ယောင်လိုက်နဲ့ ရယ်ချင်စိတ်တွေက ထိန်းမရအောင် တလိပ်လိပ်ပဲ တက်လို့နေတော့သည်။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



"ပဥ္စသီ"

"လာပြန်ပြီ၊ ရှင့်ကို ဖေဖေ ဘာပြောထားလဲ"

"ဘာပြောထားရမှာလဲ"

"နောက်ကို အိမ်ရိပ်မနင်းနဲ့တော့လို့ ပြောတယ်လေ"

"ဟုတ်တယ်လေ၊ အဲဒီစကားကို ကျွန်တော် မြေဝယ်မကျ နားထောင်သွားပဲ"

"ဘယ်မှာ နားထောင်လို့လဲ၊ ခုတလော ပဥ္စ နောက်က လိုက်ရုံတင် မကဘူး၊ စကားတောင် အတင်းအတင်းလိုက် ပြောနေသေးတဲ့ဟာ"





"ဒါက သူ့ကန့်သတ်ချက်နဲ့ မဆိုင်ဘူးလေ၊ သူက အိမ် ရိပ်မနင်းရဘူးလို့ ပြောထားတာ၊ ကျွန်တော် ဘယ်မှာနင်း လို့လဲ၊ ကျွန်တော် အခုရပ်နေတဲ့နေရာက ပဥ္စတို့အိမ်ရိပ်နဲ့ အဝေးကြီး၊ ခုနစ်မိုင်လောက် ကွာတယ်၊ ပြီးတော့ ပဥ္စ အဖေတားတာက သူနဲ့ပတ်သက်စရာ အကြောင်းမရှိဘူးလို့ ပဲ တားတာနော်၊ ပဥ္စကို စကားမပြောရဘူးလို့ လုံးဝမတား ထားဘူး"

စကားကတ်ပြောတတ်လွန်းလှသော ဒေဗ္ဗကို ပဥ္စသီ က နှုတ်ခမ်းစူကာ မျက်စောင်းလေးပဲ ထိုးကြည့်နိုင်တော့သည်။

ဟုတ်တော့လည်း ဟုတ်သား။

ဒီအဖေတစ်ယောက်ဟာ စကားကို တာ့လုံအောင် ပြောတတ်လိုက်ပုံများ ကိုယ့်ဘက်က ထိခိုက်နစ်နာစရာတွေချည်း ဖြစ်နေတော့တာပဲ။

ကိုယ်သဘောမကျသည့် ယောကျ်ားလေးတစ်ယောက် ကိုယ့်သမီးနား မကပ်နိုင်အောင် တားမယ်ဆိုရင်လည်း စကားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို တိတိကျကျလေး သုံးပြီးတားပေါ့။ ဒါကိုမှ ဟိုဘက်က မလိုက်နာလျှင် သူ့ရဲ့ပျက်ကွက်မှု။

အခုတော့ ဖေဖေ ပြောလိုက်ပုံက ငါ့သမီးနား ကပ်ချင်သလောက်ကပ်စမ်းကွာလို့ အခွင့်ပေးလိုက်တာထက်တောင် ဆိုးနေသေးတော့သည်။

"ဖေဖေက စိတ်ဆိုးတုန်းမို့ ပြောလိုက်တာ"

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်၊ ဒါကြောင့် ဖွေမယူတာပေါ့"

"ဘာပြောတယ်"

"ဖွေမယူဘူးလို့ ပြောတာလေ၊ ကိုယ်က လူငယ်မဟုတ်လား၊ လူကြီးတွေကို တတ်နိုင်သလောက် နားလည်ခွင့်လွှတ်ပေးရမှာပေါ့

"အလိုတော် ... သူကပဲ စကားကြီး စကားကျယ် ပြောသေးတယ်၊ ပဋ္ဌ ဆိုလိုတာ အဲဒါမဟုတ်ဘူး၊ ဖေဖေ စိတ်ဆိုးတုန်းမို့ သေသေချာချာ စီစဉ်စဉ်းစားပြီး မပြောလိုက်





လို့ တားမြစ်ချက်တွေက တိတိကျကျ၊ ထိထိမိမိ မရှိတာလို့ ပြောတာ၊ အမှန်တော့ ဖေဖေ တားချင်တာက ပဋ္ဌနဲ့ လုံးဝ မပတ်သက်နဲ့၊ အနားတောင် မသီနဲ့၊ ဒါပြောချင်တာ"

"မဟုတ်သေးဘူး ထင်တယ်"

"ဘာကို မဟုတ်သေးရမှာလဲ"

"ပဋ္ဌ သေသေချာချာ ပြန်စဉ်းစားနော်၊ ပဋ္ဌအဖေ ပြောသွားတဲ့အထဲမှာ ပဋ္ဌနဲ့ပတ်သက်တာ ဘာမှမပါဘူး၊ ကြည့်ရတာတော့ ကျွန်တော့်ဂစ်တာလက်သံ နားထောင်မကောင်းလွန်းလို့ နားငြီးတာနဲ့ တားလိုက်တာပဲ ဖြစ်မယ်၊ အဲဒါကြောင့် ကျွန်တော် ဂစ်တာကို သင်တန်းတက်ပြီးတော့တောင်မှ အတီးသင်နေတယ်၊ နောက်တစ်ခါ အန်ကယ့်စိတ်တိုင်းကျ တီးပြနိုင်အောင်လို့"

"ရှင် ... ပဋ္ဌ အဖေကို ဘာများမှတ်နေလဲ၊ နောက်စရာ ထင်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စသီက စိတ်ဆိုးလာကာ ခပ်ဆောင့်ဆောင့် အော်လိုက်သော်လည်း ဒေဇင်ကတော့ ဖြုံပုံမရပါ။

သူ့ကြည့်ရတာ ပဥ္စသီနှာ ကပ်ရတာထက် ဖေဖေ့ကို နောက်ရတာကိုပဲ ပိုပြီးသဘောကျ နှစ်ခြိုက်နေပုံမျိုး။

"အန်ကယ့်ကို ကျွန်တော်က ရိုသေလေးစားရမဲ့ဟာ၊ ဘာကြောင့် နောက်ရမှာလဲ၊ စကားပုံတောင် ရှိသေးတယ် မဟုတ်လား၊ ဘာကို ရိုသေရင် အသက်ရှည်တယ်ဆိုလဲ"

"ရှင်နော်ရှင်၊ လွန်လာပြီ"

ဒေဇင်က သွားကြီးဖြဲကာ တဟဲဟဲ။

ပဥ္စသီမှာတော့ အသည်းတွေယားကာ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိချေ။

ကိုယ့်အဖေ ကိုယ်တိုင်က ပေါက်ကရ လုပ်ထားခဲ့သဖြင့် တစ်ဖက်လူကိုလည်း ဘာမှမပြောရဲ။

"စိတ်မညစ်သွားပါနဲ့ ပဥ္စရယ်၊ ကျွန်တော်က ပျော်လို့ နောက်တာသက်သက်ပါ၊ ပဥ္စအဖေကို မလေးစားတာလည်း မဟုတ်ရပါဘူး၊ လူကြီးသူမ တစ်ယောက်ကို ကျွန်တော့်အနေနဲ့ ဘာမှ ပြက်ရယ်ပြုစရာအကြောင်း မရှိဘူး၊ တကယ် ပြောတာပါ၊ ကျွန်တော်က ပျော်စေ ပျက်စေသက်သက်ရယ်၊ ပဥ္စနဲ့ ကျွန်တော် ပိုပြီးရင်းနှီးလာရအောင်ရယ် လျှောက်ပြောနေမိတာပါ၊ ကျွန်တော့်ကို အထင်မလွဲလိုက်ပါနဲ့"

ဒီလိုဆိုတော့လည်း ဒေဇင့် မျက်နှာက ခပ်တည်တည်။

ဒီလူတစ်ယောက်ကိုတော့ ဘယ်လို ယုံရမယ်မှန်းဆောင် မသိတော့ပါဘူး။

❁ ❖ ❁







www.burmeseclassic.com

www.burmeseclassic.com



"ကိုဗဦး ... ရှင် ဘာဖြစ်နေတာလဲဟင်၊ ထိုင်လိုက်ထ, လိုက်နဲ့"

ညှော်ခန်းတစ်ခန်းလုံး ပြည့်အောင် တတောက်တောက် လှုပ်ရှားနေသော ဗဦးက ဇနီးသည်ကို မျက်လုံးကြီးပြူးကာ ကြည့်လိုက်ပါသည်။

ဒီအသက်အရွယ် ရောက်တဲ့အထိ မျက်စိမမှုန်သေးသော ဗဦးက မျက်မှန်တပ်စရာ မလိုရလေကား ကိုယ့်ရဲ့မျက်လုံးရဲ့ အပြောင်းအလဲကို ဖုံးကွယ်ဖို့ ကြားခံပစ္စည်း မရှိသမို့ ဟန်ဆောင်ခြင်း အတတ်ပညာကို မကျွမ်းကျင်လှသော ဗဦး အတွက် အတော်ပဲ အခက်တွေ့တတ်သည်။





နောင်ဆိုရင်တော့ ပါဝါမပါသည့် အလှတပ်မျက်မှန် တစ်ခု ဝယ်တပ်ဦးမှပါပဲ။

ဟာ ...။ ဒီမိန်းမ လုပ်တာနဲ့ တွေးလက်စ အတွေးတွေတောင် ဘယ်ရောက်သွားပြီလဲ မသိ။

"ငြိမ်ငြိမ်သက်သက်ကလေးများ ထိုင်ပါတော့လားရှင်၊ စောစောကပဲ ထမင်းစားပြီး အညောင်းပြေ အညာပြေဆိုပြီး ခြံထဲဆင်းလျှောက်ပြီးပြီ မဟုတ်လား"

ပညာအရည်အချင်း ဆယ်တန်းကလေးတောင် မအောင်ရှာသော မိန်းမကို ဦးဗဦးက မျက်မှောင်ကုတ်ကာ ဘုကြည့်, ကြည့်လိုက်ပါသည်။

ဒီမိန်းမကို အမေပေးစားလို့ ယူထားရတာဆိုပေမဲ့ ဗဦးက အမြတ်တနိုး တန်ဖိုးထားပါသည်။ တောပိုင်းကျသည့် မြို့ကလေးတစ်မြို့က လာတာဖြစ်သော ဇနီးသည်ကလည်း ငွေကြေးချမ်းသာသည့် မိဘက ဆင်းသက်လာသော သူဌေးသမီး ဖြစ်သည့်အပြင် လင်ယောကျ်ားအပေါ် ရှိသေလေးမြတ်မှု ရှိလှတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လေးစားတန်ဖိုးထားပြီး သာယာသည့် အိမ်ထောင်တစ်ခုကို တည်ထောင်နိုင်ခဲ့တာ။

ဟော ...။ ပြောရင်းဆိုရင်း စကားတွေက ချော်တောင်ငေါ့ပြီး ဘေးထွက်သွားပြန်ပါပြီ။

ထားတော့။ ကိုယ့်ရဲ့ဇနီးသည်ကို (ပွင့်ပွင့်လင်းလင်း ဝန်ခံရသော် မချစ်လှပေမဲ့) ဇဦးက လေးစားတန်ဖိုးထားသည်။ ဆူပူအော်ငေါက်တာမျိုး လုပ်ဖို့မပြောနဲ့ လေသံမာမာနဲ့ စကားပြောတာမျိုး၊ စောစောကလို မာမာထန်ထန်ကြည့်တာမျိုးတောင် သိပ်ပြီး လုပ်လေ့မရှိပါ။

သို့သော် ဒီတစ်ခါတော့ စိတ်လိုက်မာန်ပါ ဘုကြည့်ကြည့်လိုက်မိပြီ။

ဇနီးသည်ကတော့ သူမကို ဇဦး ဘယ်လိုတဲ့ပြီးလိုက်တယ် ဆိုတာတောင် သတိမထားမိနိုင်အား။ ဇဦးရဲ့ ဒေါ မငြိမ်မှုကိုသာ အသည်းအသန် နှိပ်ကွပ်ချင်နေပုံနှင့် ...





"မင်း ဘာသိလဲ"

စကားစ,လိုက်ပြီးမှ ဇဦးက သတိရသွားပြန်သည်။ ပြောထားတဲ့ အတိုင်းပဲပေါ့။

သူ့ဇနီးဟာ ဆယ်တန်းတောင်မအောင်။ ပြီးတော့ အပျိုဘဝက မြို့ပေါ်မှာ ကြီးပြင်းခဲ့ရတာလည်း မဟုတ်။ မြို့နာမည်သာ ခံထားပေမဲ့ တောရွာခပ်ကြီးကြီး တစ်ခုလောက်သာရှိသော မြို့ကလေးမှာ နေခဲ့ရတာမို့ ဗဟုသုတ နည်းပါးသည်။ ရှေ့နောက် ချင့်ချိန်တွေးတော ပုံပန်တတ်ခြင်းမရှိ။

ဒီတော့ ဘယ်နေရာမဆို သူမက အေးတိအေးစက်နေနိုင်သလောက် ဇဦးကတော့ သူမအတွက်ပါ နှစ်ဆပိုပြီး ပူပင်ရလေသည်။

"ဘာတွေဖြစ်နေလို့လဲဟင်"

"ပြောလည်း အပိုပါပဲကွာ"

"လင်မယားချင်းပဲ ကိုဇဦးရယ်၊ အပိုဖြစ်တယ်တော့ မရှိပါဘူး၊ ကျွန်မ သိပ်နားမလည်ပေမဲ့လည်း တတ်နိုင်သလောက်တော့ ကူညီဖြေရှင်းပေးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရီးသားရှာသော ဖနီးသည် ကိုဗဦးက သနားသွားရပါသည်။

ဒါနဲ့ပဲ သူ့ရင်ထဲက သောကကို ပြောပြလိုက်ဆုံးဖြတ်လိုက်ကာ ...

"ဒီလိုကွ၊ ဟိုကောင်လေးကို အိမ်ရိပ်တောင် မနင်းနဲ့ ငါ ပြောပစ်လိုက်တာ အခုတလော သင်းအသံ မကြားတော့ဘူး"

"အဲဒါ ကောင်းတာပဲ မဟုတ်လား"

"ကောင်းတာချည်းပဲ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒီကော အိမ်ရှေ့မလာတော့တာဟာ ငါ့စကားကို နားထောင်လွန်း ဆိုတာမျိုး ဖြစ်ဖို့ထက် သူ့အကြံအစည် အောင်သွားလို့ တာ ပိုဖြစ်နိုင်တယ်"

"ရှင် ... ကျွန်မတော့ နားမလည်တော့ပါဘူး"

"ဒါကြောင့် ပြောတာပေါ့၊ မင်းကို ပြောလည်း အပို လို့"





"ကိုဗဦးရယ် ... ကျွန်မ အတန်းပညာ သိပ်မတတ်ခဲ့လို့ ဆင်ခြင်ဉာဏ် နည်းပေမဲ့ အမေတစ်ယောက်အနေနဲ့တော့ ကိုယ့်သမီးကိစ္စ သိခွင့်ရှိပါတယ်"

ဖနီးသည်က ဒီလိုပြောတော့လည်း ဗဦးက စိတ်မကောင်းနိုင်။

သင်းခများ သူမဘက်က ချို့ယွင်းချက်တွေကြောင့် တစ်ခါတစ်ရံ အားနည်းသိမ်ငယ်စိတ် ဝင်တတ်တာ ဗဦး အသိဆုံးပဲလေ။

"အင်းပါကွာ ... ငါက မင်းကို စိတ်တိုလို့ ပြောတာမဟုတ်ပါဘူး၊ ဟိုကောင်ကို စိတ်တိုတာ"

"သူက ဘာဖြစ်နေလို့လဲ"

"အိမ်ရှေ့ ဂစ်တာလာမတီးတော့ဘူးလေ"

"ရှင်ပဲ မတီးနဲ့တော့ဆို၊ သူ ရှင့်စကား နားထောင်သွားတာ မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကောင်းမလဲ၊ မင်းပဲ စဉ်းစားကြည့်၊ ခုခေတ်ကောင်လေးတွေဟာ ဂျစ်ကန်ကန် ကြွပ်ဆတ်ဆတ်နဲ့ တောင်ပြောရင် မြောက်လုပ်တာတွေချည်းပဲ၊ ငါ တစ်ခွန်းပြောလိုက်ရုံနဲ့ ချက်ချင်း သဘောတူ လက်ခံသွားပြီဆိုတာမျိုး ဖြစ်နိုင်ပါ့မလား"

"ဖြစ်ချင်မှတော့ ဖြစ်မယ်"

"အေး ... အဲဒီလို လုပ်စမ်းပါကွ"

"ဖြစ်ချင်လည်း ဖြစ်မယ်လေ"

"ဟာ ... မင်းကလည်း မရေမရာတွေ လာပြန်ပြီ"

"သူ့အကျင့်၊ သူ့စိတ်ကို ကျွန်မမှ မသိတာ၊ ဘယ်လိုလုပ် အပြတ်ပြောနိုင်မလဲ"

"ငါကတော့ သိနေသလိုပဲကွ၊ ဒီကောင် ငါစိတ်ချအောင်လို့ ငါ့ရှေ့က ကိုယ်ယောင်ဖျောက်နေပြီး ကွယ်ရာမှာ သမီးနဲ့ဆက်သွယ်နေတာရော မဖြစ်နိုင်ဘူးလား"

"အင်း ... ဒါလည်း ..."





"ဟုတ်ချင်ဟုတ်မယ်၊ မဟုတ်ချင် မဟုတ်ဘူး ပြောမနေနဲ့၊ သေချာတယ်၊ ဒီကောင် ငါ့ကွယ်ရာမှာ လှုပ်ရှားနေတာ၊ အခုတလော သမီးကလည်း တက်လိုက်တဲ့ သင်တန်းတွေ"

"သမီးက ဘက်စုံထူးချွန်တဲ့ မိန်းကလေးဖြစ်ချင်ရှာလို့ပါ"

"တော် ... တော် ... သမီးရဲ့ လှည့်ကွက်တွေကို မင်းလို ခပ်တုံးတုံး မိန်းမမျိုးကပဲ ယုံမယ်၊ ငါကတော့ မယုံဘူး"

"ဒါဖြင့် ရှင်ထင်တာ သမီးက ကောင်လေးနဲ့ ကွယ်ရာမှာ အလိုတူအလိုပါ ချိန်းတွေ့နေတယ်ပေါ့"

"အေး ... ဟုတ်မလား မသိဘူး"

"ဟုတ်ရင်လည်း ကျွန်တို့ မသိချင်ယောင် ဆောင်နေလို့ မကောင်းဘူးရှင့်၊ သမီးကို သေသေချာချာဖွင့်မေး၊ တကယ်လို့ လူငယ်ချင်း မေတ္တာမျှနေပြီ ဆိုရင်လည်း ကွယ်ရာမှာ လူကြီးတွေ မသိအောင် ချိန်းချက်တွေ့တာမျိုးထက် တရားဝင် အသိအမှတ်ပြုပေးလိုက်ပြီး အိမ်ကို လာလည်ခွင့်ပေးလိုက်ရင် တင့်တင့်တယ်တယ်လေး ဖြစ်တာပေါ့၊ လူကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ သိသွားပြီဆိုတော့ သူတို့ကို အလိုလို ထိန်းကွပ်ပြီး သားလည်း ဖြစ်သွားရော”

မိန်းမ ...။ မိန်းမ ...။

တစ်သက်လုံး ပေါင်းလာသမျှ ဒီကနေ့မှာတော့ မင်းညံ့တယ်ဆိုတာ အသေချာဆုံး သိလိုက်ရတာပဲ။

အတွေးအခေါ် ညံ့ရတဲ့ကြားထဲ ခေတ်ကလည်း မမီ။

သူမရဲ့နည်းတွေက လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က နည်းတွေ။ အခုခေတ်မှာများ လူကြီးမိဘတွေက အသိအမှတ်ပြုပြီးကြလို့ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် မခွဲတော့ဘူး၊ ရာသက်ပန် လက်တွဲမယ် ဆိုတာမျိုးများ မရှိရေးချမရှိ။

ထားတော့။ သူ့အရေးထားနေတာက “မြဲမှမြဲ မလား”ဆိုတဲ့ ပုစ္ဆာမဟုတ်။

“ငါက ဒီကောင့်ကိုပဲ ကြည့်မရတာကွ၊ သမီးနဲ့ သဘော မတူနိုင်တာ”





“ဘာဖြစ်လို့လဲဟင်၊ ရှင် ကောင်လေးအကြောင်း ဘာတွေ သိထားလို့လဲ”

“ဘာမှ မသိဘူး”

“မသိပဲနဲ့များ”

“မတတ်နိုင်ဘူးကွာ၊ လူတစ်ယောက်ကို ငါ့ဘာသာ လွတ်လပ်စွာ ကြည့်မရပိုင်ခွင့်ရှိတယ်၊ အကြောင်းပြချက်မလိုဘူး၊ ဒီကောင့်မျက်နှာကို စ,မြင်လိုက်ကတည်းက စိတ်ထဲ တစ်မျိုးပဲကွ၊ မုန်းသလိုကြီး”

ဇနီးသည်ကတော့ ဒါဟာ သမီးကို တိုထွာတတ်သည့် ဖခင်တစ်ယောက်ရဲ့ ဗီဇကြောင့်ပဲလို့ ထင်ချင်ထင်မည်။

ဒါပေမဲ့ ဗဦးကတော့ သမီးကို လာရောက်ပိုးပန်းကြသော ကောင်လေးတွေ အများစုထဲမှာမှ အဲဒီကောင်လေးကို က်ပြီး အမုန်းတွေ ပိုနေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... အဖြေပေးတော့ကွာ၊ တောင်းလာရတာ နှစ်တစ်ရာ လောက်ရှိပြီ"

"အောင်မယ် ... ရက်တစ်ရာတောင် မရှိသေးဘူး၊ မပေး နိုင်ပါဘူး"

"ဒါဖြင့် ရက်တစ်ရာပြည့်ရင်တော့ ပေးမယ်ပေါ့"

"မဆိုလိုပါဘူးနော်၊ ပဥ္စက စဉ်းစားတောင် စဉ်းစားသေး တာ မဟုတ်ဘူး"

"အချစ်ဆိုတာ ရင်ထဲက အလိုလို ထွက်ပေါ်လာတဲ့ အောက်ဆီဂျင်လို ပစ္စည်းမျိုးပါ၊ မီသိန်းတို့ အီသိန်းတို့လို ဓာတ်ခွဲခန်းထဲမှာ စပ်ဟပ်ထုတ်ယူရတာမျိုး မဟုတ်ပါဘူး"





"အဲဒီတော့ ဘာဖြစ်လဲ"

"အထူးတလည် စဉ်းစားနေစရာ မလိုပါဘူးလေ၊ တွေ့လိုက် တာနဲ့ ချစ်တယ် မချစ်ဘူး အဖြေက ပေါ်ပြီးသား"

"ဒါဆိုလည်း ရှင့်ကို တွေ့တိုင်း ဘာခံစားချက်မှ,မှ ပေါ် မလာတဲ့ဟာ မချစ်လို့ ဖြစ်မှာပေါ့"

"ဟာ ... ဟာ ... အဲဒီလိုတော့ အပြတ်မပြောလိုက်နဲ့လေ၊ တစ်ခါတစ်ခါ အချစ်စစ်ဆိုတာ ခေါင်းမြီးခြုံကုလားမလိုပဲ ပုန်းနေတတ်တယ်၊ လေတိုက်လို့ ခေါင်းပေါ်က ဇာပဝါ ကွာကျသွားတော့မှ ဘယ်လောက်လှတဲ့ မျက်နှာကို ပိုင်ဆိုင် ထားသလဲ ဆိုတာ တွေ့ချင်တွေ့ရတတ်တာမျိုး"

"အောင်မယ်လေး ... ရှင် ကြည့်ရတာ ခေါင်းမြီးခြုံကုလားမ တွေ့တာနဲ့ ပဝါသွားလှန်ကြည့်ပြီး လှမလှ စုံစမ်းဦးမဲ့ပုံပါ လား"

"ဥပမာပေးတာကွာ၊ စကားမလွှဲနဲ့"

"အမှန်ပြောတာ၊ ရှင့်အတွက်ဆို ပဥ္စ ရင်ထဲမှာ ဘာခံစား ချက်မှ မပေါ်လာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောက်"

ဒေါင်က လက်ဖျောက်တစ်ချက်တီးလိုက်ကာ ...

"အဲဒါ အဖြေပဲ၊ ပဥ္စ ခုပဲ ပြောတယ်၊ မပေါ်လာဘူးတဲ့၊ မရှိဘူးလို့ သုံးနှုန်းလိုက်တာ မဟုတ်ဘူးနော်၊ ရှိချင်တော့ရှိမယ်၊ အကြောင်းမတိုက်ဆိုင်လို့ မပေါ်လာတာ၊ ဒါပဲ"

အောင်မယ်။ သူကများ တခြားလူတစ်ယောက်ရဲ့ ရင်ထဲက စိတ်အတွေးကို ဝင်ပြီး ဖတ်ကြည့်လို့။

ဟုတ်တာမဟုတ်တာ အသာထား၊ သူ ပြောလိုက်ပုံကြောင့် ပဥ္စဆီမှာ တွေတွေဝေဝေ ဖြစ်သွားရတာကတော့ အမှန်ပင်။

အချစ်ဆိုတဲ့အရာဟာ (ဒေါင် သုံးနှုန်းသလိုပဲ) ခေါင်းမြီးခြုံကုလားမနဲ့ တကယ်တူတာလား။ ကိုယ့်ရဲ့တည်ရှိမှုကို လူမမြင်ရအောင် တမင်တကာ ဖုံးအုပ်ထားတတ်တာလား။

ပဥ္စသီ စိတ်ထဲမှာတော့ အချစ်ဆိုတာ လူတစ်ယောက်ရဲ့ ရှေ့မှာ ဘွားခနဲ ကိုယ်ထင်ပြတတ်သည့် အရာမျိုးလိုပဲ ထင်ခဲ့တာ။





တကယ်တမ်းကျတော့ အချစ်ဟာ ဝရမ်းပြေးတစ်ယောက်လို လူမြင်မခံဝံ့စွာ ပုန်းအောင်းလို့လည်း နေနိုင်သေးသည်ပဲလေ။

သူက ပုန်းအောင်းနေတုန်း ကိုယ်က လိုက်မရှာမိဘဲ အချစ်ဆိုတာ တကယ်မရှိနိုင်ပါဘူးလို့ အပြတ်ပြောမိလျှင် တစ်ချိန်ကျ သူ ဘွားခနဲ ပေါ်ထွက်လာသည့်အခါ ဘယ်လိုလုပ်ကြမှာလဲ။

သူ့စကားကြောင့် ပဥ္စသီ တွေခနဲ ဖြစ်သွားပြီဆိုတာ ဒေါင်ကလည်း သိလိုက်သည်။

သို့သော် လက်ရှိစကားကို နင်းပြီး ထပ်မပြော။ ဒီလို ပြောလိုက်လျှင် နဂိုက ဟုတ်နိုး ဟုတ်နိုး ဇဝေဇဝါဖြစ်နေသည့် စိတ်ကလေး ပျောက်သွားပြီး ဘာဖြစ်ဖြစ် ခွတ်တိုးဆန့်ကျင်သည့် စိတ်ပုပ်စိတ်ညစ်မျိုးတွေ ဝင်လာနိုင်သည်လေ။

ဒီတော့ သူ့ဘာသာ တွေးပါစေ။ အသာလွှတ်ထားလိုက်။

"လောလောဆယ်တော့ ဘာမှ သေချာမပြောနိုင်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လာပြီ။ ဟုတ်လာပြီ။ နီးတော့နီးစပ်လာပြီ။

"နောက်တစ်ပတ် စနေကျရင် ကျွန်တော် လာခဲ့မယ်၊ အဲ
အခါကျ စဉ်းစားပြီးသားရမလား"

"အို ... ဒါတော့ ဘယ်ပြောနိုင်မလဲ"

"ကျေးဇူးပြုပြီး ဒီကိစ္စလေးတော့ အမြန်ဆုံးဖြေရှင်းပေး
ဗျာ၊ ကျွန်တော် အလျင်လိုနေလို့ပါ"

"ဘာလဲ ... ပဥ္စက ငြင်းလိုက်ရင် နောက်ထပ်ချဉ်းကပ်
ကောင်မလေးတစ်ယောက် ထပ်ရှာဖို့ အချိန်နောက်ကျနေမှာ
စိုးလို့လား"

"ဟာ... ဝေးပါကွာ၊ ပဥ္စက ငြင်းလိုက်ရင်လည်း ကျွန်တော်
က ပဥ္စကိုပဲ ထပ်ချဉ်းကပ်မှာ၊ နောက်တစ်ခေါ် ထပ်ငြင်း
လည်း နောက်တစ်ခါ ချဉ်းကပ်မှပဲ၊ ကျွန်တော်ကတော့
ဒီတစ်သက်လုံး ပဥ္စပဲမှ ပဥ္စပဲ"

ယောက်ျားတွေရဲ့ လျှာမှာ အရိုးမရှိဘူးလို့ ပြောသည်
သူတွေကတော့ ပြောဖူးကြပါရဲ့။





သူတို့ရဲ့ စကားတွေ မှန်သည် မှားသည် ဆိုတာ
ပဥ္စသိက တစ်ခါမှ မစဉ်းစားဘူး။

ဒီတစ်ခါကျတော့ မစဉ်းစားမိသည့် အကြောင်း
အရာတစ်ခုကို မျက်စိစုံမှိတ်ပြီး ခမှထားပစ်လိုက်ချင်ပြီ။

သူ့စကားတွေဟာ အမှန်ပဲလို့ ခဏလောက် ယုံကြည်
ထားလိုက်တော့ရော ဘာဖြစ်မှာလိုက်လို့။

အေးသောရေခဲရေတစ်ခွက်ဟာ ပူလောင်သော အခိုး
အငွေ့ကို ဖြစ်စေတာ မှန်ပေမဲ့ သောက်နေတုန်းရသည့် အေးမြ
မှုကိုပဲ ပထမဦးစားပေးတတ်ကြတာ လူတိုင်းရဲ့ သဘာဝလေ။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့။

လောကကြီးရဲ့ တရားမမွှတွေကို ရှာဖွေတွေ့ရှိနိုင်ဖို့အတွက်ဆိုလျှင် ဘုရားကျောင်းကန် အလှူအတန်းတွေ ဆယ်ခေါက်သွားတာထက် အသုဘတစ်ခါသွားပို့တာက ပိုပြီး တရားရနိုင်သည်ဆိုတဲ့ အဓိပ္ပာယ်။

ဗဦးတို့ အသိုင်းအဝိုင်းမှာတော့ အလှူအတန်း ဆယ်ခေါက်မသွားနိုင်ရင် နေပစေ၊ အသုဘဆိုရင်တော့ တစ်ခေါက်ဆိုတစ်ခေါက် မပို့ဘဲ မနေသင့်တာဟာ လူမှုရေးဝတ္တရား တစ်ခုအဖြစ် ရှိနေတော့တာပင်။





ဒါကြောင့်လည်း ဒီအသုဘကို လာပို့ရတာ။

တကယ်တမ်းတော့ သေသူဟာ ဗဦးနဲ့ တိုက်ရိုက်မပတ်သက်ပါ။ လုပ်ငန်းချင်းလည်း ဆက်နွယ်မှု မရှိပါ။

သေဆုံးသူ ဦးကျားမောင်ရဲ့ တူဝမ်းကွဲတစ်ယောက်ကမှသာ ဗဦးနဲ့ လုပ်ငန်းချင်းတူတာ။

အဲဒီ တူဝမ်းကွဲ ဆိုတာကလည်း ဗဦးတို့လုပ်သည့်လုပ်ငန်းပိုင်းမှာ ဒိတ်ဒိတ်ကြဲ။

ငွေကြေးအရရော၊ လုပ်ပိုင်ခွင့်အရရော၊ နောက်ခံအသိုင်းအဝိုင်းအရရော တောင့်တင်းပြည့်စုံသည့် ထိုလူ့ကို ဗဦးတို့က မျက်နှာချိုသွေးပြီး ပေါင်းနေရသည့်သဘောမှာ ရှိသည်။

ဒီတော့ သူ့တူရဲ့မှာ မျက်နှာသာရဖို့၊ ကိုယ့်ကိုအသိအမှတ်ပြု ခံရဖို့အတွက် ဦးလေးဖြစ်သူရဲ့ အသုဘကို မပို့လို့ မဖြစ်တော့ချေ။

အသုဘ ပို့ရမည်ဆိုကတည်းက ဗဦး စိတ်ထဲမှာ အမျိုးကြီး။ ဘာရယ်လို့ အကြောင်းပြချက် မယ်မယ်ရရ

www.burmeseclassic.com



မရှိသော်လည်း တစ်ခုခုဖြစ်တော့မည်ဆိုလျှင် နိမိတ်ပြသလို စိတ်ထဲက အလိုလို လေးနေတတ်တာ ဗဦးရဲ့ အကျင့်ပင်။

ဒီတစ်ခါလည်း စိတ်ကလေးပြီး သွားတောင် မသွားချင်။

ကိုယ်တိုင် မသွားမဖြစ်လို့သာ သွားရတာ။

ဟော ... ရောက်လည်းရောက်ရော အမောဆို့စရာ မြင်ကွင်းကြီးက တန်းနေတော့တာပါပဲ။

ဦးပညာ။

ကလေးတွေ မြန်မာစာ ဖတ်စာအုပ်မှာ ဖါသည့် သားရွှေဥကဗျာကိုကို ရေးစပ်သော ရှေးမြန်မာစာဆိုကြီး စာတော်ပြင်ဆရာကြီး ဦးပညာတော့ မဟုတ်ရပါ။

သူ တွေ့လိုက်သည့် ဦးပညာက မတော်လို့ရသည့် ယောက္ခမကြီး ဦးပညာ။

ဒီအဘိုးကြီးကို တွေ့လိုက်ရတာ ဒေါသတွေ အလိပ်လိုက် အလိပ်လိုက် ထွက်သည်။





အကြောင်းမရှိ အကြောင်းရှာတတ်သည့် လူကြီး။ ဗဦးရဲ့ မိဘတွေနဲ့ သူ့မိဘတွေကြား ရှိသည့်ရန်ငြွေး ရန်စ,က ဒီလောက်အရေးမကြီးပါတဲ့။

ဗဦးကို သူ့သမီးနဲ့ သဘောမတူနိုင်သည့် အဓိက အချက်ဟာ ဗဦးကို ကြည့်လို့မရနိုင်ခြင်းပါတဲ့။

ဦးပညာကြီးနဲ့ ဗဦးတို့ဟာ ဘယ်ဘဝက အထုံရေစက်ကြောင့်သလဲမသိ။ ဗဦး လုပ်သမျှတို့ဟာ ဦးပညာကြီးအတွက် မခံချိမခံသာချင်စရာတွေချည်းဖြစ်ကာ မြင်လိုက်တာနဲ့ မျက်မုန်းကျိုးချင်စရာ ဖြစ်နေတော့တာ။

ဒီအရွယ်ရောက်တာတောင် ရန်ငြိုးက မပြေချင်သေးဘူးထင်သည်။ ဗဦးက သုသာန်ဇရပ်ထဲ ဝင်လိုက်တာနဲ့ ဦးပညာကြီး မျက်နှာကို အလျှင်ဆုံး မြင်မိသလို ဦးပညာကြီးကလည်း တန်းခနဲ ပြန်တွေ့သွားတာပဲ။

ပထမတော့ ပြုံးပြနှုတ်ဆက်သင့်သလားလို့ ဗဦးက အားလိုက်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးခင်မင်တာမျိုး မဟုတ်ပေမဲ့ ကိုယ်နဲ့ ပတ်သက်ဖူးသော လူကြီးတစ်ယောက်နဲ့ တော့တော့ဆိုင်ဆိုင်ကြီး မျက်နှာစုံညီ တွေ့နေမှတော့ ကိုယ့်ဘက်က မသိယောင်ပြုပြီး မျက်နှာလွှဲသွားရမှာ အူကြောင်ကြောင်နိုင်သည်ဟု ထင်၍ပင်။

သို့သော် ဦးပညာကြီးက စ,ကာ လူကြီးမဆန်စွာ မျက်နှာတည်တည်ကြီးနဲ့ အကြည့်ကို တစ်ဖက်လွှဲသွားလေသော အခါ ဗဦးလည်း မအီမလည်ကြီးနဲ့ ပြုံးလုတတ် မျက်နှာကို တစ်ဖက်ပြန်လွှဲကာပြန်တည်။

အသက်သာကြီးလာတယ် အာယာတက မပြေပျောက်နိုင်။ အလကား အခိုးကြီး။

ကိုယ်က ယောက္ခမတော်ရမည် ဆိုလျှင်တော့ သူ့သမီး မျက်နှာနဲ့ အောက်ကျို့ခယပေါင်းဖြစ်လိမ့်မည် ဖြစ်သော်လည်း အခုတော့ ဘယ်လို မကျေမနပ်ဘဲ ပြောပြော ပြောခဲ့သည်။





အသွားချပြီးတော့ ဦးပညာကြီးက မြန်မာပြည်မှာ ရှားပါးတန်ဖိုးကြီးလှသည့် ရှားနစ်ရောင် မာစီဒီးကြီး စီးပြီး ပြန်သွားတာကို ဗဦးက မြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေင် ဆိုသည့် လူသားတစ်ယောက်ဟာ ပဋ္ဌသီ ဆိုသည့် မိန်းကလေးတစ်ယောက်ရဲ့ ဘဝထဲမှာ ဒီလောက် ထိပ်ဆုံးကျကျ အရေးပါသည့် နေရာတစ်ခုကို ရလာလိမ့်မည်လို့ ပဋ္ဌသီက ဘယ်တုန်းကမှ ထင်မထားခဲ့မိပါ။

ရုတ်တရက် မမျှော်လင့်စွာ ဖြစ်ပျက်သွားခဲ့ရသော အဖြစ်အပျက်လေးတစ်ခုမှာ ကိုယ်က လွန်သလား၊ သူပဲ လွန်သလားဆိုတာ ဝေခွဲကြည့်နေဖို့ အချိန်မရ။ သိသိသာသာကြီး ထိခိုက်နစ်နာရှာရသူကသာ သနားစရာ ဖြစ်ခဲ့ရပြီး ကျန်တစ်ယောက်ကတော့ ရက်စက်စွာ အပြစ်ကျူးလွန်သူ။





ပဋ္ဌသီဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသူတစ်ယောက်၊ ဘယ်တော့မှ အမှားကျူးလွန်ဖူးသူတစ်ယောက်အဖြစ်နဲ့ နောင်တ,တရားဆိုတာလည်း ကင်းမဲ့နေခဲ့တာပါ။

တကယ်တမ်း နောင်တရမဲ့ရတော့လည်း ...။

အဲဒီနေ့က မိုးခပ်စွေစွေ ရွာနေခဲ့သည်။

ပဋ္ဌသီက ထီးကလေးတစ်ချောင်းနဲ့ အင်္ဂလိပ်စာသင်တန်းက ဆင်းလာခဲ့တာ။

များသောအားဖြင့်တော့ သင်တန်းချိန်ပြီးပြီဆို သမီးအဖေါ် စိတ်ပူတတ်လွန်းသော ဖေဖေက ကိုယ်တိုင် ကိုယ်ကျဖြစ်စေ၊ မေမေ့ကို လွှတ်၍ဖြစ်စေ ကြိုရမည့်အချိန်ထက် နာရီဝက်လောက် စောစွာ ရောက်နှင့်နေကျပါ။

ဒီတစ်ခါတော့ အိမ်ကကား လာမကြို။ လာမကြိုဘူးဆိုတာကလည်း မကြိုနိုင်လို့ မဟုတ်။ လက်ရှိတက်နေသည့် ကွန်ပျူတာသင်တန်းက အချိန်တွေ ပြောင်းလိုက်တာမို့ အင်္ဂလိပ်စကားသင်တန်းနဲ့ သင်တန်းချိန်ချင်း ကပ်သွားခဲ့ပြီး နေ့ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မနီးမဝေးဆိုတော့ ကားတစ်ခေါက်လာကြိုပြီး အိမ်ပြန်ဖို့ အချိန်မရှိ။ သင်တန်းတစ်ခုကနေ တစ်ခုကို တန်းပြီးပဲ ကူးရတော့ မှာမို့ လာမကြိုတာ။

ထိုသတင်းကို ကြိုရထားသော ဒေင်ဟာ အင်္ဂလိပ်စာ သင်တန်း မဆင်းခင်မှာ ဝီရိယကြီးစွာ ကြိုစောင့်နေနှင့်ခဲ့လေသည်။

"မိုးရွာနေလို့ ထီးအောက် ခဏခိုလို့ရမလားဟင်"

အင်္ဂလိပ်စာသင်တန်းရှိရာ တိုက်အောက် တံစက် မြိတ်က ထွက်လိုက်တာနဲ့ ဒေင်က ပဥ္စသီ ဘေးနား ဖျတ်ခနဲ ရောက်လာပြီ။

ဒေင်နဲ့ဆို သဘောတူနေကြသော သူငယ်ချင်းတွေ ကလည်း ပဥ္စသီကို အကူအညီပေးဖို့ စိတ်မကူးကြဘဲ အလျင် အမြန် ရှောင်ထွက်သွားကြသည်။

သူက တရင်းတနှီး ရောဝင်သော်လည်း ပဥ္စသီက တော့ ခပ်တင်းတင်းပဲ ပြန်ကြည့်ကာ ...

"မရဘူးနော်၊ လာမနှောင့်ယှက်နဲ့"





"ပဥ္စကလည်းဗျာ၊ ကျွန်တော်တို့ ဒီလောက်ခင်နေကြပြီပဲ ဥစ္စာ"

"အို ... မခင်ပါဘူး၊ ဘယ်သူက ခင်လို့လဲ၊ သူ့ဘာသာပဲ အတင်းစကားလိုက်ပြောနေတာကိုများ"

"ဟုတ်တယ်လေ၊ ကျွန်တော်က အတင်းစကားလိုက်ပြော တော့ ပဥ္စက အားနာပါးနာနဲ့ ပြန်ပြောရတယ်လေ၊ အဲဒါနဲ့ပဲ ခင်သွားကြရော မဟုတ်လား"

"ခင်သေးပါဘူး"

"ဟာ ... မခင်ရသေးဘူးလား၊ ဒါဆိုလည်း အမြန်အမြန်"

"ဘာအမြန်လဲ"

"အခုအမြန်ခင်လိုက်၊ လောကကြီးက အစိုးရတာ မဟုတ် ဘူး၊ အခုနေ ကျွန်တော် မတော်တဆကြီး သေသွားရင် ပဥ္စ မှာ မိတ်ဆွေကောင်းတစ်ယောက်ရဖို့ အခွင့်အရေး ဆုံးရှုံး သွားဦးမယ်၊ အဆိုအမိန့်တစ်ခု မကြားဖူးသေးဘူးလား၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အနားမှာ ရှိတဲ့ လူတိုင်းကို မနက်ဖြန် သေတော့မဲ့ သူလိုမျိုး သဘောထားပြီး ဆက်ဆံပါတဲ့"

"ဘာတွေ လာပြောနေတာလဲ"

"အဓိပ္ပာယ်ကတော့ လူတစ်ယောက်ကို တမင်တကာပဲဖြစ် ဖြစ် အမှတ်တမဲ့ပဲဖြစ်ဖြစ် ထိခိုက်နစ်နာအောင် မလုပ်မိ ပါစေနဲ့၊ မကြာခင်သေမယ်လို့ သိထားတဲ့ လူတစ်ယောက် အပေါ် အစွမ်းကုန် အလိုလိုက်ဖြည့်ဆည်းပေးသလိုမျိုး ဖြည့်ဆည်းပေးထားပါလို့ ပြောတာလေ၊ လူတစ်ယောက် ကို အခု အကောင်းကြီး တွေ့နေပေမဲ့ မနက်ဖြန်ကျ ဖြစ် ခနဲ သေမသွားဘူးလို့ မပြောနိုင်ဘူးလေ၊ ကွေးသောလက် မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်"

"တော်ပါတော့၊ ကျက်သရေမရှိတဲ့စကားတွေ"

"ဟာ... အဲဒါ တကယ့်တရားအစစ်အမှန်လေ၊ ကျက်သ မရှိပေမဲ့လည်း အမြဲမပြတ် နှလုံးသွင်းထားရမှာပဲ"





ဒေင်က စကားရောဖွဲ့ရောနဲ့ ပဋ္ဌသီရဲ့ ထီးရိပ်အောက် ကို တိုးဝင်ဖို့ ပြင်သည်။

အမှန်ကတော့ ဒီလောက်ကားတွေ ပြောပြီး ဘေးက တကပ်ကပ်ပါနေခဲ့ကတည်းက ဒေင့်တစ်ကိုယ်လုံး မိုးရေစွဲစွဲစိုပြီး သားပါ။

ဒါပေမဲ့ ... ပဋ္ဌသီနား ကပ်ချင်လို့ တမင်အကွက်ထွင် တာ။

ပဋ္ဌသီကလည်း ဒါကို သိလို့ ထီးကို တတ်နိုင်သ လောက် ကိုယ့်ဘက် ရွှေ့ဆောင်းကာ ဒေင် ဝင်မခိုနိုင်အောင်ထား သည်။

ဒီဘက်က ထီးရိပ်ကို ဟိုဘက်ရွှေ့လိုက်တော့ ဒေင် ကလည်း ဖျတ်ခနဲ ဟိုဘက် လိုက်ရွှေ့ကာ ထီးအောက်မရအရ ဝင်ခိုင်ဖို့ ကြိုးစားပြန်သည်။

ဒေင်ကတော့ ဒီလောက်ကြီး စကားပြောဆိုတွေ့ဆုံ ကြမှတော့ လူချင်းမရင်းနှီးသေးဘူးဆိုလျှင်တောင်မှ ပဋ္ဌသီက ဒီလောက် ပစ်ပစ်ခါခါ ဖြစ်စရာအကြောင်း မရှိဘူး အထင်နဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စသီကလည်း ဒေဝ် ရုတ်တရက်ကြီး နေရာရွေ့ကာ ထီးရိပ်အောက် အတင်းတိုးဝင်လာတော့ လန့်သွားပြီး တွန်းထုတ်လိုက်မိတာ။

ပဥ္စသီရဲ့ တွန်းအားက များလှတာတော့ မဟုတ်။ ယောကျာ်းလေးတစ်ယောက်ကို မိန်းကလေးတစ်ယောက်ရဲ့ ခပ်ဖွဖွ ခွန်အားလေးလောက်က ဘာမှ အကျိုးသက်ရောက်မှု ရှိစရာ အကြောင်းမရှိ။

သို့သော် ဒေဝ်က ညာဘက်ကနေ ဘယ်ဘက်ရွေ့လာခိုက်မို့ အနေအထား မမှန်သေးတာရယ်၊ မိုးတစပ်စပ်နဲ့ စက်ဆီ ပေကျံသော ကတ္တရာလမ်းမက ခပ်ချော်ချော် ဖြစ်နေတာရယ်၊ ထင်မှတ်မထားခဲ့တာရယ်တို့ကြောင့် ဒေဝ်က ယိုင်ထွက်သွားခဲ့သည်။

အဲဒီမှာပဲ ...။

လမ်းထဲ မောင်းဝင်လာသည့် ကားရဲ့ အရှိန်ဟာ မများလှပါ။





သို့သော် ဒေဝ်က ကားရှေ့ ယိုင်ယိုင်၊ ယိုင်ယိုင်နဲ့ ရောက်သွားခဲ့တာမို့ ကားနဲ့ ဝုန်းခနဲ ဝင်ဆောင့်မိတော့သည်။

"အား"

ကျယ်လောင်သော အော်ဟစ်သံဟာ ဒေဝ်ထံက မဟုတ်ဘဲ ပဥ္စသီထံက ဖြစ်သည်။

ရုတ်တရက် ထိတ်လန့်လွန်းကာ သတိလစ်မေ့မျော သွားခဲ့တာသည်လည်း ဒေဝ် မဟုတ်ဘဲ ပဥ္စသီသာလျှင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌသီ သတိရလာတော့ အစိုးရိမ်လွန်နေသည့် ခေါင်ရဲ့ မျက်နှာကို ဦးဆုံးမြင်ရသည်။

ဘေးမှာတော့ အထိတ်တလန့်ဟန်နဲ့ သူငယ်ချင်းတွေ။

"ပဋ္ဌ ဘာဖြစ်သွားတာလဲဟင်"

"နင် လန့်ပြီး မေ့သွားတာလေ သတ္တိခဲမရဲ့"

ဒီတော့မှပဲ ပဋ္ဌသီလည်း ဖြစ်ကြောင်းရယ်ကုန်စင်ကို ခပ်ရေးရေး သတိပြန်ရလာကာ ...





"ဟို ... ကိုခေါင့်ကို ကားတိုက်ခံရတယ် မဟုတ်လား၊ အခု ဘာဖြစ်"

"ဘာဖြစ်ရမှာလဲ ... နင့်ကြောင့်"

နွဲ့နွဲ့အေးက ပက်ခနဲ ပြန်ဝင်ပြောလိုက်သော်လည်း ခေါင်က သူမစကားမဆုံးခင် ဖြတ်တားလိုက်ကာ ...

"ဘာမှမဖြစ်ဘူး ပဋ္ဌ၊ ကျွန်တော် နေကောင်းတယ်၊ စိတ်မပူနဲ့နော်"

"ဟွန်း ... ပဋ္ဌသီဗဦးတို့ ဖြစ်လိုက်ရင်များ အသည်းအသန် ကားတိုက်တဲ့သူက ဘာမှ မဖြစ်ရဘူး၊ သူပဲ အသံကျယ်ကြီးနဲ့ အော်ပြီး မေ့လဲသွားရတာ"

"အေးလေ ... ကားတိုက်ခံရတဲ့ သူကပဲ သူ့ကို ပွေ့ခေါ်ပြီး ဆေးခန်းလိုက်ပို့ပေးရသေးတယ်"

"ဟင် ... ဘာဖြစ်တယ်"

"နင် သတိလစ်လဲကျသွားတော့ ကိုခေါင်ကပဲ ပြေးပွေ့ပြီး သူ့ကားနဲ့ ဆေးခန်းလိုက်ပို့ပေးရတာ၊ သူ့ခများ နင့်ကို ဆေးခန်းပို့၊ ဆရာဝန်ပြပြီးမှ သူ့ပြဿနာကို ရှင်းရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက တစ်ယောက်တစ်ခွန်း အပြစ်တွေ တင်လို့။

ပဥ္စသီကတော့ မျက်လုံးတွေ ကြောင်တောင်လေး ဒေဝ်ကိုသာ လှမ်းကြည့်ရင်း သူတို့ ပြောတာ အဟုတ်ပဲလား အသံတိတ်မေးနေမိသည်။

ဒေဝ်ကတော့ ပဥ္စသီကို အားပေးပြုံးလေး ပြုံးပြ သည်။

သူငယ်ချင်းတွေ ဘာပြောပြော စိတ်မညစ်နဲ့ ကာယကံရှင် ဖြစ်သည့် သူက ဘာမှမဖြစ်ပါဘူးဆိုသည့် သဘော ထိုအပြုံးလေးတစ်ချက်ပါပဲ။

သေးငယ်သော်လည်း နက်ရှိုင်းသည့်၊ ဖွလျော့ လည်း လေးနက်သည့်၊ နူးညံ့သော်လည်း အားအင်ပြည့်ဝသည့် အပြုံးမြမြလေးတစ်ခုဟာ ပဥ္စသီရဲ့ ရင်ကို လှုပ်ခါသွားစေရအောင် ပဥ္စသီရဲ့ ဘဝတစ်ခုလုံးကို အပြောင်းအလဲကြီး ပြောင်းလဲသွား ရအောင် ဖန်တီးနိုင်စွမ်းလေသည်။





လူတစ်ယောက်ကို ချစ်သွားဖို့ အချိန် ဘယ်လောက် ယူပါသလဲ။

နောက်ပြီးတော့ လူတစ်ယောက်ကို ချစ်သွားစေဖို့ ဘယ်လိုအကြောင်း အချက်အလက်တွေ လိုအပ်ပါသလဲ။

ပဥ္စသီကတော့ စက္ကန့်ပိုင်းအချိန်ကလေးနဲ့ နူးညံ့ ငြိမ်သည့် အပြုံလေးတစ်ခုပဲ လိုအပ်ပါသည်လို့ အဖြေပေးချင် သည်။

အဲဒါဆိုလျှင် ဘယ်သူတွေက အပြစ်တင်ကြမလဲ။

အို ... ဘယ်သူတွေပဲ အပြစ်တင်တင်ပေါ့။ ပဥ္စသီ ကတော့ ဒေဝ်ဆိုသည့် လူသားလေးတစ်ယောက်ကို အလွန်တို တောင်းသော အချိန်လေးအတွင်းမှာ ဘာရယ်မဟုတ်သော အကြောင်းလေးတစ်ခုနဲ့ ချစ်ခဲ့မိပြီ။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



"ရော့ … ဒါ ပဥ္စအတွက်"

တံဆိပ်လှလှကလေးနဲ့ ကြိုးတပ်ထားသော စက္ကူ
လေးထောင့်အိတ်အသေးလေးကို ပဥ္စသီက လှမ်းယူလိုက်ရင်း …

"ဘာလေးလဲ"

"ဖွင့်ကြည့်လေ"

"ဖွင့်ကြည့်ဖို့တော့ သိတာပေါ့၊ မကြည့်ခင် ဘာတွေ ရှေ
ဆိုတာ အရင်သိရမှ ပိုကောင်းတာ"

"တလွဲကွာ၊ ဘာမှန်းမသိရဘဲ ဖွင့်ကြည့်ပြီးမှ သိရ
ပိုမကောင်းဘူးလား"





"ဒါက သူများ အယူအဆ၊ ပဥ္စကတော့ ကြိုသိပြီးမှ ဖွင့်
ကြည့်ချင်တာပဲ၊ ဘာလဲ ပြော … ပြော"

ခေင်ကိုဆို ပဥ္စသီက အဲဒီလိုမျိုးပဲ အနိုင်ကျင့်နေကျ
ပါ။

ခေင်တစ်ယောက်ကလည်း ဝင့်ကြွေးကို ပါသလား
သိ။ ပဥ္စသီ ပြောသမျှ ဘာမဆို ခေါင်းညိတ်ကျေနပ်စွာ နာခံ
တတ်မြဲ။

"အထဲမှာပါတာ ရေမွှေးကွာ"

"ဟယ် … ရေမွှေး … ဟုတ်လား … ဘာတံဆိပ်လဲဟင်"

ပဥ္စသီက အဲဒီတော့မှပဲ ပျော်ရွှင်တက်ကြွစွာနဲ့
အိတ်ကိုဖွင့်ကာ အထဲက ရေမွှေးဘူးလေးကို ထုတ်ကြည့်ဖော်
နေတော့သည်။

ဘူးခွံက ရှည်မျောမျောပါးပါးလေး။ ရွှေရောင်စက္ကူ
ချောချောတောင့်တောင့်ကလေးနဲ့ လုပ်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်ဘူးလိုမျိုး တွန်းထုတ်လို့ရသည့် အတွင်းသားကို ထုတ်ကြည့်လိုက်တော့ အဖြူရောင်ဖဲသားအခံမှာ ရွှေရောင်ရေမွှေးပုလင်းလေးက စိန်ပွင့်လေးတစ်ပွင့်ပုံစံမျိုး အကွက်ဖော်ထားကာ ချစ်စရာလေး။

"ဟယ် ... ချစ်စရာလေးတော်၊ ဒါ ဘာတံဆိပ်လဲဟင်"

"ကျွန်တော်လည်း အသံထွက်သေချာမသိဘူး၊ မာဆယ်လီဘာဆိုလဲ ပြင်သစ်ရေမွှေးပဲ"

"တစ်ခါမှ မတွေ့ဖူးဘူး"

"မတွေ့ဖူးဆို ဒီကို တစ်ဆင့်တင်သွင်းတာမှ မရှိတာ ပြင်သစ်ကပဲ တိုက်ရိုက်မှာယူရတာ"

"ဟင် ... ဒါဆို ဒေင်က ဘယ်လိုမှာလဲ"

"ပြင်သစ်က အမျိုးတွေဆီ လှမ်းမှာတာပေါ့"

"ဒါဖြင့် ပြောစမ်း၊ ဒီတံဆိပ်ကို ဘယ်လိုလုပ် သိတာလဲ"

"မသက်ာတဲ့ မျက်နှာကြီးနဲ့ မစစ်ဆေးစမ်းပါနဲ့ကွာ၊ ဒါ မေမေ တစ်သက်လုံး သုံးလာတဲ့တံဆိပ်ပဲ၊ မေမေက သိင်





အစွဲအလမ်းကြီးတာ၊ ရေမွှေးတောင်မှ ငယ်ငယ်တည်းက အခုထက်ထိ တံဆိပ်တစ်မျိုးတည်းပဲ သုံးတာ၊ ကျွန်တော်ကလည်း မေမေ့သားဆိုတော့ မေမေ့လိုပဲ"

"အောင်မယ် ... အချိန်ရသခိုက် ကြော်ငြာဝင်တိုးနေသေးတယ်၊ စီးတီးအက်ဖ်အမ်နဲ့များ မှားနေလား မသိဘူး"

"မြဝတီ ကိုရီးယားကား ပြတဲ့အချိန်မို့ပါကွာ"

"ဟွန်း ... မုန်းစရာကြီး ... သွား"

သွားလို့ ပြောလိုက်ပေမဲ့ ပဒ္မသီ မျက်နှာလေးက ပြုံးပြုံးချိုချို။ ဒေင်ကလည်း စကားနားထောင်စွာပဲ ပဒ္မသီဘေးမှာ ဘပ်ကပ်ကလေး ဝင်ထိုင်ချလိုက်လေသည်။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



သမီး အခန်းရှေ့ကအပြတ်မှာ သင်းခနဲ ရလိုက်သော အမွှေးနံ့တစ်ခုက ဗဦးရဲ့ ခြေလှမ်းတွေကို တုံ့သွားစေလေသည်။

အကြောင်းရင်းက နှစ်ချက်ရှိသည်။

တစ်ချက်က ဒီရေမွှေးနံ့မျိုး သမီးဆီက ဘယ်တုန်းကမှ မရခဲ့ဖူးတာ။

သမီးကို သိပ်ချစ်ပြီး သမီးနဲ့ ပတ်သက်သမျှ စိတ်ဝင်စားတတ်လွန်းလှသော ဗဦးဟာ သမီး ဘာရေမွှေးသုံးသည်၊ ဘာအရောင် ကြိုက်သည်။ ဖိနပ် ဝတ်လျှင် ဘာတံဆိပ်ဝတ်တတ်သည် ဆိုတာကအစ သိသည်။





အဆုံးစွန်အထိ ပြောရမည်ဆိုလျှင် သမီးရဲ့ ဗီရိုနှစ်လုံးအပြည့်မျှ များပြားလှသော အဝတ်အစားတွေ အားလုံးကိုပင် ဗဦးက မှတ်မိသေးသည်။

ဒီတော့ အသစ်ဖြစ်နေသည့် ရေမွှေးနံ့ဟာ မသင်္ကာစရာ။ ဒီရက်ပိုင်းအတွင်း သမီး ရေမွှေးအသစ် ဝယ်တယ်လို့လည်း မကြားမိပါဘူး။

ဒုတိယတစ်ချက်ကတော့ ရေမွှေးနံ့ဟာ သမီးနဲ့ ပတ်သက်နေလို့သာ အသစ်ဖြစ်နေတာ။ ဗဦးနဲ့ကျတော့ မစိမ်းသက်ပဲ ရင်းနှီးပြီးသား ဖြစ်နေခြင်းပင်။

ရှက်ရှက်နဲ့ ဝန်ခံရမည်ဆိုလျှင်တော့ ထိုရေမွှေးနံ့ဟာ မေဟသီ သုံးလေ့ရှိသည့် ရေမွှေးနံ့ပဲဆိုတာ ဗဦးက မှတ်မိနေသည်။

အိမ်ထောင်ကျပြီး၊ အရွယ်ရောက်သမီးတစ်ယောက်ပင် ရှိနေပြီဖြစ်သော အသက်လေးဆယ့်ငါးနှစ်အရွယ် ယောကျ်ားတစ်ယောက်အတွက် ရည်းစားဟောင်းသုံးနေကျ ရေမွှေးနံ့ကို မှတ်မိနေတာဟာ အပြစ်ဆိုစရာ ဖြစ်ကောင်းဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘယ်လိုမှ မတတ်နိုင်ပါ။ မှတ်မိနေတာက တော့ မှတ်မိနေတာပဲပေါ့။

မေဟာသ်ာနဲ့ ပတ်သက်လာလျှင် သူ့ရဲ့ မှတ်ဉာဏ်တွေက နှိုးကြွရှင်သန်လွန်းသည်။

အလွမ်းသက်သက်တော့ဖြင့် မဟုတ်ရပါလေ။ ဗဦးရဲ့ သတိရခြင်းတွေမှာ မခံချင်စိတ်နဲ့ ဒေါမနဿတွေက အပြည့်ဝါဝင်ပါသည်။

အဲ ... ထားပါတော့ မေဟာသ်ာ။

အရေးကြီးတာက သမီး အခန်းထဲက သူစိမ်းရေမွှေးနံ့ရနေခြင်း။

ဗဦးက တောင်တောင်အီအီ မစဉ်းစားတော့ဘဲ သမီး အခန်းတံခါးကို ခေါက်လိုက်သည်။

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဘယ်သူလဲ"

"ဖေဖေပါ သမီး"





ဟင် ...။ ဖေဖေ ...။

ပဥ္စသီက အထိတ်တလန့် ဖြစ်သွားကာ ဆွတ်လက်စ ရေမွှေးပုလင်းလေးကို မွှေ့ရာအောက် ထိုးသွင်းဖွက်ထားလိုက်ရပါသည်။

သို့သော် ပဥ္စသီ သတိလစ်သွားတာက ရေမွှေးဆိုတာမျိုးဟာ ပုလင်းကို ဖွက်ထားလို့ရသော်လည်း အနံ့ကိုတော့ ဖွက်ထားလို့ မရဘူးဆိုတာကိုပင်။

ရေမွှေးနံ့တွေ သင်းသင်းပျံ့နေသော အခန်းထဲသို့ ဗဦး ဝင်လာခဲ့လျှင် (စိတ်ထင်လို့ပဲလားတော့ မသိ) ပဥ္စသီကို စိတ်မလုံခြုံသည့် မျက်နှာမျိုးလေးနဲ့ တွေ့လိုက်ရလေသည်။

"သမီး ... သွားတော့မလို့လား"

"ဟုတ်ကဲ့ ဖေဖေ"

"အိမ်ကကားနဲ့ မသွားဘူးလား သမီး"

"ချောစု လာခေါ်လိမ့်မယ် ဖေဖေ၊ ရုပ်ရှင်ရုံမှာ လူစုရတာက မကောင်းဘူးလေ၊ အားလုံးစုသွားဖို့ကျတော့ သမီးတို့အားနဲ့



www.burmeseclassic.com

www.burmeseclassic.com



လူစုံမဆန့်ဘူး၊ ချောစု ကားက ပါပလေကာဆိုတော့ အားလုံး စုသွားလိုက်လို့ ရတာနဲ့”

သမီးက မနေ့တည်းက ပြောထားပြီးသားစကားတွေကိုပဲ တရှည်တလျား၊ တဖွဲ့တနွဲ့ ထပ်ပြောနေသည်။

ဒါဟာ မလိုအပ်ဘဲ ပိုပိုသာသာ ရှင်းပြနေသည့်သဘောဆိုတော့ မသက်သာချင်စရာများ ကောင်းနေလေမလား။

ဗဦးက ဘာမှ မပြောသော်လည်း သမီးကိုတော့ မသက်သာသည့် မျက်လုံးတွေနဲ့ မပြတ် စောင့်ကြည့်နေဖြစ်လေသည်။

“သမီးတို့က ဘာကားကြည့်မှာလဲ”

“ကမ်းလွန်ပင်လယ်ပြင်ကို ဗဟိုပြု၍လေ သမတမှာ”

ဒီကားကို လွန်ခဲ့သည့် နှစ်ရက်က အတန်းလစ်ပြီး ဒေင်နဲ့ သွားကြည့်ပြီးသားဖြစ်ကာ သူငယ်ချင်းတွေ ရုပ်ရှင်သွားကြည့်ချိန်မှာတော့ ပဋိသီတို့နှစ်ယောက်တည်း လျှောက်လည်ကြမည့်အကြောင်း ဖေဖေများ ရိပ်မိနေပြီလား။





ဖေဖေက သိပ်ပြောလို့ရတာ မဟုတ်။ ပျါးနပ်သည့်နေရာမှာ မှန်နိုင်လွန်ကတောင် အဘ,ခေါ်ရလောက်ကာ လူကဲခတ်တော်သည့် နေရာကျတော့ အင်တာပိုလ်ထက်ပင် ဆရာကြီးဖြစ်ချင်သေးသည်။

“ကားကတော့ ကြော်ငြာထားတာ ကြည့်ရတာ ကောင်းမဲ့ပုံပဲ၊ အပျော်စီးသင်္ဘောကြီး ငှားပြီးတောင် ရိုက်ထားတာဆိုတော့ သေသေချာချာလည်း လုပ်မှာပဲ၊ ဖေဖေတောင် လိုက်ကြည့်ချင်သေးတယ်”

ဗဦးက မသိမသာ စကားလေး တောက်လိုက်တာပင်။

သမီးသာ သွေးရိုးသားရိုးဆိုလျှင် “ဟာ … ဖေဖေကလည်း သမီးတို့ မိန်းကလေးသူငယ်ချင်းတွေချည်းပဲ စုသွားတာကို ဖေဖေက လိုက်ပြီး ဘာလုပ်မှာလဲ၊ ပြီးရင် ရုပ်ရှင်ထဲ နေကြာဆေးစားပြီး အမှိုက်မပစ်ချရဘူးတို့၊ ဝါးပြီးသား ပီကေတွေ ခုံလက်တန်းအောက်မှာ မကပ်ရဘူးတို့၊ ရှေ့ခုံကို ခြေကန်ပြီး မထိုင်ရဘူး



www.burmeseclassic.com

www.burmeseclassic.com



တို့၊ စည်းကမ်းဥပဒေတွေ လာဦးမယ်၊ မလိုက်ပါနဲ့ ဖေဖေရာ၊ ဖေဖေ သွားချင်ရင် နောက်မှ သမီးတို့မိသားစု အတူသွားကြည့်တာပေါ့”ဟု ပြောမည်။

တကယ်လို့ သမီးသာ မရှိးသားခဲ့ဘူး ဆိုလျှင်တော့ သူ့မှာ အကြောင်းရှိလို့ အဖေကို မခေါ်ချင်တာပဲလို့ အထင်မခံရလေအောင် “လိုက်ခဲ့လေ ဖေဖေ၊ သမီးတို့လည်း အဖော်ရတာပေါ့ ကောင်းသားပဲ”လို့ တက်တက်ကြွကြွနဲ့ ဟန်ဆောင်ပန်ဆောင် ပြောလိမ့်မည်။

ဗဦးက ကိုယ့်အတွေးနဲ့ကိုယ် မေးခွန်းမေးပြီး အဖြေကို စောင့်ကြည့်နေခဲ့သော်လည်း သမီးက ခန့်မှန်းရခက်သော မျက်နှာသေလေးနဲ့ ...

“ဖေဖေ့ သဘောပဲလေ”

ဗဦး ဘာပြန်ပြောရမှန်း မသိ၊ ခုခေတ် လူငယ်လေးတွေကို ခပ်ပေါ့ပေါ့ သဘောထားလို့ မရဘူးဆိုတာတော့ သင်ခန်းစာရသည်။





သမီးဟာ ဗဦး ဒီနေ့ ညွှန်သည်နဲ့ ချိန်းထားလို့ ...ယ်လိုမှ မလိုက်အားဘူးဆိုတာ သေချာပေါက် သိနေပြီးသား။ ...ကြောင့်လည်း ခပ်တင်းတင်းပဲ ပြောဝံ့တာ။

“ဒါနဲ့သမီး ရေမွှေးနံ့က မွှေးလှချည်လား”

“ရှင် ဖေဖေ”

ဒီတစ်ခါတိုက်ကွက်ကတော့ ချက်ကောင်းထိပုံရ...သည်။ သမီး မျက်နှာလေး ပျက်သွားကာ ...

“ဟို ... သိပ်မမွှေးပါဘူး၊ သမီး နည်းနည်းပဲ ဆွတ်ထားတာ”

“ဘာရေမွှေးလဲ သမီးရဲ့”

“ဘာရယ်လို့ မဟုတ်ဘူး ဖေဖေ၊ သုံးမျိုးလောက် ပေါင်းပြီး ဆွတ်ထားတာ”

သွားပြီ။

သမီးအပေါ် ထားသမျှ ယုံကြည်ချက်တွေ ဒီတစ်ခွန်း...း်နဲ့ ပြိုကွဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးဟာ သူ့ကို လျှို့ဝှက် ဖုံးကွယ်ထားတာ
ရှိနေပြီ။

ရေမွှေးနံ့ဟာ သုံးမျိုးလောက် ပေါင်းလို့တော့ အ
တစ်မျိုးထွက်လာစရာ အကြောင်းမရှိ။ အစကတည်းက မတူ
အမျိုးအစားကို သုံးထားလို့သာ မတူသောရနံ့ ထွက်နေတ

ဒါကို ဘယ်လိုမှ လိမ်ညာဖုံးကွယ်လို့ မရနိုင်
လျက် သမီးက ဖုံးကွယ်ဖို့ ကြိုးစားသည်ဆိုတော့။

ဗဦးက ပြောမပြနိုင်လောက်အောင် စိတ်မ
ဖြစ်သွားရသလို ရင်ထဲမှာလည်း ပူသွားရသည်။

အတောင်အလက် စုံစပြုပြီဖြစ်သော သမီးဟာ
ရင်ခွင်ကို စွန့်ခွာတော့မှာလား။

ထိုခဏမှာ သူ ပြေးမြင်ယောင်လိုက်မိတာက
ဦးပညာရဲ့ မျက်နှာကြီးပါပဲ။ တကယ့်ကို မဆီမဆိုင်ပါ။

❁ ❖ ❁





သမီးမှာ ချစ်သူရှိနေပြီလို့ သံသယဝင်လာသည့်အခါ ကျတော့ အရေးကြီးလာတာက သမီးရဲ့ ချစ်သူဟာ ဘယ်သူလဲ ဆိုတာပင်။

ကိုယ့်သမီးကို ဘာမှန်း ညာမှန်း မသိသည့် သူစိမ်း တရံစာကောင်တစ်ကောင် လက်ထဲ ထည့်နိုင်တာ မထည့်နိုင်တာ အသာထား၊ သမီးရဲ့ အကောင်ဟာ ဘယ်သူလဲ၊ ဘယ်လိုလူစား မျိုးလဲ ဆိုတာကိုတော့ ဗဦးက အရင်သိချင်သည်။

ထိုအတွေးနဲ့အတူ ရုတ်တရက် မှုပန်သွားမိတာက ဟိုကောင်။ ကိုင်ဇာသီချင်းကို အသံအောင်၊ အသံပြဲကြီးနဲ့ ဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာကိုလည်း ကြွက်ဖြတ်ပြေးသည့်အသံမျိုးနဲ့ တဗွီဗွီ၊ တဝွမ်ဝွမ် လာတီးနေသည့်အကောင်ကိုပင်။

ဒီကောင်သာ ဖြစ်လိုက်လို့ကတော့ သေပါပြီကွာ။

ဗဉီးက သွေးရူးသွေးတန်းနဲ့ ပထမဆုံး လုပ်သည့် အလုပ်မှာ ညှော်သည်နဲ့ ချိန်းထားတာကို ဖျက်ပစ်လိုက်ခြင်းသာ ပင်။

ထိုညှော်သည်ဟာ သူ့အတွက် အရေးကြီးသည့် ညှော်သည်။

ဒီနေ့ဆွေးနွေးပွဲဟာ သူ့အတွက် သိန်းနဲ့ချီ အကျိုး အမြတ်ရှိမည့်ပွဲ။

သို့သော် ငွေကြေးထက်၊ လုပ်ငန်းထက် သမီးက ပိုအရေးကြီးသည်လေ။

ဒီလောကကြီးထဲမှာ ပဋ္ဌသီဗဉီးတည်းဟူသော ရင်နှင့် သည်းချာသမီးရတနာလေးထက် ပိုပြီး အရေးကြီးသော အရာဆို လို့ ဗဉီးထံမှာ ဘာမှ မရှိတော့ပါ။





ဗဉီး ဒုတိယလုပ်ရသော အလုပ်သည်ကား မိတ်ဆွေ ဘစ်ယောက်ရဲ့ ကားကို ငှားကာ သမတရုံအောက်မှာ သွားစောင့် နေခြင်းပင်။

ကိုယ့်ကားကြီး အမြန်နှသားနဲ့ သွားထိုင်စောင့်နေလျှင် ပါးနပ်လျင်မြန်သော သမီးက သူ့ထက်အလျင် တွေ့သွားလိမ့် မည်။

ကားပြောင်းထားတာတောင်မှ သိပ်စိတ်မချနိုင်သေး သောအခါ ဗဉီးက ရောင်မျက်မှန်အမည်းတပ်ကာ ဦးထုပ်တစ်လုံး ဆောင်းမှ လမ်းဘေးဈေးဆိုင်က ဝယ်ဆောင်းလိုက်သေးသည်။

ဒီအဆင်အပြင်ဟာ လွန်ခဲ့သော ဆယ့်ကိုးနှစ်လောက် က မေဟာသီတို့အိမ်ရှေ့ သွားချောင်းစဉ်ကလည်း သူ ဝတ်ခဲ့ဖူးသည့် အဆင်အပြင်ပါပဲ။

ဩော် … မေဟာသီ။ မေဟာသီ။ ကိုယ့်ချစ်သူတစ် ယောက်လုံးကို ရက်ရက်စက်စက် အရှုက်ခွဲခဲ့တဲ့ မိန်းမ။ ကမ္ဘာကြေ ဆာ်လည်း ဥဒါန်းမကြေချင်စရာကောင်းလှပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ ရည်းစားဟောင်းကို သတိရနေမိသေးသော ကိုယ့်ကိုယ်ကိုယ် ဗဦးက စိတ်တိုမိပါသေးသည်။

ဒါပေမဲ့လည်း လောကကြီးဟာ သူ့သဘောသူဆောင်ပြီး ဖြစ်ပျက်နေတာ။

ကိုယ်က ဝင်ပြီးတော့ ပြုပြင်ပြောင်းလဲလို့လည်း ရတာမျိုးမဟုတ်။

ဟိုတွေး ဒီတွေးနဲ့ ထိုင်စောင့်နေစဉ်မှာပဲ ရုပ်ရှင်ပြီးချိန် ရောက်လာသည်။

ရုံထဲကနေ ဝေါခနဲ သွန်ထွက်လာသော လူတွေကြားထဲ သမီး ဘယ်နားက ပါလာမလဲ။ သမီး ဘေးမှာ ဘယ်သူ ရှိနေမလဲ။

စိတ်အောကြီးစွာ ရှာဖွေကြည့်သော်လည်း သမီးကို မတွေ့ရပါ။ သမီး သူငယ်ချင်း ချောစုတို့၊ နွဲ့နွဲ့အေးတို့ကို တွေ့နေတာတောင်မှ သမီးကိုတော့ မတွေ့ရ။





ထိုအချိန်မှာပဲ မာစီဒီးကားကြီးပေါ်က ဆင်းသက်လာ
မိန်းကလေးသည်ကား ဗဦး ဘယ်လိုမှ မမျှော်လင့်ထားခဲ့သူ။

ပဥ္စသီဗဦး။

ဗဦးရဲ့ ချစ်လှစွာသော သမီးလေးဟာ ကောင်လေး
ယောက်မောင်းသည့် ကားပေါ်က ဆင်းသက်လာပါရောလား။

သမီးက သူငယ်ချင်းတွေ စောင့်နေသည့် ကားနား
ပြေးသွားသည်။ သမီး နောက်က ဆင်းလိုက်သွားသော
င်လေးကို မြင်လိုက်ရလျှင် ဗဦး ပိုသွေးပျက်သွားရပြန်သည်။

သမီးရယ်။ ဖေဖေ့ကို ဘာအငြိုးနဲ့များ အသည်းနှလုံး
ားတစ်ဆုံး ထိုးစိုက်ချင်ရတာလဲ။

ကြိုက်စရာရှားလို့ တစ်လောကလုံး ရှိရှိသမျှ
က်ျားတွေထဲမှာ ဒီကောင်ကိုမှ ရွေးပြီးတော့ ကြိုက်ရသလား။

ဗဦး စိတ်ထဲမှာ သမီးဆီ အပြေးသွားပြီး သမီးပခုံး
က်ကို ကိုင်လှုပ်ကာ အဲဒီလိုမဲ ထပ်ခါထပ်ခါ မေးလိုက်ချင်
သည်။



www.burmeseclassic.com

www.burmeseclassic.com



သကောင့်သား ကြည့်ရတာ သမီးကိုတော့ ကြော

ရပုံပဲ။ အောင်မာ ... ဒါ ဟန်ဆောင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့

ယောက်ျားတွေရဲ့ မာယာကို ဘယ်သူက ကြိုသိနိုင်မှာမို့လို့လဲ

ပုံစံကြည့်ရတာ ချမ်းချမ်းသာသာထဲကတော့ ဖြ

မည်။ ကားကိုက မြန်မာပြည်မှာ နှစ်စီးသုံးစီးထဲလား ရှိသော

အဖိုးတန်ကားကြီး။

နေစမ်းပါဦး။ ဒီကားမျိုး။ ရှားနှစ်ရောင် မာစီဒီးကား

ကြီးမျိုး ငါ တစ်နေရာရာမှာ တွေ့ဖူးပါတယ်။

စဉ်းစားစမ်း။ ပြန်စဉ်းစားလိုက်စမ်း။

ဟာ ...။

အာရုံထဲမှာ လင်းခနဲ လက်သွားချိန်မှာ မျက်စိ

မှာတော့ မိုက်ခနဲ မှောင်သွားတော့သည်။

မျက်စိထဲမှာတော့ တလောက အသုဘကအပြန်မှာ

ရှားနှစ်ရောင် မာစီဒီးပေါ် မိန့်မိန့်ကြီး ပါသွားသည့် ဦးပညာ၏

မျက်နှာကြီး။





သေချာပါတယ်။ ဒီကား၊ ဒီအရောင်မျိုး မြန်မာပြည်

မှာ နှစ်စီးမရှိနိုင်ပါဘူး။

ဒါဖြင့် ဒီကောင်လေးဟာ ...။



www.burmeseclassic.com

www.burmeseclassic.com



ညနေခြောက်နာရီ ဆိုသည့် အချိန်ဟာ မှောင်စပျိုးသည့်အချိန်။

တစ်နေကုန် ထိန်ထိန်ငြီးလာခဲ့သော နေလုံးကြီးက အနောက်မိုးကုပ်စက်ဝိုင်းထဲ တငြိမ့်ငြိမ့် တအိအိ ပြန်ဝင်သွားသည့်အချိန်။

ကောင်းကင်းရဲ့ အရောင်ဟာ ပြာလွင်လွင်၊ ဝါညက်ညက်ကလေးကနေ တဖြည်းဖြည်း ပုစွန်ဆီရောင်၊ မရမ်းရောင်၊ အညိုမှောင်မှောင်အရောင် သမ်းလာပြီ။





ငှက်တွေက အသံဆူညံစွာ မြည်လျက် တစ်အုပ်ပြီး တစ်အုပ် ပြန်သွားကြပြီ။

မေဟာသာနဲ့ ချိန်းထားသည့် အချိန်က ခြောက်နာရီ တိတိ။

ဗဦးက စိတ်စောကာ ညနေလေးနာရီကတည်းက အိမ်က ထွက်လာမိတာမို့ ခြောက်နာရီဆိုလျှင်တောင် စောင့်ရတာ နှစ်နာရီလောက် ရှိသွားပြီ။

တဖြည်းဖြည်း ခြောက်နာရီကျော်ကာ ခြောက်နာရီခွဲ အနီးလာတော့ ဗဦးတို့ သွေးပျက်တုန်လှုပ်လာပြီ။

စောင့်ရတဲ့ဒုက္ခ ဘယ်လောက်ကြီးသလဲ ဆိုတာ အခုမှပဲ သေသေချာချာ သဘောပေါက်တော့သည်။

ဘုရား ... ဘုရား ...။ သာသာ လာမှ လာပါ့မလား။

ရွှေတိဂုံဘုရားရဲ့ ကြီးမားသော အရိပ်အောက်မှာ ခပ်ရင်း ဗဦးက တဖြည်းဖြည်း နိုးကိုးရာမဲ့လာသလို ခံစားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



စာများ မရလို့လား။

မဖြစ်နိုင်။

ဉာဏ်ကျော်ကို စာပေးခိုင်းပြီး နောက်တစ်နေ့မှာ မေဟာသာ်တို့ အိမ်ရှေ့ အခြေအနေ သွားကြည့်တော့ ကံကောင်းထောက်မစွာ မေဟာသာ်ကို ဝရန်တာမှာ တွေ့ခဲ့ရသည်။

အဲဒီတုန်းက 'စာရလား' ဆိုသည့် သဘောမျိုး လက်ဟန်ခြေဟန်နဲ့ လုပ်ပြလိုက်တော့ မေဟာသာ်ကလည်း နားလည်သည့်ပုံစံနဲ့ ခေါင်းညိတ်ပြသေးသည်။

ရွှေတိဂုံဘုရားမှာ ညနေ ခြောက်နာရီ ချိန်းထားတာ မဟုတ်လား ဆိုသည့် သဘောနဲ့ ဘုရားပုံ လုပ်ပြ၊ လက်အုပ်ချီကန်တော့ဟန်ပြ၊ လက်ခြောက်ချောင်းထောင်ပြလိုက်သေးတာမို့ ကိုယ့်စာကို မေဟာသာ် ရထားသည်ဆိုတာလည်း သေချာပြီ။

ဒါဖြင့် ဘာကလွဲချော်တာလဲ။

ဘယ်လိုမှလဲ စဉ်းစားလို့မရ။ မေဟာသာ် တမင်မလာတာပဲလားဆိုသည့် အတွေးကသာ ရှေ့ဆုံးက ဦးဆောင်လို့ နေတော့တာ။





ခုနစ်နာရီ။

နာရီလက်တံတွေဟာ တာတိုအပြေးသမား တစ်ယောက်ရဲ့ လျင်မြန်သည့် အရှိန်နှုန်းမျိုးနဲ့ အချိန်တွေကို ဝါးမျိုစားသောက်သွားလေသလား မှတ်ရသည်။

အမှောင်ထုကလည်း ဖုံးလွှမ်းလို့လာပြီ။

ဘုရားပေါ်မှာ လျှပ်စစ်မီးအလင်းရောင်တွေကြောင့် လင်းထိန်နေသေးသော်လည်း ကောင်းကင်တစ်ပြင်လုံးကဖြင့် ရှိသမျှအရာအားလုံးကို လက်ဖဝါးမည်းမည်းကြီးတွေနဲ့ ဖုံးအုပ်ပစ်နေသလိုပင်။

စက္ကန့်သံ တစ်ချက်မြည်လိုက်တိုင်း နားထဲမှာ ဗုံးဘစ်လုံး ပေါက်ကွဲ ပေါက်ကွဲသွားသလို ခံစားနေရသည်။

သူဟာ ကျဆုံးခဲ့ပြီလား။

ချစ်သူကို တကယ်ပဲ လက်လွှတ် ဆုံးရှုံးရတော့မှာလား။

ရှစ်နာရီ။ ကိုးနာရီ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြာအောင် ခေါင်းငိုက်စိုက်ချကာ သိစိတ် ကင်းမဲ့စွာ စောင့်နေမိခဲ့သလဲ မသိတော့ပါ။

ဘုရားလုံခြုံရေးတွေ ရောက်လာကာ ဘုရားပိတ်တော့မှာမို့ ပြန်တော့ဖို့ လာပြောတော့မှပဲ ဗဦးလည်း ဘုရားပေါ်က ဆင်းဖြစ်တော့သည်။

ချက်ချင်းပဲ ဉာဏ်ကျော်ကို တွေ့ပြီး သဟင်းစုံစမ်းခဲ့သွားပေမဲ့ ဉာဏ်ကျော်က မရှိ။ အထက်မြန်မာပြည်ကို ဘုရားဖူးသွားသည်တဲ့။

နောက်ထပ် တစ်လခန့်အကြာမှာတော့ ဗဦးရဲ့ အချစ်ရဆုံး မေမဟာသ်ာနဲ့ ဗဦးရဲ့ သူငယ်ချင်းကြီး ဉာဏ်ကျော်တို့ရဲ့ လက်ထပ်ပြီးစီးခြင်းသတင်းကို သတင်းစာထဲမှာ ဖတ်လိုက်ရတော့တာပါပဲ။

✿ ❖ ✿





"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဘယ်လိုမှ သဘောမတူနိုင်ဘူး"

"ကိုဗဦးရယ် ... ဖြည်းဖြည်းဆေးဆေး ပြောလည်း ရသားနဲ့၊ သမီးက ဒီလောက်ကြီး ဆိုးနေတာလည်း မဟုတ်ပါဘူး"

"ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားထားတာ လိမ္မာတာလားကွ၊ ဟင်း ... လူကဖြင့် နို့နံ့တောင် မစင်သေးဘူး"

"ဒါပေမဲ့ ကိုဗဦးရယ်၊ ဒီအရွယ်ဟာ ကလေးငယ်ငယ်လေးတော့လည်း မဟုတ်တော့ဘူးလေ၊ ကိုယ့်ဘဝကို ကိုယ့်ဦးနှောက်နဲ့ ဆုံးဖြတ်ရွေးချယ်လို့ရတဲ့ အရွယ်ရောက်ဝင်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အောင်မာ ...။ တစ်သက်လုံး ညှဲဖျင်းထုံအ,လာတဲ့ မိန်းမကများ။

ဘယ်တုန်းကမှ အထင်သေးစွာ ပစ်ပစ်ခါခါ မပြောခဲ့ဖူးသော ဇနီးသည်ကို ဗဦးက စိတ်ထဲကနေ ပက်ပက်စက်စက်ပဲ နှိမ့်ပစ်လိုက်မိသည်။

ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ဘယ်လောက်မှ မရှိဘဲ တစ်သက်လုံး ယောက်ျားဦးနှောက်နဲ့ လှုလုပ်လာရတဲ့ မိန်းမက ဝင်ပြီး လျှောက်လဲချက်တွေ ဘာတွေ ပေးလို့။

သင်းစကားကိုများ သမီးက အဟုတ်မှတ်သွားပြီး တစ်သက်လုံးက ဆုံးမအုပ်ချုပ်လာတဲ့ အဖေကို တော်လှန် အာခံချင်စိတ်တွေ ဝင်လာရင် ဘယ်လိုလုပ်မလဲ။

"သမီးကို ကိုယ့်ဘာသာ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးသင့်တယ်၊ မိဘက မဖြစ်သင့်တာ မဖြစ်ရအောင်ဘေးက ထိန်းပေးရုံဆို ပြီးရောပေါ့၊ ကိုဗဦးက သမီးကို သိပ်ချစ်လွန်းတော့ နေရာတကာ သိပ်ပြီး ဝင်ပါလွန်းချုပ်ချယ်လွှမ်းမိုးလွန်းအား ကြီးနေတယ်"





အာဂမိန်းမ။ ဒီစကားတွေ ဘယ်ကများ တတ်လာဘာလဲ။

နေစမ်းပါဦး။

မနေ့က ငှားကြည့်တဲ့ ဗီဒီယိုကားထဲက စာသားတွေနဲ့များ ဆင်မလား။ ဒီမိန်းမတော့ ခိုးကူခွေတွေ ငှားကြည့်ပြီးဒိုင်ယာလော့ခ်တွေကိုပါ ခိုးချနေပြီထင်သည်။

"အခု သမီးနဲ့ သင့်မြတ်နေတဲ့ ကောင်ကလေးဟာ ကျွန်မသိရသလောက်တော့ သမီးအပေါ် မေတ္တာစစ်နဲ့ ထားတဲ့ပုံပါ၊ ချမ်းလည်းချမ်းသာတယ်၊ မိဘမျိုးရိုးကလည်း ကောင်း"

"ဟော့ ... တော်တော်၊ လှည့်စားတတ်တဲ့၊ သစ္စာမရှိတဲ့ နောက်ကျောကို ဓားနဲ့ထိုးတတ်တဲ့ ဟာတွေကိုများ မျိုးရိုးကောင်းလို့ လာမပြောနဲ့၊ ငါ လုံးဝ လက်မခံဘူး"

"ရှင်"

"မေမေ ဘာပြောတာလဲ၊ ဇခင့်မိဘတွေက ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... အဲဒီ အေးဒင်ဆိုတဲ့ ကောင်ဟာ"

"ဟာ ... ဖေဖေကလည်း ဘယ်ကလာ အေးဒင်ရမှာလဲ ဒေဒင်ပါ၊ ကမ္ဘာဦး အာဒမ်နဲ့အေဝ မုံပြင်ထဲက ဥယျာဉ် နာမည်ပါ"

"ဟော ... တွေ့လား၊ သမီးတောင် အခုပဲ ပြောရပြီ ဒီကောင့်နာမည်က လူနာမည် မဟုတ်ဘူး၊ နာမည်တောင် လူနာမည် မဟုတ်မှတော့ အကျင့်စရိုက်ကရော လူနဲ့တူပ ဦးမလား"

"ဖေဖေကတော့ ဇွတ်ကြီးကို ပြောနေတော့တာပဲကွာ လူနဲ့ နာမည် ဘာဆိုင်လို့လဲ ဖေဖေရဲ့"

"ပြည်တော်သွားရာ ခါတ်သက်ပါဆိုတာ သမီး မကြားဖူးဘူး လား"

"အို ... ဒါဖြင့် ချမ်းသာလို့ မှည့်တဲ့လူတိုင်း သူဌေးဖြစ် ကုန်ကြရောပေါ့၊ ကံကောင်းလို့ မှည့်လိုက်တာနဲ့ ကံဆိုးခ





မရှိတော့ဘူးပေါ့၊ သမီး သူငယ်ချင်း ချောစုဆို ဘယ်မှာလှလို့ လဲ"

အဖေရဲ့ အလိုလိုက်ချစ်ခင်ခြင်း ခံရသည့် သမီး ကလည်း တစ်ခွန်းမခံ။

အဓိက ပြောချင်တာက အေးဒင်။ အဲလေ ... ဒေဒင်ဆိုသည့် ပန်းခြံနာမည်နဲ့ ကောင်ရဲ့ မိဘတွေကို ဘယ်လိုမှ ကြည့်ရမနိုင်လို့ ကိုယ့်သမီးကိုလည်း သူတို့သားနဲ့ သဘောမတူ နိုင်သည့်အကြောင်း ပြောချင်တာ။

အခုတော့ နာမည်ကိစ္စ ငြင်းခုန်နေရတာနဲ့တင် စကားတွေက ချော်တောငေါ့ကုန်ပြီ။

"နာမည်ကိစ္စထားတော့၊ အဲဒီကောင်ဟာ မျိုးမစစ်ဘူး"

"ဟာ ... ဖေဖေကလည်း သူ့အမေရော၊ အဖေရော မြန်မာ လူမျိုးစစ်စစ်ပါ၊ ဟိုးရှေးရှေးကတည်းက ဂုဏ်နဲ့ဒြပ်နဲ့ မျိုးရိုး လိုက် တင့်တင့်တယ်တယ် နေခဲ့ကြတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မျိုးမစစ်ဘူးဆိုတာ နိုင်ငံခြားသားသွေး ရောတာကို ပြောတာမဟုတ်ဘူး၊ အကျင့်မကောင်းတဲ့ အသိုင်းအဝိုင်းက လာတာကို ပြောတာ"

"ဖေဖေတော့ ဘယ်ကသတင်းများတွေ ရနေပြန်ပြီလဲ မသိပါဘူး၊ သူတို့ ဆွေမျိုးတွေ အကုန်လုံး လူယဉ်ကျေး သိက္ခာရှိ အသိုင်းအဝိုင်းကလာတာပါ၊ အကုန်လုံး ဘွဲ့ရ ဒကာ၊ ကျောင်းဒကာတွေနဲ့၊ တချို့ဆို နိုင်ငံတော်ကချီးမြှင့်တဲ့ဘွဲ့တံဆိပ်တွေတောင် ရထားကြတာတဲ့၊ သူ့အဘိုးဆိုရင်လည်း"

"တော်စမ်း"

ဗဦးက စိတ်နာနာနဲ့ ကုန်းအော်ပစ်လိုက်တာမို့ သမီး လန့်ဖျပ်ပြီး စကားပင် ဆက်မပြောရဲတော့။

ဦးပညာကြီးကိုများ သမီးက ချိုးမွမ်းခန်း ဖွင့်ဦးမတဲ့။





အလကားလူကြီး။ အတ္တသမားကြီး။ ကိုယ့်ဆန္ဒတစ်ခုအတွက်နဲ့ သူတစ်ပါးချစ်ခြင်းကိုခွဲတဲ့ လူကြီး။

စဉ်းစားကြည့်ကြပါဦးဗျာ။ ပါးကွက်အာဏာသားလို ကျင့်ဝတ်မျိုး ကျင့်ကြံတဲ့ လူကြီးတစ်ယောက်ဟာ ဂုဏ်သရေရှိ လူကောင်းသူကောင်းကြီး ဖြစ်နိုင်ပါဦးတော့မလား။



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲကွာ၊ ဘယ်လို လုပ်ကြမှာလဲ"

"လောလောဆယ်တော့ ပဥ္စလည်း ဘာမှ မပြောတတ်သေးဘူး၊ အချိန်နည်းနည်းစောင့်မှ ထင်တယ်"

"ကိုယ်တော့ စိတ်ပူလှပြီ၊ အခုဆို ပဥ္စအဖေကြီးက ပဥ္စကိုအပြင်လည်း ပေးမထွက်တော့ဘူး မဟုတ်လား"

"ခဏလောက် အပြင်မထွက်ရတာများ ဘာအရေးလဲ ပဥ္စ အသက်ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ဖေဖေ တစ်သက်လုံးကြီးတော့ ပိတ်မထားနိုင်ပါဘူး"





"တစ်သက်လုံးကြီး မပိတ်ထားနိုင်ပေမဲ့ ဒီရက်ပိုင်းလေးအတွင်းမှာ ကိုယ် စိတ်ပူလို့ သေသွားနိုင်တယ်"

"မပျော့စမ်းပါနဲ့ ဒေင်ရာ၊ ပဥ္စတောင် မိန်းကလေးဖြစ်နေပြီး သတ္တိရှိရှိ ရင်ဆိုင်ရဲသေးတာ"

"ပဥ္စက သမီးအရင်းဆိုတော့ ကိုယ့်အိမ်အကြောင်း၊ မိသားစုအကြောင်း သေသေချာချာ တွေးကြည့်လို့ရတာကိုး၊ ကိုယ်ကတော့ ဘယ်သူက ဘာလုပ်မယ်မှန်း မသိ၊ ဘာတွေဘယ်လိုဖြစ်မယ်မှန်း မသိ၊ နေ့တိုင်း ရင်မောနေရတာ"

"စိတ်မပူနဲ့၊ တစ်ချိန်ကျ ပြေလည်သွားမှာ၊ ဖေဖေ့အကြောင်း ပဥ္စ သိတယ်၊ သူက ပဥ္စကို သိပ်ချစ်တာ၊ သူ့ သမီးစိတ်ဆင်းရဲတာမြင်ရင် သူ လက်လျှော့သွားမှာပဲ"

"ဒါပေမဲ့ ပဥ္စက အခု စိတ်ဆင်းရဲနေလို့လား"

"မဆင်းရဲဘူးလေ၊ တစ်ချိန်ကျ ပြေလည်သွားမှာကို သိနေတော့ စိတ်ထဲ ဘယ်လိုမှ မနေဘူး"

"နေနိုင်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပဋိသိက တစ်ခစ်ခစ်နေအောင်ပဲ ရယ်မောနေမိသည်၊

လူတွေ။ (အထူးသဖြင့် ယောက်ျားတွေ)ဟာ တယ်လည်း ရယ်ရပါ။

သူတို့ကိုယ်သူတို့ ပညာရှိကြီးတွေလို့လည်း ထင်လိုက်ကြသေးသည်။ တကယ် အခက်အခဲနဲ့ တွေ့သည့်အခါကျတော့လည်း အခြေအနေကို ခေါင်းဈေးအေး၊ သတ္တိရှိရှိ ဆင်ခြင်တုံတရားရှိရှိနဲ့ ရင်မဆိုင်ရဲပြန်။

တကယ့်အခက်အခဲနဲ့ ကြုံလာရင် မိန်းမတွေကမှ ပညာသားပါပါ၊ တည်တည်ငြိမ်ငြိမ်နဲ့ ဖြေရှင်းတတ်ကြသေးသည်။

တခြားမကြည့်နဲ့၊ အခုကိစ္စမှာပဲကြည့်။

မေမေနဲ့ ဖေဖေမှာဆိုရင် ဖေဖေက ပညာတတ် အတွေးအခေါ်ကောင်း၊ ဗဟုသုတကြွယ်ဝသည့်သူ။ မေမေ့မှာတော့ ဆယ်တန်းတောင် မအောင်သည့် တောသူ။ ဖေဖေနောက်ဆွဲ အိမ်တွင်းပုန်းသက်သက်။





သို့သော် အခုကိစ္စကျတော့ မေမေ တွေးတာမှန်သည်။ မေမေ ဖြေရှင်းချင်သည့်ပုံစံဟာ သဘာဝကျသည်။ မေမေ့ တည်ငြိမ်မှုက အဓိပ္ပာယ်ရှိသည်။

ဖေဖေကတော့ ဟုတ်ပါရိုးလား။ သွေးဆူ၊ ခေါင်းပူစွာနဲ့ စွတ်စွတ်ရွတ်ရွတ် အမိန့်ထုတ်လိုက်တာက ပဋိသိကို အပြင်မထွက်ရတဲ့။

အသက်ဆယ့်ရှစ်နှစ်ပဲ ရှိသေးသော၊ ဘဝမှာ အညွန့်တလူလူနဲ့ ထိုးတက်ဖို့ရာ အရှိန်ယူကောင်းဆဲဖြစ်သော လူတစ်ယောက်ကို အိမ်ထဲက အိမ်ပြင် မထွက်ရလို့ အမိန့်ထုတ်တာ သဘာဝကျပါရဲ့လား။

လူ့သက်တမ်းဟာ ခြောက်ဆယ်ပဲဆိုကြပါစို့။ ပဋိဟာ နောက်ထပ် လေးဆယ့်နှစ်နှစ်လုံးလုံး ဘာအလုပ်မှ မလုပ်ဘဲ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ဖြတ်ပြီး အိမ်တွင်းပဲအောင်းနေရတော့မတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ လုံးဝ မဖြစ်နိုင်ဘူးဆိုတာ ကလေးကအစ သိသည်။

ဒေဝ်ကိုလည်း ကြည့်။

သွေးပူတုန်း အမိန့်တွေ တစ်ခုပြီးတစ်ခု ထွက်လာတာကိုများ သူက အကြောက်ကြီးကြောက်ကာ နေစရာမရှိဖြစ်နေသည်။

အချိန်လေးနည်းနည်း စောင့်နိုင်လျှင် ကိုယ်လိုချင်သည့် အနေအထား ရောက်အောင် တဖြည်းဖြည်း ရွှေ့တိုးသွားလို့ရပြီ။

ဒီအထိလေးပဲ စိတ်ရှည်သည်းခံဖို့ လိုသည်ဆိုတာ သူသဘောပေါက်ထားပေါ့။

အခုလို အလကားနေရင်း ကြိုတွေးပူပင်နေလို့လည်း ပြဿနာက ပြီးမှမသွားတာ။

"ပဥ္စ ဖေဖေက သူ့သမီးကို စိတ်မချဘူးဆိုပြီး ယောကျ်ားပေးစားလိုက်ရင်ကော"





"စိတ်ချ၊ ဖေဖေက ဒီလိုမျိုး ထွက်ပေါက်တော့ ရှာမှာမဟုတ်ဘူး၊ သူ့သမီးကို သိပ်နမြောတာ၊ မသကာ ခေါင်းတုံးပြီး သီလရှင်ပဲ ဝတ်ပေးချင်ပေးမှာ"

"ပဥ္စ သီလရှင် ဝတ်လို့ကတော့"

"ဘာလဲ ... ဆွမ်းဆန် ထွက်လောင်းမယ်လို့ ပြောမလို့လား"

"မဟုတ်ပါဘူး၊ ကိုယ်လည်း ဘုန်းကြီးလိုက်ဝတ်မယ်လို့ ပြောမလို့"

"ခစ် ... ခစ်"

"ဟော ... ရယ်တယ်ကွာ၊ ရယ်နိုင်သေးတယ်"

"ရယ်လို့ရပါတယ်ဆို၊ စိတ်သာချ၊ ဒေဝ့်ဘက်မှာ ပဥ္စရှိနေသရွေ့ ပဥ္စတို့ ဘယ်တော့မှ မခွဲရဘူး၊ စိတ်သာရှည်ပါစေ"

ဒေဝ်က သက်ပြင်းကြီးကြီးတစ်ချက်ကိုပဲ ဆွဲချလိုက်မိပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စသီကတော့ ဘာတွေအကြောင်းသိကာ ဘာတွေ ယုံကြည်နေသည် မသိ။

သူကတော့ စိတ်ချလက်ချ မရှိနိုင်တာ အမှန်ပါပဲ။ ကံကြမ္မာဆိုတာက ယုံရတာမဟုတ်ဘူးလေ။





ရည်းစားနဲ့ အခွဲခံထားရလို့ သမီးများ တစ်နေ့နဲ့ ဘခြား ပိန်ပိန်လာမလား၊ အားနည်းပျော့ခွေမလားရယ်လို့ ဗဦး ဘ အမြဲပဲ စိုးရိမ်ခဲ့ရပါသည်။

သမီးလေး အစားအသောက် မပျက်ဖို့ သူ ကြိုက်နိုးရာ ဓာတွေ ချက်ကျွေးခိုင်းရ၊ အချိန်မှန်မှန် အိပ်ပျော်ပါ့မလား စောင့် ကြည့်ရ၊ အားနည်းမှာစိုးလို့ အားဆေးကောင်းကောင်းတွေ စုံစမ်း ပြီး တိုက်ရ။

သို့သော် သမီးက ပိန်လိန်ပျော့ခွေမသွားသည့်အပြင် အားပိုကောင်းကာ ဝ,တောင်လာလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အားဆေးတန်ခိုးကြောင့် ကျန်းမာရွှင်လန်းလိုက်တာလည်း အလွန်။ ပါးလေးတွေ၊ နှုတ်ခမ်းလေးတွေ လက်သည်းဖျားလေးတွေဆိုတာ ပန်းသွေးရောင် ကြွလျက် မျက်လုံးလေးတွေစိုတာလည်း ကြည်လင်တောက်ပနေလိုက်တာများ။

ပြုံးရယ်တာကိုသာ ဟန်ဆောင်လို့ ရချင်ရမည်၊ အသားအရေ ကြည်လင်စွန်းစိုလျက် သွေးရောင်တောက်ပနေတာကိုတော့ ဘယ်လိုမှ ဟန်ဆောင်လုပ်ယူလို့မရ။

သမီးဟာ ချစ်သူနဲ့ ခွဲရသည့် ဘဝမှာလည်း တကယ်ပဲ ပျော်နိုင်သည်လား။

သို့သော် သမီးကို စိုးရိမ်ရလွန်းလို့ တကယ်တမ်း မစားနိုင် မအိပ်နိုင် တပိန်ပိန်၊ တလိမ်လိမ် ဖြစ်လာသူကား ဗဦးပင်။ သမီး ဘယ်အချိန် ခိုးရာလိုက်သွားမလဲ။ သူ့အလင်း ဘယ်လို ခိုးထွက်ပြီး ဟိုကောင်နဲ့ ဘယ်လို ချိန်းတွေ့မလဲ ဟိုကောင်ကရော အိမ်ရှေ့ ဘယ်လိုလာချောင်းမလဲ။

အဖေတစ်ယောက်ရဲ့ သောကအပူဟာ တယ်ကြီးမားလှပါလား။





ထိုအချိန်မှာ ဖျတ်ခနဲ ဘယ်သူ့ကို မြင်မိသလဲဆိုရင် သူ့သမီးအတွက် ခြံထဲဆင်းကာ သေနတ်ကြီးတကားကားနဲ့ စောင့်ရှောက်နေရသော ဦးပညာကြီးကိုပင်။

လမ်းထဲ ခပ်ကုပ်ကုပ်လေးလာကာ အိမ်ဘက်ဆီသို့ တမျှော်မျှော် လုပ်နေရှာသော အေးဒင် ... အဲ ... ဧဒင် ဆိုသည့် ကောင်ကလေးသည်ကား တစ်ချိန်က မောင်ဗဦး။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ ထွက်ပြေးကြရအောင်ကွာ"

သမီးရဲ့ အိပ်ခန်းထဲ တိုက်ရိုက်ဆက်သွယ်ထားသော ဖုန်းကို လိုင်းခွဲတစ်ခုကနေ နားထောင်နေသော ဗဦးက ဆတ်ခနဲ တုန်သွားရသည်။

တစ်ဖက်က ဖုန်းခွက်ကိုင်ထားသော ပဥ္စသီတာင် ယောက်လည်း အထိတ်တလန့်နဲ့ ဖုန်းခွက်ကို နားရွက်ကနေ ခွာလိုက်မိသည်အထိပင်။

ခေင်တို့ကတော့ လုပ်လာပြီ။

ဒီဖုန်းကို ဖေဖေ ခိုးနားထောင်နေမည်ဆိုတာ ပဥ္စသီ က သိသည်။





သိသိကြီးနဲ့ ဘာလို့ ဆက်ပြောနေသေးလဲဆိုလျှင် ဘာကြောင့်ပဲဖြစ်ဖြစ် ခေင်နဲ့ စကားပြောဆက်သွယ်ခွင့် ရနေသေးတာရယ်၊ ဖေဖေ့ကို အသိပေးချင်သည့်အကြောင်းတချို့ ရှိလျှင် တစ်ဖက်လှည့်နဲ့ အသိပေးနိုင်တာရယ်ကြောင့်ပင်။

ညလူခြေတိတ်ချိန်ကျမှ ပဥ္စသီဘက်က ခိုးဆက်တတ်သော ဖုန်းကို ဖေဖေ ညအိပ်ရေးပျက်ခံကာ ထ,နားထောင်တတ်မှန်း သိနေသော်လည်း ခေင်ကိုတော့ မပြောမဖြစ်၊ ပြောပြလိုက်လျှင် လိုင်းခွဲက နားထောင်နေသော ဖေဖေ ကြားသွားကာ အကြောင်းစုံ သိသွားမှာစိုးလို့ပါပဲ။

ဖေဖေ နားထောင်နေမှန်း သိလို့ စကားကို ရွေးချယ်ပြောနေကာမှ သင်းက လုပ်ချလိုက်ပြီ။

ဒီနေရာမှာ ပဥ္စသီဘက်က ပညာသားပါဖို့လိုသည်။ ပဥ္စသီအပေါ် ဖေဖေ ယုံကြည်စိတ်ချစေဖို့အတွက် ဒီအကွက်ကို အသုံးချတော့မှာပဲ

"ဘာလဲ ခေင်၊ ပဥ္စကို ဘာမှတ်လို့ ဒီစကားမျိုး ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရုတ်တရက် လေသံကြီးမာလာသော ပဥ္စသီကြောင့် ခေင် အံ့သြသွားရသည်။

ချစ်သူချင်းတွေပဲ။ လူကြီးတွေ တားဆီးထားလို့ ဝေးနေချိန်မှာ ခိုးပြေးမယ် ဘာညာကတော့ တွေးမိမှာပဲ။ ဒါကို ဒီလောက်ကြီး စိတ်တိုစရာလား။

"ပဥ္စက ဟင်းရွက်ကန်စွန်းရွက် မဟုတ်ဘူး၊ နောက်ဖေး ထဘီတန်းမှာ လှမ်းထားတဲ့ ရေလဲထဘီကို ဘိန်းစား ဝင်ရုပ်သလို အရုပ်ခံရမဲ့ အစားမျိုးထဲကလည်း မဟုတ်ဘူး"

ဟာ ... တယ်ဆော်ပါလား။

ခေင် မျက်လုံးပြူးသွားရသလို ခိုးနားထောင်နေသော ဗဦးလည်း ကြက်သီးမွေးညင်း ထ,သွားရသည်။

သမီးဟာ တယ်ပြတ်သားလိုက်ပါလား။ လူငယ်ဆေး ရင့်ကျက်နိုင်မာသော ခံယူချက်ကလေးနဲ့ပါလား။





ဟုမိန်းမ မေဟာသီ ထက်တောင် ပြတ်သားသေး သည်။

မေဟာသီလို ခိုးရာလိုက်မလိုလို သဘောတူထားပြီး မှ တစ်ဖက်ယောကျ်ားလေးကို အလဲထိုးလှည့်စားတာမျိုး မဟုတ်။ အစကတည်းက,မလိုက်နိုင်ရင် မလိုက်နိုင်ဘူး ကိုယ့်ဆုံးဖြတ်ချက် ကိုယ် ပြတ်ပြတ်သားသား ပြောထားတာ။

ဒါမှ ငါ့သမီးကွ။

ဗဦးက စိတ်ထဲကနေ လက်သီးလက်မောင်းတန်းကာ ကြုံးဝါးလိုက်မိတာကို အသံမထွက်သွားအောင် မနည်းထိန်းချုပ် လိုက်ရသည်။

"ကိုယ် ... ကိုယ်က ဒီသဘောထားမျိုး မဟုတ်"

"ခေင့်ဘက်က ဘယ်လိုသဘောထားရှိရှိ ပဥ္စ မသိဘူး၊ ဒါပေမဲ့ ခေင့်စကားက ပဥ္စ သိက္ခာကို စော်ကားရာ ရောက်နေတယ်၊ ပြန်ရုပ်သိမ်းပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



တရားရုံးမှာ နှစ်ဖက်ရှေ့နေတွေ အပြန်အလှန် လျှောက်လဲကြရာမှာ သုံးသည့် အသုံးအနှုန်းမျိုးတွေတောင် ပါလာပါလား။ ငါ့ သမီးကတော့ဟော့ ... ဗဦးသမီးလို့ မပြောရဘူး အတွေးအခေါ်ကတော့ မြင့်ပါပေ့။

"ကိုယ် တောင်းပန်ပါတယ်ကွာ၊ စိတ်တော့မဆိုးလိုက်ပါနဲ့ ပဉ္စ အဖေ အတ္တကြီးလွန်းလို့ ကိုယ်တို့ ဒုက္ခရောက်နေရတဲ့ အခိုက်မှာ ပဥ္စကပါ ကိုယ့်အပေါ် အမြင်မလွဲပါနဲ့"

အောင်မာ ...။

ငါ့ကိုများ အတ္တကြီးသတဲ့။

မင်းလိုကောင်ကို အစတည်းက ကြည့်မရလို့ ငါ့သမီးနဲ့ သဘောမတူချင်ခဲ့တာ။

ဂစ်တာလေးတောင် စည်းချက်ကျကျ မတီးနိုင်တဲ့ ကောင်က အိမ်ထောင်တစ်ခုကို ဘယ်လိုဦးဆောင်မှာတဲ့လဲ။

ဒါဟာ ငါ့အတ္တကြောင့် သဘောမတူတာ မဟုတ်ဘူး ငါ့သမီးရှေ့ရေးအတွက်ကြောင့်ကွ။





ပြီးတော့ လူကြီးသူမတစ်ယောက်ကိုများ မလေးမစား ပတ်ခတ်ဝေဖန်လိုက်သေး။

တော်တော်ကြီးတော့ အမြင်မတော်ရှိလာပြီ။ ဝင်ပြော လို့ကလည်း မရ။

"တကယ်တော့ လူငယ်တွေကိစ္စ လူငယ်တွေပဲ ဆုံးဖြတ်ရမှာပဲကွာ၊ လူကြီးတွေက ဘယ်လောက်သိလို့ ဝင်စီမံရမှာလဲ"

မနေနိုင်တော့။ ဗဦးရဲ့ ဗီဇစရိုက်က နိုးကြားထ,ကြွ လာတာကို ဘယ်လိုမှ ထိန်းမရတော့။

"ဟေ့ကောင် ... မင်း လူကြီးတစ်ယောက်ကို အဲဒီလို မလေးမစား မပြောနဲ့ကွ၊ ငါ့အသက်က မင်းအဖေလောက် ရှိတယ်၊ မင်း ငရဲကြီးမယ်၊ ပြီးတော့ မင်းတို့ရဲ့ မတောက်တခေါက် အမြင်အသိတွေက ဘာမှ အသုံးမကျလွန်းလို့ လူကြီးတွေက ဝင်ပြောရတာ၊ မင်း ဝေဖန်နေစရာ မလိုဘူး"

အဲ ... သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အမြင်မတော်လွန်းလို့ လွှတ်ခနဲ ဝင်ပြောလိုက်မိတော့ သူတို့ ဖုန်းပြောနေတာကို ဗဦး ခိုးနားထောင်နေတာ ပေါ်လွင်သွားပြီ။

အကြောင်းသိသော ပဉ္စသီကတော့ တခံစ်ခစ်ရယ်မောလျက်။ ဒေင်ကတော့ သွေးပျက်မတတ် ထိတ်လန့်ကာ ဖုန်းခွက်ကို ခွပ်ခနဲ ပစ်ချလိုက်မိလေသည်။





၆

"ဪ ... သားက ဗဦး သမီးကိုမှ ကြိုက်လာတာကိုး"

ကိုယ်စွမ်း ကိုယ်စနဲ့တော့ ပေါက်မြောက်အောင် ဘယ်လိုမှ မလုပ်နိုင်တာ သေချာသော ဒေင်က လူကြီးတွေရဲ့ ဝိတ်နဲ့ဆိုရင်များ ဦးဗဦးကြီး စိတ်ပြောင်းသွားလေမလားရယ်လို့ ဖေဖေနဲ့ မေမေကို စစ်ကူတောင်းမိတာပင်။

အဲဒီတော့မှ သပွတ်အူ ဇာတ်ထုပ်သစ် တစ်ခုနဲ့ တည့် တည့်တိုးရတော့တာပင်။

သားချစ်သူရဲ့ အဖေကြီးက သားကို သူ့သမီးနဲ့ သဘောမတူဖြစ်နေလို့ ဝင်ပြော စေ့စပ်ပေးကြပါ ဆိုတဲ့အထိ အကောင်း။



www.burmeseclassic.com

www.burmeseclassic.com



မင်း ကောင်မလေးနာမည် ဘယ်သူလဲ၊ မိဘတွေက ဘယ်သူတွေလဲ၊ ဘယ်မှာနေလဲစသည့် မိသားစုရာဇဝင်ကို စုံစမ်းချိန်မှာတော့ ချိန်ကိုက်ဗုံးက ပေါက်ကွဲပါလေရော။

အမည် ပဥ္စသီဗဦး။ အဖအမည် ဦးဗဦးဆိုကတည်းက ဖေဖေ့ မျက်နှာကြီး နီရဲလာကာ ...

"ဗဦး ဆိုတာ ထက်မြက်ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်လား၊ အင်းလျားလမ်းမှာ နေတာလေ"

"ဟုတ်ကဲ့"

ကဲ ... ဒီလောက်ပြောလိုက်ရင်ပဲ ဖေဖေဟာ မယုံကြည်နိုင်လောက်အောင် ဒေါသတွေ ထွက်လာကာ ...

"ဗဦး ဆိုတဲ့ကောင်ရဲ့ သမီးနဲ့များတော့ လုံးဝ စိတ်မကူးလေနဲ့၊ လိုက်တောင်းမပေးရုံတင်မက မင်းဘာသာ အတင်းယူမယ်ဆိုရင်တောင် အိမ်ပေါ် ပေးမတက်ဘူး"

"ဖေဖေကလည်းဗျာ၊ ပဥ္စသီမှာ ဘာချို့ယွင်းချက်ရှိလို့လဲ"

"ဘာချို့ယွင်းချက်ရှိလဲ ဟုတ်လား၊ ဗဦးသမီးဖြစ်နေတာကိုက လုံလောက်တဲ့ ချို့ယွင်းချက်ဖြစ်နေပြီ"





"ဦးဗဦးက ဘာဖြစ်လို့လဲ"

ကိုယ့်အပေါ် မကောင်းသော ယောက္ခမလောင်းကြီးကိုပဲ ဒေင်က ကာကာကွယ်ကွယ် ပြောပေးရတော့သည်။

"ဘာဖြစ်ရမှာလဲ၊ ဒီကောင်က အမျိုးယုတ်"

ဦးညာဏ်ကျော်က ဒေါသတကြီး အော်ဟစ်နေတော့သည်။

သူ့အဖေ ဘာကြောင့် ဒီလောက်ဒေါသကြီးနေရသလဲဆိုတာ ဒေင်က နားမလည်နိုင်။

နားမလည်နိုင်လို့ မေမေ့ကို လှည့်ကြည့်ပြန်တော့ ဟား ... မေမေ့ မျက်နှာထားကလည်း တစ်မျိုးကြီးပါလား။

ဖေဖေကမှ ဒေါသထွက်နေတာလို့ အတိအလင်း သိသာသေးသည်။ မေမေ ဘာဖြစ်နေသလဲ ဆိုတာက ခန့်မှန်းရခက်လှသည်။

ပြီးတော့ ဖေဖေကလည်း မေမေ့ကို တစ်ချက် လှည့်ကြည့်လိုက်သေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဒေါ်ဟာသ်ာ၊ ခင်ဗျားက သိပ်သဘောကျနေတယ် ပေါ့လေ"

"ရှင် မဟုတ်တမ်းတရားတွေ စွပ်စွဲမနေနဲ့၊ ကျွန်မက ဘာကိုသဘောကျရမှာလဲ"

"ဗဦး သမီးနဲ့ မင်း,သား ဖူးစာပြန်ဆုံတာကိုပေါ့၊ ဟား... ဟား ... ဖူးစာကလည်း ဆွေစဉ်မျိုးဆက် ဆုံကိုဆုံနိုင် လွန်းပါကွာ"

"ကိုဉာဏ်ကျော် ... ရှင် ကလေးရှေ့မှာ အရှက်မရှိ ဘာ တွေပြောချင်တာလဲ"

"အရှက်မရှိတာက ငါ မဟုတ်ဘူး၊ မင်းကွ"

မြတ်စွာဘုရား။

ဖေဖေ တစ်ယောက်တော့ မသောက်ဘဲနဲ့ မူးနေပြီ။

ဖေဖေ့ အော်သံကြီးဟာ အာလေးလျှာလေးနဲ့ အရက် မူးသမားပုံစံကြီး ဖြစ်နေလို့ မထင်လိုက်နဲ့၊ ဒါဟာ သူ့ရင်ထဲက ခံစားချက်တွေ ပြင်းထန်လွန်းလို့ ဖြစ်ရတာ။





ဖေဖေနဲ့ မေမေဟာ ဘယ်လိုပုံစံနဲ့ လင်မယားဖြစ် လာကြသလဲတော့မသိ။ သူ့သက်တမ်းတစ်လျှောက်မှာတော့ သူ့ တို့တွေ သိပ်တည့်ကြတာကို မတွေ့ရ။

ဒါဟာ ဖေဖေ့ အပြစ်ပဲဖြစ်ဖို့ ပိုများသည်လို့ ခေင် က ထင်သည်။

ဘာဖြစ်လို့လဲဆိုတော့ နှစ်ယောက်ရန်ဖြစ်စကားများ ကြလျှင် မေမေ့အသံက ခပ်အေးအေးနဲ့ တိုးတိုး တိုးတိုးပဲ ထွက် သလောက် ဖေဖေ့အသံကတော့ ဆူညံပေါက်ကွဲကာ ဒေါသတကြီး ထွက်လာတတ်၍ပင်။

ဖေဖေနဲ့ မေမေဟာ သာမန်လင်မယားတွေလို အကြောင်းတိတိကျကျ မရှိဘဲ ပုံမှန်ရန်ဖြစ်နေကြတာမျိုး မဟုတ်။ တစ်ခုတည်းသော အကြောင်းကို မူတည်ပြီး တိုက်ဆိုင်လာတိုင်း ပြဿနာဖြစ်ကြတာလို့တော့ ခေင်က သတိထားမိသား။

သို့သော် သူတို့က ခေင့်ကို မသိစေ၊ မကြားစေချင် ၍ဖြင့် သိုသိုသိပ်သိပ် ရှိကြတော့ ခေင်လည်း သိခွင့်မသော။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကတော့ နှစ်ပေါင်းများစွာ သိချင်ခဲ့သော ပြဿနာကြီး အစပေါ်လာတော့မည်။

ပေါ်မဲ့ပေါ်တော့လည်း ချစ်သူလေးရဲ့ အဖေနဲ့မှ သွားပတ်သက်ရသတဲ့ကွာ။

"ကိုညဏ်ကျော် ... ဒါတွေအားလုံးဟာ ရှင့်ကြောင့် ... ရှင် ဖန်တီးတာ၊ ကျွန်မ မပြောချင်လို့သာ မပြောခဲ့တာ၊ အခုမှ ရှင်က ဟိုလူအပြစ်ဖို့ ဒီလူ့အပြစ်ဖို့ မလုပ်ပါနဲ့"

"ဩော ... ငါ တစ်ယောက်တည်းရဲ့အပြစ် ဟုတ်လား၊ သွားစမ်း၊ မင်း အဖေကို သွားမေးကြည့်လိုက်စမ်း၊ ဟိုကောင်နဲ့ မင်းကို စပြီး သဘောမတူခဲ့တာ ဘယ်သူလဲလို့"

"ကိုညဏ်ကျော်"

မေမေက ဒေင့်ကို လှမ်းကြည့်ပြီး သံကုန်အော်သည်။

ဒေါသကြောင့် ဆင်ခြင်တုံတရား ကင်းမဲ့နေပြီဖြစ်သော ဖေဖေကတော့ ဘာကိုမှ ဂရုမထားနိုင်။





သူတို့တစ်သက်လုံး ဖုံးဖိထားခဲ့သောကိစ္စကြီး သားဖြစ်သူရှေ့မှာ ဘွင်းဘွင်းပေါ်သွားပြီ ဆိုတာကိုလည်း ဂရုမထားမိနိုင်အား။

"မင်းအဖေ ဦးပညာက ဟိုကောင့်ကို ဘယ်လောက် မျက်မုန်းကျိုးသလဲ၊ ဟိုကောင်နဲ့ ပေးစားမဲ့အစားတော့ ခွေးအမြီးဖြတ်ပြီး ပေးစားမယ်လို့တောင် ပြောခဲ့ခဲ့သေးတာ မဟုတ်လား၊ ပြီးတော့ သူ့သဘောကျ ငါနဲ့ ပေးစား ... အဲ"

ဦးညဏ်ကျော် စကားပြောလက်စကနေ ခဏရပ်သွားသည်။

ခွေးအမြီးဖြတ် ပေးစားမည် ပြောပြီးမှ သူနဲ့ပေးစားဘယ်ဆိုတော့ သူ့ကိုယ်သူ ဘာနဲ့နှိုင်းရာ ရောက်သွားပြီလဲဆိုတာ တွေးမိသွား၍ပင်။

အို ... ပြောလက်စမှတော့ ထားလိုက်ပါတော့။ ဒွန်ပြင်နေတာထက်စာရင် မသိဟန်ဆောင်လိုက်တာကမှ ပိုသိက္ခာရှိဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေင်ကတော့ ကိုယ့်အဖေဖြစ်ရပ်ကို သဘောပေါက်ကာ ရယ်ချင်သွားသော်လည်း ဒီလိုအချိန်မျိုးမှာသွား ရယ်လိုက်မိရင်ဖြင့် ပြဿနာရဲ့ ထွက်ပေါက်ဟာ ကိုယ် ဖြစ်သွားမှာကို စိုးရတာနဲ့ မပြောရဲ။

"တော်တော့ ကိုညာဏ်ကျော်၊ ကျွန်မ ဒီကိစ္စတွေ ထပ်မပြောချင်ဘူး"

"မင်းက ရှင်နာတယ်ပေါ့လေ"

"ရှင်နာတာလည်း မဟုတ်ဘူး၊ ဝမ်းလည်းမနည်းတော့ဘူး၊ ကျွန်မ အလိမ်ခံခဲ့ရတဲ့အတွက် စိတ်မကောင်းတာ၊ ကျွန်မ ယောကျ်ားဟာ ကျွန်မအပေါ် မရိုးသားခဲ့တာကို မခံချင်တာ၊ ဒါပဲ ရှိတယ်"

"ငါ မရိုးသားခဲ့လို့သာ မင်းကို ရတာပေါ့၊ ရိုးများရိုးသားခဲ့ရင် ဟိုကောင်နဲ့ ညားပြီး ခုလောက်ရှိ သားတစ်ပြားမြေးတစ်ရာလောက် ရနေပြီ"

"ကိုညာဏ်ကျော်"





"အမှန်တော့ မင်းကောင်သာ ငတုံး၊ မင်းကို ငါ ကြိုက်နေတာ ဒီလောက် အသိသာကြီး ဖြစ်နေတာတောင် မသိဘဲ ငါ့ကိုမှ ခိုးပြေးဖို့ ချိန်းတဲ့စာကို ပေးလိုက်တာကိုးကွ၊ ငါကလည်း သိပ်များများ မပြင်ပါဘူး၊ စနေ အစား တနင်္ဂနွေလို့ ပြင်လိုက်ရုံပဲ၊ မင်း အိမ်ကလည်း နှစ်ရက်ဆက်တိုက်အလှူသွားစရာ ရှိနေတော့ ကွက်တိဖြစ်သွားတာပေါ့"

"တော်ပါတော့ ကိုညာဏ်ကျော်၊ သားရှေ့မှာ ရှင်မပြောသင့်တာတွေ ပြောနေမိပြီ ဆိုတာလည်း ဆင်ခြင်ဦး"

မေမေ ဘယ်လောက်တားတား အရှိန်အဟုန်ကြီးစွာဖြင့် ပြောလာသည့် ဖေဖေ့ရဲ့ ဒေါသရေစီးကြောင်းကို ဘယ်လိုမှ မတားဆီးနိုင်ပါ။

တရစပ် ဆက်တိုက်ပြောနေသော ဖေဖေရဲ့ စကားသံကို တစ်စစီ လိုက်ကောက်ကြည့်နေသော ဒေင်ကတော့ အဖြစ်အပျက်အလုံးစုံကို ခြုံငုံလို့ သဘောပေါက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မေမေနဲ့ ဦးဗဦးတို့က ချစ်သူဟောင်းတွေကိုး။

သူတို့ နိုးပြေးဖို့ ချိန်းချက်ကြရာမှ ဖေဖေက ဝင်ပြီး နှောင့်ယှက်လို့ ခွဲခဲ့ရတာ။

ကဲ ... ဇာတ်လမ်းကတော့ ဒီအတိုင်းပဲ ခင်ဗျား။





"ဒါပဲ ... ဇာတ်လမ်းကတော့ အဲဒီအတိုင်းပဲ"

ချောစုတို့က တစ်ဆင့် ကိုယ့်ထံ ရောက်လာသော ဇာတ်လမ်းကြီးကို ပဥ္စသီက ရှုံ့မဲ့ကာ နားဆင်နေရပါသည်။

ဒေါ်ခင်တို့ အသုံးမကျလိုက်ပုံများ လူကြီးတွေ အတိတ်က ဖြစ်ပျက်ခဲ့သည့် ကိစ္စကို မဆီမဆိုင် ချောစုတို့ဆီအထိ သွားပြောရသတဲ့။

အခုတော့ ကိုယ့်အဖေနဲ့ သူ့အမေကိစ္စကို ကြားလူဖြစ်နေသည့် ချောစုတို့တွေ အကုန်သိကုန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း သူက ရှက်ပုံမရ။ ချောစုတို့ဆီ သွားကာ အတင်းကို မုန့်ကျွေးပြီး ပြောပြတာတဲ့။

"နင့်လူကလည်း အကြောင်းကြောင်းပဲဟာ၊ သူ့အဖေကိစ္စပြောတာများ ကြည့်ဖူးတဲ့ ရုပ်ရှင်ဇာတ်လမ်းအကြောင်း ပြောနေသလိုပဲ"

"သူကတော့ ဒီအတိုင်းပဲလေ၊ ရှေ့နောက် ဆင်ခြင်တိုင်းထွာမှု ဘာမှ မရှိတာ"

"အေး ... ငါ တစ်ခုပြောရင် စိတ်မဆိုးနဲ့"

"မဆိုးပါဘူး၊ နင် ဘာပြောမလဲ ဆိုတာ ငါ သိတယ် ဖေဖေနဲ့ ဒေါ်ခင် ပုံစံချင်း တူတယ်လို့ ပြောမလို့ မဟုတ်လား"

"အေး ... ဟုတ်တယ်"

"ငါလည်း သတိထားမိတယ်၊ ဒါပေမဲ့ ဖေဖေက မတော်လိုက်ရတဲ့ သူ့ယောက္ခမ ဦးပညာကြီးနဲ့လည်း တူနေပြီရောဟ"

"ဘာရယ်"





"နင်တို့ ပြန်ပြောတဲ့အတိုင်းဆိုရင် ဦးပညာကြီး သူ့သမီးကို တိုထွာတာ၊ ကမူးရှူးထိုး နိုင်တာ၊ မကြိုက်ဘူးဆို မကြိုက်ဘူး ခေါင်းမာတတ်တာတွေဟာ ဖေဖေနဲ့ တူမနေဘူးလား"

"ဟုတ်တယ်နော်"

"အဲဒီလိုဆိုတော့ နင့်အဖေက သူ ရစရာရှိတုန်းက သူ့သမက်လောင်း ဒေင်နဲ့ တူပြီး သူက ပေးရမဲ့အခါကျတော့ သူ မတော်လိုက်ရတဲ့ ယောက္ခမ ဦးပညာကြီးနဲ့ တူတာပေါ့"

"အေးဟ်"

"ဒါဆို နင့် အဖေက ရုပ်ရှင်ထဲမှာသာဆို စရိုက်နှစ်မျိုး သရုပ်ဆောင်သည်လို့ စာတန်းထိုးရမဲ့ သရုပ်ဆောင်မျိုးပေါ့နော်"

အရေးထဲ သူငယ်ချင်းတွေကလည်း တဝါးဝါး ဘာဟားဟားနဲ့ ပဋ္ဌသီတို့ကိစ္စကိုပဲ ပျော်စရာရယ်စရာ ရှာဖွေနေကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဲဒါတွေ အသာထားပါဦး၊ ငါတို့ကိစ္စဘာဆက်လုပ်ရရင် ကောင်းမလဲ"

"နှင့်အဖေကို ဒီအကြောင်း သွားပြောပြလိုက်ပါလား"

"ပြောပြတော့ ဘာထူးမှာလဲ"

"ဒေါ်င်က ပြောတော့ နှင့်အဖေကတဲ့ သူချိန်းတဲ့နေရာကို မလာလို့ သူ့အမေကို စိတ်ဆိုးနေပုံပဲတဲ့၊ ပြီးတော့ သူ့အဖေနဲ့ ကောက်ယူသွားတယ်ဆိုတော့ ပိုအထင်လွဲတော့မှာပေါ့ဟာ၊ အဲဒါ သူ့အဖေ ညစ်ခဲ့တဲ့အကြောင်း ပြောပြလိုက်ရင်တဲ့ နှင့်အဲဖေ နားလည်သွားပြီး စိတ်ပြေသွားမယ်တဲ့"

"ဒါလည်း ဖြစ်တော့ ဖြစ်နိုင်တယ်"

"ကဲ ... အဲဒါဆိုရင် ထ,လေ၊ အခုပဲ သွားရှင်းပြလိုက်လေ"

"ဟာ ... ဖေဖေ့ကို ဒီအတိုင်း ပြားပြားကြီး သွားရှင်းပြလိုက်ရင် အဆင်ပြေမှာ မဟုတ်ဘူးဟ"





"ပြားပြားကြီး မရှင်းပြလို့ လုံးလုံးကြီး ရှင်းပြချင်တာလား"

"မဟုတ်ဘူးလေ၊ တချို့ရုပ်ရှင်တွေမှာ တပြန့်တည်းရိုက်ပြတာထက်စာရင် သရီးဒီအဖက်လေး ဘာလေး ထည့်တဲ့အခါ ပိုပြီး ရုပ်လုံးကြွလာတာတွေ ရှိတယ်၊ ဟုတ်လား"

"အင်း ... ဟုတ်တယ်လေ"

"အခုလည်း ငါတို့ တိုက်ရိုက်ကြီး မပြောပြဘဲ လှည့်ကွက်လေးတစ်ခု လုပ်လိုက်ရင် ပိုစိတ်ဝင်စားဖို့ကောင်းမယ်၊ ဖေဖေလည်း ပိုယုံသွားနိုင်တယ်"

"ဘယ်လို လုပ်မှာလဲ"

ပဥ္စသိက ခေါင်းထဲဝင်လာသော အိုင်ဒီယာကို ပိုပြီး သေချာအောင် စီစဉ်အကွက်ချလိုက်ပြီးမှ ...

"ဒီလိုဟာ"

"အေး ... ကောင်းတယ်"

"ကောင်းရုံနဲ့ မရဘူးနော်၊ နင်တို့လည်း ပါဝင်ကူညီရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ ငါတို့က ဒါမျိုးဆို သိပ်ကူညီချင်တာ"

ဒီလိုကျတော့လည်း တက်ကြွနေသည့် သူငယ်ချင်းတွေဟာ ချစ်ဖို့ကောင်းသွားပြန်ရော။

❁ ❖ ❁





ဟင်း ... ငါ့အိမ်ထဲမှာ အပြင်ကို ချောင်းလို့မြောင်းလို့ကောင်းတဲ့ အကွက်အကွင်းတွေ အများကြီးကွ။

ငါ့မိန်းမ သမီးလေး မွေးပြီးကတည်းက ဒီအိမ်ကို စိတ်တိုင်းကျ ပြင်ဆောက်ခဲ့တာ။

ကိုယ့်ဘက်က အပြင်ကို ကောင်းကောင်းမြင်ရပြီး အပြင်ကတော့ ကိုယ့်ကို ချောင်းကြည့်ဖို့ မလွယ်သည့်နေရာမျိုးဆွေ အများကြီးရှိအောင် တကူးတက စီစဉ်ထားရတာ။

တိုက်ပွဲတစ်ခုမှာ ကိုယ့်ဘက်က အသာစီးရနိုင်မဲ့နေရာမျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးအရင် သမီးငယ်ငယ်တည်းက အမြော်အမြင်ရှိစွာ ဆောက်ခဲ့သည့်အိမ်ဟာ အခုတော့ အသုံးကျသည်။

ခြံနဲ့ မလှမ်းမကမ်းမှာ ကောင်လေးသုံးယောက်ဟာ အိမ်ပေါ်ထပ်၊ အိမ်အောက်ထပ်၊ ခြံထဲတွေဆီကို ရုပ်ပျက်ဆင်းပျက် ချောင်းကြည့်ကြလို့။

သူတို့လက်ထဲမှာလည်း ဟဲန်းဖုန်းတွေ ကိုယ်စီနဲ့။ အင်း … ကိုယ့်တုန်းကထက်တော့ ဆက်သွယ်ရေးမှာ ခေတ်မီတာ ပေါ့။

ဟိုသတ္တဝါလေး ဘယ်ရောက်နေပါလိမ့်လို့ လိုက်ရှာကြည့်တော လား လား … ငနဲသားက ဘယ်လိုစည်းရုံးရေး ဆင်းထားလဲ မသိ။ အိမ်ရှေ့ခြံက ပိတောက်ပင်ခွကြားမှာ မှန်ပြောင်း တစ်လက်နဲ့။

ပြုတ်ကျပါစေဗျာ။

ဗဦးက စိတ်ထဲကနေ ကျိန်ဆဲလိုက်သော်လည်း ဒီကောင် တက်နေသည့် သစ်ပင်ဟာ ပစ္စက်နီအုံတွေ အများအပြား





ရှိတာကို သတိရသွားလျှင် သွားပြီး သတိပေးလိုက်ချင်စိတ်တွေ တဖွားဖွား ပေါ်လာရပြန်သည်။

ထားလိုက်စမ်းကွာ။

ဒီကောင် ပြုတ်ကျပြီး ဓက်ကျိုး သေတော့လည်း ငါ့အတွက် အနှောင့်အယှက် ကင်းတာပေါ့။

ဟော … ဟိုကောင်က မှန်ပြောင်းနဲ့ အိမ်ထဲကြည့် ပြီး ဖုန်းလှမ်းဆက်နေပြီ။

နောက် အိမ်ရှေ့က တစ်ကောင်။ အဲဒီ နောက်တော့ လမ်းကွေ့နားက တစ်ယောက်။

ဟော … ဟော … လမ်းထဲကို ကားတစ်စင်း ဝင် လာပြီ။

ကားက မြင်ဖူးနေကျကား။

ကောင်မလေးဟာ ကားကို မလွှတ်မကင်း မောင်းလာ လိုက်တာ လမ်းလယ်ကောင်မှာ မလွှတ်တလွှတ် ရပ်နေတဲ့ ဟိုကောင့်သူငယ်ချင်းကို တိုက်မိတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်မလေး ကားမောင်းလာတာပဲ ကြာပြီ။ ဒီလောက်တောင် မကျွမ်းကျင်ဘူးလား။ ငါတော့ သတိပေးဦး မှာပါပဲ။

ဗဦးက အမြင်မတော်သည့် မြင်ကွင်းကို အသည်းယားစွာ ကြည့်နေရင်းက ဆက်တိုက်ဆိုသလို အတွေးနယ်ချဲ့နေဖြစ်သည်။

ဟင် ... အလို ...။

ဒါက ဘာပါလိမ့်။

ကြည့်နေဆဲမှာ ကောင်လေးက ကားနား ကပ်သွားကာ ချောစုဘေးမှာ ထိုင်နေသော နွဲ့နွဲ့အေး လက်ထဲကို တစ်စုံတစ်ခု ထည့်ပေးလိုက်သည်။

ပြီးတော့ ကားဆက်မောင်းလာတော့လည်း အဖြောင့်။

ချောစုရဲ့ကား ခြံထဲမောင်းဝင်လာလျှင် ဗဦးက သံသယစိတ်တွေ၊ သိလိုစိတ်တွေ တော်တော် ကြီးထွားလာနေပြီ။

ကားပေါ်က ကောင်မလေးတွေ ဆင်းလာပြီးလျှင် အိမ်ထဲ ချက်ချင်း မဝင်သေးဘဲ ကားနားမှာ ရုံးစုရုံးစု။





ဆယ်မိနစ်လောက် ခေါင်းချင်းဆိုင်နေကြပြီးသော် အိမ်ထဲ ဝင်လာပြန်တော့လည်း တစ်ခုခုကို စိတ်မလုံသလို လိမ်ဘည်ဖြည်။

"ဟယ် ... ချောစု ... နွဲ့အေး ... နင်တို့ကလည်း"

အိမ်ထဲက သမီး ပြေးထွက်သွားလျှင် ချောစုက ခံတစ်မျိုး လုပ်ပြသည်။

ဒါဟာ ဘာအဓိပ္ပာယ်လဲ သေသေချာချာ မသိပေမဲ့ အချက်ပြဆက်သွယ်မှုတစ်ခုဆိုတာကိုတော့ ဗဦးက သိသည်။

သေချာပြီ။

ဒီကောင်မလေးတွေ မှောင်ခိုပစ္စည်း တစ်ခုကိုတော့ အိမ်ထဲ သယ်ဆောင်လာပြီ။

ဗဦးက ဘယ်လိုမှ သည်းမခံနိုင်တော့စွာ ရပ်နေရာမှနေ ဝုန်းခနဲ ခွာကာ အိမ်အောက် ပြေးဆင်းခဲ့တော့သည်။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



"ပေးစမ်း ... အဲဒါ ဘာလဲ"

"စိန်တံဆိပ်ခေါက်ဆွဲ ... အဲလေ ... ဘာမှ မဟုတ်ပါဘူး အန်ကယ်"

နွဲ့နွဲ့အေးက ယောင်ပြီး ပြောလိုက်သေးသည်။ လက်ကိုလည်း ဆတ်ခနဲ နောက်ပြန်ရုပ်ပစ်လိုက်သည်။

အားလုံးရဲ့ မျက်နှာတွေဟာ ဆီးကင်းလောက်ကျန်တော့လောက်အောင် ညှိုးညှိုးငယ်ငယ်ကလေးတွေ ဆင်တူ

ကိုယ့်သူငယ်ချင်းတွေရဲ့ မျက်နှာကို တန်းစီအကဲခတ်ကြည့်လိုက်ပြီးလျှင် ပန္နသီကလည်း သူတို့နဲ့ ဆင်တူ မျက်နှာမျိုးလေး လုပ်ထားလိုက်ပါသည်။





"ဘာ ... ဘာမှ မဟုတ်ရမှာလဲ၊ ငါ အားလုံး မြင်တယ်၊ မင်းတို့ ဟိုးလမ်းမလယ်ကောင်မှာ စာပေးစာယူ လုပ်နေကတည်းက တွေ့တာ"

"ဟို ... အန်ကယ် ... ဘယ်လို လုပ်ပြီး"

နွဲ့နွဲ့အေးက မျက်လုံးလေးပြူးကာ ထစ်ငေါ့ ထစ်ငေါ့ ဆေး မေးသည်။

ချောစုကတော့ ခေါင်းကြီးငုံ့က လက်ချောင်းလေးဆွဲချင်း လိမ်နေသည်။

သက်သက်တင်က တောင်ငေး မြောက်ငေးလိုလိုနှင့် မျက်နှာလွှဲထားသည်။

လဲ့သန့်စင်မောင်က နွဲ့နွဲ့အေး နောက်နားမှာ ကွယ်ကာ ခေါင်းလေးကွယ်ပြီး တချောင်းချောင်း။

အဆိုးဆုံးကတော့ သမီးရဲ့ မျက်နှာ။

ကမ္ဘာပေါ်က ပျက်လွန်းလို့ ပြင်မရနိုင်တော့သော မျက်နှာတွေ အားလုံး စုပေါင်းလိုက်လျှင်တော့မှ သမီးရဲ့ မျက်နှာကို မမီနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ရှင် ... ဖေဖေ"

"ပေးစမ်း သမီး၊ သမီးတို့ လက်ထဲကစာ အခု ထုတ်ပေးစမ်း"

"ဟိုဒင်း"

"ဖေဖေ့စကားကို နားမထောင်ဘူးလား သမီး"

"ဟုတ်ကဲ့ ဖေဖေ၊ ပေးပါ့မယ်၊ ဟဲ့ ... နွဲ့အေး ... ပေးလိုက်တော့"

အရေးထဲ နွဲ့နွဲ့အေးက လိုအပ်တာထက် ပိုပြီး တွက်ကပ်နေသေးသည်။

လက်ထဲ စာရောက်လာလျှင် ဗဦးက အိတ်ကို ဖြဲခနဲ ဖြဲဆုတ်ကာ အလျှင်အမြန် ဖတ်လိုက်သည်။

"ချစ်တဲ့ ပဒ္ဒ ..."

တောက် ...။

ငါ့သမီးကိုများကွာ။ ရာရာစစ။





ကိုယ့်တုန်းက ရည်းစားစာကို ဘယ်လိုဘယ်ပုံ ပေးခဲ့သည် ဆိုတာတွေကို ထားလိုက်တော့။

ကိုယ့်သမီးကို ကောင်လေး တစ်ယောက်က ချစ်သလေး ကြိုက်သလေး လုပ်လာတာကိုတော့ ဗဦးက ဘယ်လိုမှ သည်းမခံနိုင်ချေ။

"ပဒ္ဒရဲ့အဖေ ကိုယ့်ကို ဘာကြောင့် သဘောမကျရသလဲ ဆိုတဲ့ အကြောင်းကို ကိုယ် စုံစမ်းလို့ရပြီ"

အောင်မာ။

သဘောမကျတာ မင်းဟာ မင်း ဖြစ်နေလို့ပဲပေါ့။

"တကယ်တော့ ကိုယ့် ဖေဖေနဲ့ မေမေနဲ့ ပဒ္ဒရဲ့ ဖေဖေ ကြားမှာ အတိတ်ဇာတ်လမ်းဟောင်းတွေ ရှိခဲ့ဖူးတယ်"

အလို ...။ ဒီကောင် ဒီလောက်အထိတောင် သိနေတယ်ပေါ့လေ။

စာကို ခဏရပ်ပြီး သမီးကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကတော့ စာထဲမှာ စိတ်ဆိုးလောက်စရာ ဘာအကြောင်းတွေများ ရေးထားသလဲလို့ စိုးရိမ်ပူပန်နေသည့် ဟန်နှင့်။

"ပဥ္စ မေမေက ကိုယ့် မေမေကို မုန်းနေတာပဲ ဖြစ်မယ်၊ အမှန်က ဒါဟာ ဆိုးဝါးလှတဲ့ ကံကြမ္မာရဲ့ လှည့်စားမှုပဲ ဆိုပါတော့"

ဖတ်ရင်း ဖတ်ရင်း ဗဦးက စိတ်ဝင်စားလာသည်။

ဒီကောင့်စာက သမီးဆီ လွမ်းကြောင်းဆွေးကြောင်း တွေ ကြွေချထားသည့်စာမှ မဟုတ်ဘဲ။

အတိတ်ဇာတ်လမ်းတစ်ခုကို ပြန်ရေးထားတာ။ အတိ အကျ ပြောရမည်ဆိုလျှင်တော့ သူကိုယ်တိုင်တောင် မသိခဲ့သော သူ့ဘဝရဲ့ ဟိုဘက်တစ်ခြမ်း။

ဖတ်ရင်း ဖတ်ရင်း ဗဦး ရင်ထဲက တလှပ်လှပ် လှုပ်ရှားလာသည်။



သူ့ လုံးဝ မသိခဲ့သော ကံကြမ္မာရဲ့ တစ်ဖက်ခြမ်းမှာ မေဟာသီ တစ်ယောက် ဖြစ်ပျက်ခဲ့သမျှကို အနှစ်,နှစ်ဆယ်နီးပါး ကြာကာမှ မထင်မှတ်သော နည်းမျိုးနဲ့ သိလိုက်ရခြင်းပါတကား။

❁ ❖ ❁

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဖေနဲ့ သူစိမ်းမိန်းမတစ်ယောက် ဖုန်းပြော နေတာကို စိတ်ရှည်သည်းခံပြီး စောင့်နားထောင်ဖို့ဆိုတာ အတော် ခက်ခဲသော အလုပ်ပါပဲ။

တကယ်လို့သာ ဖေဖေ့ရဲ့ ရည်းစားဟောင်းဟာ ဒေဇီရဲ့ အမေ ဒေါ်မေဟာသာ မဟုတ်ခဲ့ဘူးဆိုလျှင် ပဥ္စက ဒီကိစ္စ ကို စိတ်ဝင်တစား ပါဝင်ဆောင်ရွက်နေဖို့ မရှိ။

သနားစရာကောင်းလှသောမေမေဟာ သူ့ယောက်ျား ရည်းစားဟောင်းနဲ့ ဖုန်းပြောနေမှန်းလည်း မသိရှာ။





သာမန်အချိန်မှာဆိုရင်တော့ ပဥ္စသီဟာ မေမေ့ဘက် က နာကာ ချက်ချင်းပဲ ဝင်ရှုပ်မိမည်။

ဒီအချိန်မှာတော့ ဘာမှ မသိသလို ကုပ်ကုပ်ကလေး။

အင်း ...။ ဒါကြောင့်လည်း လူတွေဟာ ကိုယ့်အတ္တ နဲ့ ယှဉ်လာရင် တခြားဘာကိုမှ ဦးစားမပေးတတ်တော့ဘူးလို့ ပြောတာပေါ့။

ပဥ္စသီက ဒီဘက်မှာ တစေ့တစောင်း အကဲခတ်ကာ အဖေ့ ပြောစကားတွေကို မလွတ်အောင် အသံဖမ်းယူနေချိန်မှာ အခြားဘက်ကလည်း ဒေဇီက သူ့အမေကို အသည်းယား၊ အခံခက် စွာ စောင့်ကြည့်နေရပါသည်။

ဒေဇီမှာလည်း ပဥ္စသီ့လိုပင်။

ကိုယ့်အမေတစ်ယောက်လုံး ရည်းစားဟောင်းနဲ့ အဆက်အသွယ် လုပ်နေတာကို မကျေနပ်လှပေမဲ့ သည်းခံနေရတာ။

ကိုယ့်အကျိုးအတွက်။



www.burmeseclassic.com

www.burmeseclassic.com



အမေတစ်ယောက်လုံးကို အထိခိုက်ခံထားရတာဟာ တစ်ချိန်မှာ သူ့သမီးကို ပြန်ရဖို့ဆိုတော့လည်း သည်းခံဒကာကြီး၊ သည်းခံ။

"တကယ်တော့ ကိုယ့်ဘက်က အထင်လွဲခဲ့မိတာပါ"

"ကျွန်မဘက်ကလည်း အထင်လွဲစရာ ဖြစ်ခဲ့တာကိုး၊ ရှင် ချိန်းတဲ့နေ့မှာ ရောက်မလာတော့ ကျွန်မ အရမ်းစိတ်နာ သွားတာ၊ အဲဒါကြောင့် ဘာမှ မစဉ်းစားဘဲ ကိုဉာဏ်ကျော် ကို လက်ခံလိုက်တာ"

အမျှ အမျှ ဖေဖေရေ။

ဒီပွဲမှာတော့ ဦးဉာဏ်ကျော် ဆိုတဲ့ ဖေဖေဟာ ဇီလိန်လူကြမ်း၊ ပုဏ္ဏားကြီးသက်သက်ပဲပေါ့။

ဒေင်က ဖေဖေ့အစား စိတ်မကောင်းမိ။ ဒေါ်သ ကြီး သော်လည်း သားကိုတော့ ချစ်လှသော ဖေဖေဟာ မေမေနဲ့ ဒီစကားတွေကို ကြားလျှင် စိတ်မကောင်းဖြစ်ရှာပေမည်။





"ကိုယ်လည်း သာသာ့ကို စိတ်နာပြီး လူကြီးတွေ ပေးစားတဲ့ မိန်းမကို ယူလိုက်တာ"

ပဥ္စသို ကိုယ်လေး ဆတ်ခနဲ ဖြစ်သွားရသည်။

တစ်ခုခု ဝင်ပြောလိုက်ချင်ပေမဲ့ မပြောသာ။ လူကြီး တွေကြားက အခြေအနေတစ်ခု အဆင်ပြေသွားစေရအောင် စောင့် ကြည့်ပေးရဦးမည်လေ။

"ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်ထောင်ရေးက သာယာပါတယ်၊ ကိုယ့်ဇနီးဟာ မိန်းမကောင်း မိန်းမမြတ်ပါ"

တော်သေးတာပေါ့။ မေမေ့ကို သတိရဖော်ရပေ သို့၊

"ကျွန်မလည်း စိတ်ချမ်းသာခဲ့ရပါတယ်၊ ကိုဉာဏ်ကျော်က ရှင့်နဲ့ ပတ်သက်ပြီး သဝန်တိုတတ်တာကလွဲရင် ကျွန်မ အပေါ် အဘက်ဘက်က ကောင်းပါတယ်"

ဖေဖေရေ ...။

ဒါလေးတစ်ခုနဲ့ ပြေသာသွားတာခင်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုယ်တုန်းက ကိစ္စတွေ ထားလိုက်ကြစို့၊ ကလေးတွေ လက်ထက်မှာ ကျွန်မတို့လို မခံစားရအောင် ဘာလုပ်ပေးကြမလဲဆိုတာ စဉ်းစားရင်း မကောင်းဘူးလား"

အကောင်းဆုံးပဲ။

ဒီနေ့အဖို့ မေမေ ပြောတဲ့ စကားတွေထဲမှာ ဒါ အကောင်းဆုံးပဲ။

အစုမှ အပြစ်မှန်တွေ သိပြီး ပြန်ဆုံရတဲ့ ရည်းစားဟောင်းရဲ့ စကားကို ဗဦးကြီးဟာ လတ်တလောတော့ နားထောင်မှာပဲ။

ဒီအချိန်ဟာ သမီးရေးဆွေးနွေးဖို့ အကောင်းဆုံးလေ။

✿ ❖ ✿





လူကြီးတွေ တယောက်တစ်လှည့်စီ ပြောနေကြသော စကားတွေကို ကက်ဆက်တစ်လုံးစီနဲ့ ဖမ်းထားပြီး နောက်ထပ် ဘက်ဆက်တစ်လုံးထဲမှာ တစ်လှည့်စီ ပိတ်လိုက်ဖွင့်လိုက် ပြန့်လုပ်ဆေးလိုက်သည့်အခါ စကားပြော အပြည့်အစုံကို ရသည်။

သူငယ်ချင်းတွေကလည်း အကြောင်းစုံကို သိနေကြပြီဆိုတော့ ဖုံးကွယ်မနေတော့ဘဲ သူတို့ရှေ့မှာ ဖွင့်နားထောင်လိုက်ထားသည်။

"လူကြီးတွေက အခုလိုဆိုတော့ ဘယ်ဆိုးလို့လဲ၊ စည်းလုံးညီညွတ်ကြသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တော့ မလွယ်သေးဘူးဟ၊ လောလောဆယ် ငြိမ်းချမ်းရေးရသွားတာက ငါ့အဖေနဲ့ သူ့အမေ၊ တကယ့်ပြဿနာက သူ့အဖေနဲ့ သူ့အဘိုးဆီမှာ ရှိတာ"

"ကိုယ့် အဘိုးက အသက်လေးရလာတော့ ဒီလောက်မဆိုးတော့ပါဘူး။ အဖေကသာ ... အင်း ... အဖေကလည်း နောက်ဆုံးတော့ အမေ့စကား နားထောင်ရမှာပါလေ"

"ပဥ္စ ထွင်လိုက်တဲ့ အကွက်ကတော့ မိသွားတာပဲ"

"အင်းလေ ... ဒီကိစ္စ သိသိချင်း ဖေဖေ့ဆီ သွားပြီး ဒီလို ဒီလိုပါလို့ ပြောရင် လက်မခံချင်မှ လက်ခံမယ်၊ စိတ်မဝင်စားဘဲ အော်ချင်တောင် အော်ထုတ်ဦးမှာ၊ အခုလို လုပ်လိုက်တော့ ဖေဖေ ဘယ်လိုမှ စိတ်မဝင်စားဘဲ မနေနိုင်တော့ဘူး"

"ငါတို့ အိုက်တင်ကောင်းတာလည်း ပါ,ပါတယ်ဟာ"

"ဟုတ်တယ်၊ နင်တို့လေးယောက်စလုံး အိုက်တင်ကတော့ ဘာကောင်းသလဲ မမေးနဲ့၊ တကယ့်ကို သူ့ခိုးလူမိုက်





ဆတ်ဆတ်တုန်အောင် ကြောက်နေတဲ့ ပုံစံမျိုးနဲ့၊ အောင်မာ မိလဲ့ဆိုရင် နွဲ့အေး ကျောဘက်မှာ ပုန်းအောင်းပြီး မျက်လုံးလေးတစ်ဖက်တည်းနဲ့တင် သရုပ်ဆောင်တာ သိပ်ပီရိတာပဲ"

"ဟီဟိ"

လဲ့သန့်စင်မောင်က တခစ်ခစ် ရယ်သည်။

"ဒါတောင် နွဲ့အေးက ပေးလိုက်ပါတော့ဆိုတာကို အိုဗာအက် လုပ်ပြီး မပေးဘဲ နေလိုက်သေးတယ်"

"ငါက တန်ဖိုးရှိပါစေတော့ ဆိုပြီး"

"နောက်ပြီး ပြောလိုက်သေးတယ်လေ၊ စိန်တံဆိပ်ခေါက်ဆွဲတဲ့"

"အဲဒါကတော့ တကယ်ယောင်တာဟ၊ စိတ်ထဲမှာ လန့်ရမယ်၊ လန့်ရမယ် ဆိုတဲ့ အသိကြီးသွင်းပြီး သွားနေရင်း အန်ကယ်က ရုတ်တရက် မေးလိုက်တော့ လန့်ပြီး ဖြေလိုက်မိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ အဲဒါလည်း အသက်ပါတယ်၊ နင်တို့အားလုံး သရုပ်ဆောင်တာ ကွက်တိပဲ"

"နင်လည်း တော်တာပဲ၊ အန်ကယ် စာဖတ်နေတဲ့ အချိန်မှာ စိုးရိမ်ပူပန်တဲ့ မျက်နှာလေးနဲ့ ကြည့်ပေးနေတာလေ၊ အကွက်စေ့တဲ့ ဒါရိုက်တာတစ်ယောက် ခိုင်းတာကို အပြည့်အဝလုပ်ပေးနိုင်တဲ့ အကယ်ဒမီမင်းသမီးတစ်လက် အတိုင်းပဲ"

"အန်ကယ်ကြီးကတော့ ငါတို့ ပြဇာတ်အကြောင်းသာ သိရင် အတော့်ကို စိတ်ဆိုးရှာမှာပဲနော်"

"မတတ်နိုင်ဘူးလေ၊ ဒါမျိုးကလည်း မလုပ်လို့မှ မဖြစ်တာ"

"ဘာပဲဖြစ်ဖြစ် ငါတို့ဘက်ကတော့ တာဝန်ကျေသွားပြီ"

"ကျန်သေးတယ်လေဟာ"

"ဘာတုံး"

"ငါတို့အတွက် ဆုတောင်းပေးဖို့"





"အေး ... ဆုတောင်းဖို့ ဆိုရင်တော့ အလကားမရဘူး၊ ယူနန်အသားကင်ဆိုင်မှာ အသားကင် လိုက်ကျွေးမှ ရမယ်"

"ငါတို့ အဆင်ပြေရင် ကျွေးမယ်"

"ကတိနော်"

"တကယ်ကတိပေါ့ဟဲ့"

"ဝေး"

သူငယ်ချင်းတွေက ဝေးခနဲ အော်ကာ ၄၄ ကဲဝါးချင်း ခိုက်ကြလျှင် ပဥ္စသီနဲ့ ခေင်လည်း လက်ဝါးချင်းတော့ ရိုက်လိုက်ကြတာပင်။

ဒါပေမဲ့ သူတို့ အပျော်က ရာခိုင်နှုန်း မပြည့်သေးချေ။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီကောင့်ကို မျက်နှာချင်းမဆိုင်ချင်ဘူး"

"ဘာဖြစ်လို့လဲ၊ တကယ် လွန်ထားတာက ရှင်ပဲဟာ၊ သူ့မှာ ဘာအပြစ်ရှိလို့ ရှင်က မကြည့်ချင်ရတာလဲ"

ဒေါ်မေဟသီက မျက်နှာထား တင်းတင်းနှင့် ပြောလိုက်လျှင် ဦးဉာဏ်ကျော်က တစ်ချက် တွေသွားပါသည်။

မေဟသီဟာ စိတ်နုနု၊ ခပ်အေးအေး နေတတ်သည့် အမျိုးသမီးတစ်ယောက်မို့ မျက်နှာထားတည်တာ၊ တင်းတာဟာ ရှာပါးလှသည်။





ရှားရှားပါးပါး မျက်နှာတည်ပြီ၊ တင်းပြီဆိုရင်လည်း ပြတ်သားတော့မည်ဆိုတာ သိသာထင်ရှားလာမြဲ။

မေဟသီ၏ ပြတ်သားလာမှုကိုတော့ ဉာဏ်ကျော်က ကြောက်သားပင်။

တကယ်တော့ သူ့ဘဝတစ်လျှောက်လုံးမှာ ဗဦးကို လှုလည်ကျပြီး မေဟသီကို လိမ်ညာလိုက်မိကတည်းက ဘယ်တော့များ သူခံရသည့်အလှည့် ရောက်လာမလဲလို့ တထိတ်ထိတ် နေခဲ့ရတာ။

မေဟသီ သူ့ကို ဘယ်အချိန်မှာ စိတ်ပျက်သွားမလဲ၊ ဘယ်အချိန် ပစ်သွားမလဲဆိုတာ ဉာဏ်ကျော်ကို နေ့စဉ်နဲ့အမျှ နှိပ်စက်နေသည့် အတွေးဆိုးကြီးပင်။

အခုတော့ သူ့အတွက် ပိုပြီး စိတ်ပူစရာ ဖြစ်လာပြီ။

ဗဦးက ပြန်ပေါ်လာခဲ့ပြီလေ။ မေဟသီနဲ့လည်း အဆက်အသွယ် ပြန်ရပြီ။ အတိတ်က အငြိုးအတေးတွေလည်း ပေါ်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဗဦးရဲ့ မိန်းမဆိုတာက ထားရာနေ စေရာသွားရမည့်
တကာယ့် ရုပ်သေးရုပ်။

ဒီလိုအချိန်မှာ သူတို့နှစ်ယောက် အချိန်မရွေး ပြန်
လည်သင့်မြတ်သွားနိုင်သည်။

ကိုယ့်ဘက်က တင်းမာပြတ်သားမှုဟာ မေဟသီ
ကို တခြားဘက်သို့ တွန်းပို့လိုက်နိုင်သည်။

ဒီတော့ သူ့အနေနဲ့ အတတ်နိုင်ဆုံး သည်းခံခွင့်
လွှတ်ဖို့၊ ပြေပြစ်လိုက်လျောဖို့ လမ်းကိုပဲ ရွေးရတော့မှာပေါ့။

ဆိုးဝါးလိုက်တဲ့ အဖြစ်ကွာ။

ကိုယ် ချစ်နေသည့် မိန်းကလေး (နောက်တော့
ကိုယ့်ဇနီး)ရဲ့ မေတ္တာတွေကို သိမ်းကျုံး အပိုင်စားရထားသော
ကိုယ့်အမုန်းဆုံးသတ္တဝါကိုမှ သွားတဖြဖြနဲ့ လက်ဆွဲနှုတ်ဆက်
ရဦးမည့်အဖြစ်။

ဒီလိုမှ မလုပ်ရင်လည်း ကိုယ့်မိန်းမရဲ့ မေတ္တာ
အကြင်နာတွေဟာ လမ်းကြောင်းပြောင်းပြီး စီးဆင်း၊ချင် စီးဆင်း
သွားနိုင်သေးသည်။





တောက် ...။

အရင်းစစ်လိုက်တော့ ဒီပြဿနာရဲ့ အခြေခံဟာ
ဟိုအကောင်။

သင်းသာ ရှည်ကြောပြီး ဗဦးရဲ့ သမီးနဲ့ မပတ်သက်
ခဲ့ဘူးဆိုလျှင် ဟိုကောင့်မျက်နှာကြီးကို နောက်တစ်ကြိမ် ထပ်ကြည့်
ရာအကြောင်း မရှိ။

အခုတော့လည်း ချစ်လှစွာသော သားနှင့် မြတ်နိုး
လှပါသော ဇနီးသည်အတွက် ကိုယ့်ရဲ့ ဒေါသတွေကို မျိုချ။
မျိုချ။

ဦးညာဏ်ကျော်က ထမင်းနင်သော သူ့ဖုန်းစားမျက်နှာ
ကြီးနဲ့ ဒေါ်မေဟသီရဲ့ တောင်းဆိုချက်ကို မသက်မသာပဲ လက်ခံ
လိုက်ရလေသည်။

❁ ❖ ❁



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပွဲလို့လည်း ခေါ်လို့မရ။ လူကြီးချင်း မြန်းကြသည့်သဘောလည်း မဟုတ်ဘဲ၊ ကလေးနှစ်ယောက်ကို အကြောင်းပြုကာ တစ်ဖက်နဲ့တစ်ဖက် မျက်နှာချင်းဆိုင်လို့မရကြသည့် လူကြီးတွေရဲ့ စစ်ပြေငြိမ်းရေး တွေ့ဆုံပွဲလို့ပဲ ပြောရတော့မည်။

ထိုပွဲမှာ ဦးဗဦးရဲ့ မိဘတွေကတော့ ကွယ်လွန်သွားကြပြီမို့ ပါမလာပေမဲ့ ဦးပညာကြီးကတော့ အမိန့်သား။

ဦးဉာဏ်ကျော်ကတော့ မျက်နှာအောက်သိုးသိုးနဲ့ ဘယ်သူ့ကိုမှ မကြည့်ဘဲ နံရံဖြူဖြူကိုသာ ရှေ့ထွက်တော့မည့် အလား စိုက်ကြည့်လို့။





နှစ်ပေါင်းများစွာ ခွဲခွာခဲ့ရသော ချစ်သူဟောင်းတွေဖြစ်သည့် ဦးဗဦးနဲ့ ဒေါ်မေဟသ်ာတို့ကတော့ အရင်လို ကလေးကလား ရင်ခုန်ခြင်းတွေ မရှိတော့ပေမဲ့ ရှိုးတိုးရှန့်တန့်။

ဦးဗဦးရဲ့ ဇနီးကတော့ ဘာကိုမှ မသိနားမလည်သော အရိုးခံမျက်နှာလေးနဲ့။

ဒေဝင်နဲ့ ပဥ္စသီတို့ နှစ်ယောက်သားမှာတော့ လူကြီးတွေ ဘယ်တော့ ထပေါက်ကွဲမလဲ။ ဘယ်လို ပြေလည်သွားမလဲဆိုတာ စိုးတထိတ်ထိတ်နဲ့ မျက်နှာလေးတွေ ငယ်လို့။

"ဒီနေ့ပွဲမှာ ငါက အသက်အကြီးဆုံးဆိုတော့ ငါပဲ စ ပြောမယ်၊ ဟိုးအရင် ခေတ်အဆက်ဆက်က ငါတို့ ပြိုင်ခဲ့ဆိုင်ခဲ့ မုန်းခဲ့ တေးခဲ့တာတွေက ကလေးဆန်လွန်းပါတယ်ကွာ၊ ထားလိုက်ကြပါစို့"

အောင်မယ်။ သူ့သမီးကလေးတစ်ယောက်အရွယ်ရောက်တော့မှပဲ ကလေးဆန်မှန်း သိသတဲ့။ သိလိုက်ပါတော့လား အခက။

www.burmeseclassic.com



ဗဦးက ပက်ခနဲ ပြန်တွေးမိပြီးမှ မတွေးကောင်းပါဘူးလေလို့ ကိုယ့်စိတ်ကိုယ် ပြန်ထိန်းရသည်။

"အခု ကလေးတွေကိစ္စ ငါကတော့ ကန့်ကွက်ဖို့ မရှိဘူး၊ ကဲ ... မောင်ကျော် ... မင်းပြော"

တရားရနေတာတောင် ကြောချင်သေးတဲ့ ဦးပညာ၊

သူ ပြောချင်တာ ပြောပြီး အိမ်ရှင်ဖြစ်သည့် ဗဦးကို အလှည့်မပေးဘဲ သူ့သမက်ဘက်ကို အလှည့်ပေးလိုက်သည်။

ဟင်းနော် ... သည်းခံ။

ကိုယ်က ဝင်ပြောလျှင်လည်း အိမ်ရှင်မို့ ရှိန်းရာကျဦးမည်။ မေဟသ်ာ ရှေ့မှာလည်း မျက်နှာပျက်ရဦးမည်။

"ကျွန်တော်ကတော့ ဘာမှ ပြောစရာမရှိဘူး၊ အားလုံးရဲ့ သဘောပဲ"

"သမီးကရော"

"သမီးက သဘောတူပါတယ်၊ သားနဲ့သမီးလေး စိတ်ချင်း သာဖို့က အဓိကပဲဟာ၊ လူကြီးတွေရဲ့ သဘောထားက သိပ်အရေးမကြီးပါဘူး၊ မခင်မေနဲ့ ကိုဗဦးတို့ကရော"





ပါးနပ်သည့် မေဟသ်ာက သူမအလှည့်ရသခိုက် ဗဦးဆီ တစ်ဆင့် လက်ကမ်းလိုက်သည်။

ထိုနေရာမှာ ဗဦး တစ်ယောက်တည်းကို မေးလျှင် အရုပ်ဆိုးသွားမှာ စိုးတာမို့ ဗဦးရဲ့ဇနီးကိုပါ တွဲခေါ်လိုက်တာ။

"ကျွန်မကတော့ သမီးသဘောအတိုင်းပါပဲရှင်"

ဒီတစ်ခါတော့ ကိုယ့်အလှည့်ရောက်ပြီ။

ဗဦးက စိတ်ထဲက ကြုံးဝါးလိုက်ကာ ကိုယ့်ဘက်က အသာစီးရပြီး တစ်ဖက်ကိုတော့ ပညာသားပါပါ ထိုးနှက်မည့် စကားလုံးမျိုးကို စဉ်းစားနေပြီးမှ ...

"ဟော့လူ ... ဟော့လူ ... ဉာဏ်ကျော် ... ကိုဉာဏ်ကျော်၊ ခင်ဗျား ခုံကနေ အခုချက်ချင်း ထစမ်း"

အခန်းထောင့်မှာ ခပ်ငြိမ်ငြိမ် ထိုင်နေသော ဦးဉာဏ်ကျော်က ဦးဗဦးများ သူ့ကို စိန်ခေါ်လိုက်ပြီလားလို့ ထိုင်ရာက ခန်းခနဲ ထ,ရပ်ပစ်လိုက်သည်။

အံကိုက်ကွက်တိပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးညာဏ်ကျော် ခုံက အထ,လိုက်မှာ သူ ထိုင်နေခဲ့သော ခုံပေါ်သို့ ဘတ်ခနဲ အသံကျယ်ကြီးနဲ့အတူ အိမ်မြှောင်နှစ်ကောင် လုံးထွေးပြုတ်ကျသွားတော့သည်။

"ဟိုဒင်း ... ကျွန်တော် စကားပြောတော့မလို့ အလုပ်မှာ အိမ်မြှောင်နှစ်ကောင် သတ်ရင်းနဲ့ ပြုတ်ကျတော့မှာ မြင်တာနဲ့ အော်လိုက်ရတာ"

သူ့ကို ဦးဗဦးက စိန်ခေါ်သည်အထင်နှင့် ပြန်ချတော့ဖို့ လက်သီးဆုပ်ပြင်ထားသော ဦးညာဏ်ကျော်က ခပ်ရှက်ရှက်နဲ့ တခြားခုံတစ်လုံးမှာ ပြောင်းထိုင်လိုက်သည်။

"မင်းကတော့ အမြင်မတော်တာတွေ့ရင် မနေနိုင်တဲ့ အကျင့်က မပျောက်ဘဲကိုးကွ"

ဦးပညာကြီးက ဗဦးကို ကြည့်ကာ ခပ်မဲ့မဲ့ မှတ်ချက်ချလေသည်။





မကြာခင်မှာ စေ့စပ်ပွဲကျင်းပခွင့် ရလိုက်သော ခင်နဲ့ ပဥ္စသီတို့ ချစ်သူနှစ်ယောက် အတွက်ကတော့ ကမ္ဘာလောကကြီးဟာ ဒီလောက် ပျော်စရာကောင်းတာ မရှိနိုင်တော့ချေ။

"တကယ်တမ်းကျတော့ ယောက္ခမလောင်းကြီးက သဘောကောင်းသားပဲနော်"

"ဟင်းနော် ... ခင် ... ပြောင်ချော်ချော်လုပ်မနေနဲ့၊ ရှင့်အလှည့်ကျမှ ကိုယ့်သမီးကို လာပိုးတဲ့ကောင်လေးတွေကို သည်းခံနိုင်ဖို့ စဉ်းစား"



www.burmeseclassic.com

"ကိုယ့်တုန်းက သူများသမီး ယူထားတာပဲ၊ ကိုယ့်အလှည့်ကျလည်း သိတတ်မှာပါ၊ ခေင်ကတော့ ပုံစံတစ်မျိုးတည်းနဲ့ပဲ နေမှာ"

"ဟွန့် ... မေမေ့ကိုကျတော့ အမျိုးမျိုး ပြောင်းလဲတတ်တယ်လို့ ဝေဖန်ချင်တာပေါ့လေ"

"ဒါက ကိုယ့် ဝေဖန်တာ မဟုတ်ဘူး၊ ပဥ္စပဲ ပဥ္စမေမေက စရိုက်နှစ်မျိုးလို့ ပြောတာလေ"

ကိုယ်တိုင်က အတင်းတုတ်ထားခဲ့မိတာမို့ ပဥ္စသီက ခေင့်ကို ပြုံးပြုံးလေးပဲ ကြည့်နေလိုက်ရလေသည်။

● ◆ ●





၈

လူတစ်ကိုယ် စရိုက်တစ်မျိုး ဆိုတဲ့ ဆိုရိုးစကားရှိပေမဲ့ ဗဦး တဖြစ်လဲ ဦးဗဦးကတော့ စရိုက်နှစ်မျိုး ရှိသူလို့ အားလုံးက ပြောကြပါတယ်။

ကိုယ်လိုချင်ခိုက်မှာ ပုံစံတစ်မျိုး၊ ကိုယ်က ပေးရတော့မယ်ဆိုတော့ ပုံစံတစ်မျိုးနဲ့ မျက်နှာအမျိုးမျိုး အဖုံဖုံ ပြောင်းတတ်သော လူသားတစ်ယောက်အဖြစ်နဲ့ပေါ့။

သို့သော် အဲဒီဆန့်ကျင်ခြားနားသော လူနှစ်ယောက်ကို ဆက်သွယ်ပေးထားသော သံနန်းကြိုးမျှင်လိုပဲ အလွန်သေးငယ်သလောက် အလွန်ခိုင်မာသည့် ကြိုးတစ်ချောင်းဟာ ကာယကံရှင်ကိုယ်တိုင်တောင် မသိဘဲ ရှိနေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြိုးကတော့ အမြင်မတော်တာ တွေ့လျှင် ဘယ်လိုမှ မနေတတ်သော ဗဦးရဲ့ ဗီဇစရိုက်ပင်တည်း။

အခုလည်း ဓာတ်လိုက်ကျော်ကြီး ဦးဗဦးတစ်ယောက် တစ်ဦးတည်းသော ချစ်သမီးလေးရဲ့ စေ့စပ်ပွဲမှာ သမီးကို ချစ်သည့် ဖခင်ပီပီ တိုတွာဝမ်းနည်းရင်း အမြင်မတော်စရာတွေကို တစ်ခုမှ မလွှတ်ရအောင် လက်ညှိုးတထိုးထိုးနဲ့ ဝေဖန်ပြုပြင်လျက် ရှိနေလေတော့သည်။

ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)
10:20 P.M
28. 3. 2004.
SUNDAY.



www.burmeseclassic.com